www.burmeseclassic.com

# လရောင်ကိုပန်၍ ညဥ့်ယံ၌လည်း

# မွှေးမြဲမြဲမြူစေနိုင်စေ




## တာရာမင်းဝေ

www.burmeseclassic.com

## ‘လရောင်ကိုပန်၍ညဥ့်ယံ၌လည်းမွှေးမြဖြူစင်နိုင်စေ’

“ရှင် .. တကယ်ဖြေနိုင်မှာလား”
“အင်း … ဖြေနိုင်မယ်လို့ ထင်တာပဲ”
“ထင်ရုံတင်ပဲလား … ကိုယ့်ကိုယ်ကို မယုံကြည်ဘူးလား”
“တချို့ကိစ္စတွေက ကိုယ့်ကိုယ်ကို ယုံရရုံနဲ့ မပြီးဘူးဗျ၊ တစ်ဖက်သားကို ယုံရဖို့လည်းလိုသေးတယ်”
“အောင်မာ”
ကောင်မလေး၏ရယ်သံက မခံချိမခံသာထွက်လာသည်။ ဖုန်းခွက်မှာမျက်နှာကပ်ထားရင်း ကောင်လေးပြုံးမိသည်။
“ရှင်က ကျွန်မကိုမယုံဘူးပေါ့ ဟုတ်လား ..”
“အဟဲ .. အဲလိုလည်းမဆိုလိုသေးပါဘူး”
“ထားပါတော့ .. ရှင့်ကို ကျွန်မက နည်းနည်းတော့ ပညာစမ်းရဦးမယ်၊ ရှင့်မှာ အမှန်တကယ် ဖြေနိုင်စွမ်းရှိမရှိပေါ့”
“ဩော် .. အဲလိုလား ၊ ရတယ်လေ၊ကြိုက်တာမေး”
“ကောင်းပြီ … ကျွန်မက ရှင့်ကို မေးခွန်းနှစ်ခုစီ တွဲတွဲမေးမယ်၊ ရှင်က အဲဒီမေးခွန်းနှစ်ခုလုံးအတွက် အကြုံးဝင်မယ့် အဖြေတစ်ခုတည်းကိုပဲပေးရမယ်”
“ဗုဒ္ဓေါ ..”
ကောင်လေး အလန့်တကြားရေရွတ်မိ၏။
ကောင်မလေးက မြင်မည်မဟုတ်သော်လည်း သေသေချာချာကို သူမျက်လုံးပြူးသွားရလေသည်။ ကောင်မလေး၏ စကားသံက ဖုန်းခွက်ထဲမှာခပ်စွာစွာထွက်ပေါ်လာသည်။
“ဘာလဲ …ရှင်လန့်သွားပြီလား၊ ဒါတောင် အစမ်းမေးခွန်းကလေးတွေပဲ ရှိသေးတယ်”
အညံ့ခံလိုက်၍ မဖြစ်သောကြောင့် ကောင်လေးက ကျောကိုဆန့်ပြီး မတ်မတ်ထိုင်လိုက်သည်။ ဖုန်းခွက်က နားနှင့် တည့်လျှင် ပါးစပ်နှင့် မတည့်။ ပါးစပ်နှင့်တည့်လျှင် နားနှင့်မတည့်ဖြစ်နေသည်။
“ရတယ်လေ .. ကြိုက်သလိုမေးလို့ ပြောထားပြီးသားပဲ၊ဖြေရမယ့်နည်းစနစ်ကိုတောင် ရှင်းပြလိုက်ဦးမယ် .. ဟဲဟဲ”
“နည်းစနစ်ဟုတ်လား၊ လေက ထွားလိုက်တာ”
“ခင်ဗျားမယုံဘူးလား၊ မေးခွန်းနှစ်ခုလုံးအတွက် အကြုံးဝင်အောင်အဖြေတစ်ခုတည်းပေးရမယ်ဆိုတော့ Convergence Thinking ကိုသုံးရမယ်ဗျ၊မြန်မာလို စကားလုံးဖလှယ်ရမယ်ဆိုရင်တော့ ‘ဗဟိုစုစည်းတွေးခေါ်မှု’ပေါ့ဗျာ .. ဟဲဟဲ”
“ဖြေနိုင်မှ ကြွားပါ၊ ကဲ .. စမေးတော့မယ်”
“ရတယ်လေ … စောင့်နေတာကြာပြီ”
မိန်းကလေးက စ,ရသည်ဖြစ်သောကြောင့် ကိုယ့်တန်ဖိုးက အတော်တက်နေပြီပဲဟု စပ်ဖြီးဖြီးနှင့်တွေးမိသေးသည်။ တစ်ဘက်မှကောင်မလေးရဲ့ မျက်နှာကိုလည်း မြင်ယောင်ကြည့်နေမိ၏။ သူ့လိုမျိုး စပ်ဖြီးဖြီးမဟုတ်နိုင်တာတော့ သေချာသည်။
“ကဲ … ပထမ မေးခွန်း စမေးပြီ”
“စ”
“တချို့ရောဂါသည်တွေက အသားမစားဘူး၊ တချို့အဆိုတော်တွေက သီချင်းမဆိုဘူး”
“ဘာဖြစ်လို့လဲ ..”
“အဲဒါ … ကျွန်မက ရှင့်ကိုမေးနေတာရှင့်၊ ရှင်ဖြေရမယ့် အဖြေ”
နားတောင်အူထွက်သွားမလား အောက်မေ့ရသည်။ တစ်ဘက်မှ ကောင်မလေး၏တုံ့ပြန်သံက ဖုန်းကြိုးတစ်လျှောက် ပိသာလေးလိုပျံသန်းလာခြင်းဖြစ်သည်။
“တိုးတိုးပြောပါဗျ …ဖြေဆိုလည်းဖြေရမှာပေါ့”
“ဖြေ”
“ရောဂါသည်တွေ အသားမစားတာရော ၊ အဆိုတော်သီချင်းမဆိုတာရောက ဘာများခက်စရာရှိလို့လဲဗျာ၊

www.burmeseclassic.com

www.burmeseclassic.com

လွယ်လွယ်လေး"
"လွယ်ရင်ဖြေလေ .. ဘာဖြစ်လို့လဲ"
"လည်ချောင်းနာနေလို့ပေါ့"
"ဟင်း .."
ကောင်မလေးရဲ့ မကျေမချမ်းသံလေးက ချစ်စရာကောင်းလှသည်။ အဖြေတစ်ခု မှန်သွားပြီမှန်း သိလိုက်ရ၍ ကောင်လေးပြုံးတော့ ပြုံးမိသည်။ သို့သော်လည်း အပြုံးက ပီပြင်သည်တော့မဟုတ်လှသေး။ တစ်မှတ်တန် အပြုံးကို ပြုံးရမည်လား၊ အမှတ်နှစ်ဆယ်တန်အပြုံးကိုပြုံးရမည်လား၊ မကွဲပြားသေးသောကြောင့်ဖြစ်သည်။
"နောက်တစ်ခုမေးမယ်"
"ဖြေဖို့စောင့်နေတယ်"
"ခွေးတွေကလည်း အရမ်းဟောင်တယ်၊ အဖိုးအိုကလည်း လူးလိမ့်နေတယ်၊ ဘာဖြစ်လို့လဲ"
"အဲဒီအဖိုးအို အိပ်မပျော်လို့ပေါ့ဗျာ၊ ဒါများ ..."
"ရှင်က အလာကြီးပဲ"
"ပျင်းတောင်ပျင်းသေးတယ်၊ ဒီမေးခွန်းတွေလောက်တော့"
"တစ်ချို့သူဌေးတွေ စီးပွားပျက်သွားတယ်၊ တချို့ဆိတ်တွေ ဒဏ်ရာရလာတယ်၊ အဲဒါကရော ..ဘာဖြစ်လို့လဲ"
"ကစားလိုက်မိလို့ပေါ့ဗျ"
"ဘယ်လိုကစားတာလဲ"
"သူဌေးကသူဌေးလိုကစားပြီး .. ဆိတ်က ဆိတ်လိုကစားတာဗျ"
"ခစ်"
ကောင်မလေးကရယ်လေသည်။
"ဘာလဲ .. မှားလို့လား"
"မမှားပါဘူး .. ရပါတယ်၊ နောက်တစ်ခု ဆက်ဖြေကြည့်ပါ"
"ပြောလေ .."
"ကျွန်မကရော ဘာကိစ္စရှင့်ကို ဖုန်းထဲကနေ ပဟေဠိ အမေးအဖြေလုပ်ရမှာလဲ၊ ရှင်ကရော ဘာကိစ္စ ဖြေချင်ရတာလဲ"
"ဒါကတော့ဗျာ ... ဟဲဟဲ"
"မဟဲဟဲနဲ့လေ .. ဖြေ"
"ဟဲဟဲ ခင်ဗျားက ဘယ်လိုမြင်လို့တုန်း"
"ရှင်လူလည်မကျနဲ့လေ .. ဖြေလေ"
"ကျွန်တော်က ခင်ဗျားအမြင်သိချင်လို့ပါ၊ ကျွန်တော်ကပဲ ဖြေဆိုရင်လည်းဖြေရမှာပေါ့"
"ဖြေ"
"ခင်ဗျားကလည်း မေးချင်တယ်၊ ကျွန်တော်ကလည်း ဖြေချင်တယ်၊ ကျွန်တော်ကလည်း ခင်ဗျားအသံကိုနားထောင်ချင်တယ်၊ ခင်ဗျားကလည်း ကျွန်တော်နဲ့ စကားပြောချင်တယ်၊ ဟဲဟဲ .. ဖြေလို့ရပါတယ်၊ လူငယ်တို့ ဘာသာဘာဝပေါ့ဗျာ ဟဲဟဲ"
"အောင်မာ .. အောင်မာ"
တစ်ဘက်မှ ကြိတ်မနိုင် ခဲမရဖြစ်သွားသော အသံလေးကို ကြားရသည်။
"ခင်ဗျားဘာမှ မခံချင်မဖြစ်နဲ့လေ၊ ကျွန်တော်လည်းဖြေရတာ ရှက်တာပေါ့ဗျ"
"ရှင်နော် .. လုပ်လာပြန်ပြီ"
"ကျွန်တော်လည်း ခင်ဗျားက မေးလာလို့ ရှေ့မျက်နှာနောက်ထားပြီး ဖြေရတာပါဗျာ၊ ထားပါတော့ ... ကျွန်တော့်အကြောင်း မေးခွန်းနှစ်ခုလုံးအတွက် အကြိုးဝင်တယ် မဟုတ်လား"
အလိုမတူသော ဝန်ခံသံလေးကို တစ်လုံးတည်းကြားလိုက်ရသည်။
"ဟွန်း"
ကောင်လေးပြုံးနေမိပြန်သည်။ တစ်ဘက်မှ ကောင်မလေးရဲ့ အသံက အတော်နားထောင်၍ကောင်းသည်။ ပြောပုံဆိုပေါက်ကလည်း ချစ်စရာကောင်းသည်။ ရုပ်ရည်ကတော့ မည်သို့ရှိမည်မသိ။

www.burmeseclassic.com

www.burmeseclassic.com

"မဆိုးပါဘူး၊ ဒီလောက်ဉာဏ်သွားရင် ရှင်နဲ့ကျွန်မ အမေးအဖြေတွေဆက်လုပ်လို့ ဖြစ်နိုင်ပါတယ်"
"အိုကေ ... ခင်ဗျားကို ကျွန်တော်တစ်ခုမေးဦးမယ်၊ ကာလီဒါသလျှောက်ထုံးတွေထဲမှာလည်း အမေးနှစ်ခုကို အဖြေတစ်ခုတည်းနဲ့ ဖြေသွားတာတွေရှိတယ်၊ ခင်ဗျားအဲဒါတွေကို လေ့လာဖူးတယ်ထင်တယ်"
"ကျွန်မအကုန်လေ့လာဖူးတယ်၊ ကာလီဒါသတင်မဟုတ်ဘူး၊ အခြားပညာရှင်တွေပေါင်းစုံရဲ့ အမေးအဖြေတွေကိုပါ လေ့လာဖူးတယ်"
"ဟုတ်ပြီ ... အဲဒါဆိုခင်ဗျားကို ကျွန်တော်က တစ်ခုမေးချင်လို့"
"ဘာမေးမှာလဲ"
"အဲဒီကာလီဒါသ လျှောက်ထုံးထဲမှာပဲ ပါတာဗျ၊ ဘုရင်က ကာလီဒါသကို မေးတယ်လေ .."
"အင်း "
"ကြေးခွက်တွေက ဘာကြောင့်ပြောင်လက်တာလဲ၊ မိန်းမတွေက ဘာကြောင့်ညစ်ပတ်တာလဲတဲ့၊ အဲဒီမေးခွန်းကို ကာလီဒါသ ဘယ်လိုကြီးပြန်ဖြေသွားတာလဲဗျာ .... 'ပွတ်တိုက်လို့' တဲ့"
"ရှင်နော်"
"တိုးတိုးအော်ပါဗျ"
"အော်တယ်ဆိုကတည်းက ကျယ်ကျယ်အော်မှ ဖြစ်မှာပေါ့၊ တိုးတိုးဆို ဘယ်လိုလုပ်အော်လို့ရမှာလဲ"
"အဟဲ .."
"ကဲ .. အဲဒီတော့ နောက်ရက်တွေ ရှင်ကျွန်မကို ဒီအချိန်ဖုန်းဆက်"
"ဟုတ်ပြီ"
"တစ်အချက် ကျွန်မရဲ့အိမ်ကို ရှင်မစုံစမ်းရဘူး"
"ဟုတ်ကဲ့"
ပြောရတာ နှမြောလိုက်တာ။
"ကျွန်မနဲ့ လူချင်းတွေ့ဖို့ ရှင်မကြိုးစားရဘူး"
"ဟုတ်"
ပိုပြီး နှမြောမိရပြန်သည်။
"တချို့မေးခွန်းတွေအတွက် ကျွန်မက ရှင့်ကို ကန့်သတ်ထားမယ့်အချိန်ရှိတယ်၊ အဲဒီအချိန်အတွင်းမှာ ရှင်ရအောင်ဖြေရမယ်"
"စိတ်ချ .. ချက်ချင်းပြန်ဖြေမယ်၊ ကျွန်တော်က ယောကျ်ားလေးဗျ"
"ဘာဆိုင်လို့လဲ"
"ဆိုင်တာပေါ့၊ မိန်းကလေးတွေလို စဉ်းစားပါရစေဦးတွေ မလိုဘူး၊ ချက်ချင်းပြန်ဖြေမှာ .."
"အေးပါ .. တွေ့ကြသေးတာပေါ့ ဟဲဟဲ .."
သူ့ဘက်မှတော့ အတော်ပိုင်ပိုင်နိုင်နိုင်ရှိနေပုံရသည်။ နှာသီးဖျားကို လက်နှင့်ပွတ်နေရင်းကောင်လေးရဲ့ မျက်နှာမချိုမချဉ်ပြုံးလိုက်သည်။
ဒီကောင်မလေးကို ပညာပေးရပေဦးတော့မည်။
"ကဲ ... ဒါပဲ၊ ရှင့်ကိုရှင် ယုံကြည်ရင်နက်ဖြန်ခါဖုန်းပြန်ဆက်လိုက်ပါ"
တစ်ဘက်မှ ဖုန်းချသွားသံကို ဂလောက်ခနဲကြားလိုက်ရသည်။
ကောင်လေးလည်းသူ့ဖုန်းကိုပြန်ချရင်း ခြေကားရားလက်ကားရား အပျင်းဆန့်လိုက်သည်။ တယ်လီဖုန်းများလိုင်းပူးရာမှ ထိုကောင်မလေးနှင့်မတော်တဆ သိကျွမ်းခဲ့ရခြင်းဖြစ်သည်။ ပဋိပက္ခအသွင်ဆန်သော ဆက်ဆံရေးမှ သမူဟအသွင်ဆန်သော ဆက်ဆံရေးဆီ သူတို့ဦးတည်နေသည်။
အဟဲ ...
အဟဲ ... ဒီလိုနဲ့ပဲ၊
သူတို့နှစ်ယောက်
ကြိုက်သွားကြတော့မည် .....
ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

* * * * *

"ဟဲလို"
"အင်း ..ပြော ကျွန်မပဲ"
"မေးလေ"
"တော်တော်ဖြေချင်နေပြီလား"
"အင်း ... ဒီခေတ်က သုံးနှစ်သုံးမိုး စဉ်းစားရတဲ့ခေတ်မဟုတ်တော့ဘူး"
"ဟွန့် ... ခုနေတော့ လေသံက ခပ်တင်းတင်းပဲပေါ့လေ၊ မေးခွန်းတွေနဲ့ ကြုံမှ ဘယ်လိုနေမလဲဆိုတာ ကြည့်ကြသေးတာပေါ့"
"ကျွန်တော်ကလည်း ပြုံချင်ပါတယ်၊ မေးမှာသာ မေးပါတော့"
"ကဲ .. စမယ် .. ဒီလို"
"အင်း .."
"ရှင်က မြို့တစ်မြို့မှာ ရှင့်ချစ်သူကို သွားခိုးရမယ်"
"ဟေဟေ့ ..."
ကောင်မလေးရဲ့ စကားကြောင့် ကောင်လေး ပျော်သွားသည်။
"ဘယ်မြို့မှာလဲ"
"အင်း ... အဲဒီမြို့ကအရေးကြီးတယ်၊ မြို့နံမည်က အထူးအဆန်းမြို့တဲ့"
"ရော် ... အထူးအဆန်းမြို့ ..ဟုတ်လား"
"ဟုတ်တယ်"
"ကျွန်တော့်ရည်းစားကလည်းဗျာ၊ ဘာကိစ္စရှိုးရှိုးတန်းတန်းမြို့မှာ မနေရတာလဲ၊ ထားလိုက်ပါတော့ ဆက်ပြော"
"အဲဒီမြို့ပြင်နားကို ရှင်အခုရောက်နေပြီ"
"ဟုတ်ပြီ"
"မြို့သူမြို့သားတွေက ရှင့်ကိုစူးစမ်းသလိုကြည့်ကြတယ်၊ တစ်ယောက်က ရှင့်ကို ဧည့်သည်လား၊ ဘာအလုပ်လုပ်တဲ့လူလဲလို့ လာမေးတယ်၊ ရှင်ဘယ်လိုဖြေမလဲ"
"ဧည့်သည်လို့ဖြေမယ်"
"အင်း .. အလုပ်အကိုင်ကရော"
တစ်ချက်စဉ်းစားရသည်။
ပြီး ....
"နေဦး ... အဲဒီမြို့မှာ ကလေးတွေလည်းရှိမှာပေါ့"
"မြို့ဆိုမှတော့ ရှိတာပေါ့ရှင်"
"ကောင်းပြီ ... အဲဒါဆိုကျွန်တော့်ကိုယ်ကျွန်တော် ကျောင်းဆရာလို့ပြောမယ်"
"အိုကေ .. မြို့သူမြို့သားတွေက ကျောင်းဆရာကို လိုလားတယ်၊သူတို့ကလေးတွေရဲ့သင်္ချာအဖြေတွေကို စစ်ပေးပါဆိုပြီး ရှင့်ကိုပြောတယ်"
"အိုကေ .. ကျွန်တော်စစ်ပေးမယ်"
"ကလေးတစ်ယောက်က သူတွက်ထားတဲ့ သင်္ချာကိုလာပြတယ်၊ ၅+၅ =၂တဲ့"
"ဟင် ..."
"နောက်တစ်ယောက်က လာထပ်ပြတယ်၊ ၆+၂၄=၁ တဲ့"
"ရော် .."
"နောက်တစ်ယောက်ကလည်း စာအုပ်လေးထိုးပေးတယ်၊ တွက်ထားတာက 340 = 1 တဲ့"
"ပြဿနာပဲ"
"နောက်ဆုံးကလေးကလည်း မခေဘူးရှင့်"
"အင်း .. ဘယ်လိုတွက်လာပြန်ပြီလဲ"
"၁၀၁−၁၀၂ =၁ တဲ့"
"ဒုက္ခ ဒုက္ခ"
"ကဲ ..သူတို့တွက်ထားတာတွေကို ရှင်လက်ခံလား"
ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး ...
"အင်း ..လက်မခံလို့တော့မဖြစ်ဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် သူတို့ကိုအမှန်ပေးမယ်ပေါ့"
"သူတို့တွေကို အမှန်ပေးမှ သူတို့မိဘတွေက သဘောကျမှာ၊ အဲဒါမှ မြို့ထဲဝင်ပြီး ကိုယ့်ရည်းစားကို ခိုးဖို့အခြေအနေကောင်းမှာ"
"ဒါဖြင့်ရှင်က အဲဒီကလေးတွေကို ဘယ်လိုအကြောင်းပြချက်နဲ့အမှန်ပေးမှာလဲ"
"ဟဲဟဲ .. ဒါကတော့ဗျာ"
"ရယ်မနေနဲ့လေ၊ ရှင်ဒါကိုအကြောင်းမပြနိုင်ရင် မရဘူး၊ မြို့ထဲဝင်ဖို့မလွယ်ဘူး"
"ဒီလိုရှိတယ်ဗျ"
"အင်း "
"သူတို့တွက်ထားတဲ့သင်္ချာတွေကို ကျွန်တော်အမှန်ပေးဖို့ဆိုတာက သမရိုးကျအတွေးအခေါ်နဲ့တော့မရဘူး"
"ဆိုပါဦး"
" Formal Thinking လို့ခေါ်တဲ့သမရိုးကျ အတွေးအခေါ်နဲ့ဆို သူတို့ကို အမှားတွေပဲ ပေးရမှာပဲ၊ ခင်ဗျားလည်း သိမှာပေါ့ဗျာ၊ ငါးနဲ့ငါးပေါင်းရင် တစ်ဆယ်ရတဲ့ဟာ .."
"မသိဘဲနေမလားရှင့်"
ကောင်မလေး အောင့်သက်သက်ဖြစ်သွားပုံရသည်။ ကောင်လေးက တစ်ချက်ရယ်လိုက်ပြီး ဆက်ပြောသည်။
"သူတို့ကို အမှန်ပေးဖို့အတွက် Informal Thinking လို့ခေါ်တဲ့ သမရိုးကျ မဆန်တဲ့ အတွေးခေါ်ကို ကျွန်တော်က သုံးရလိမ့်မယ်"
"ဖြေမှာဖြင့် လည်းမြန်မြန်ဖြေရှင် .. ကျွန်မအခုမှ သနပ်ခါးလိမ်းပြီးခါစ"
"ဟင် .. ဘာမှလည်းမဆိုင်ပါလားဗျာ"
"ကျွန်မ တံတွေးတွေသိပ်အစင်မခံနိုင်ဘူးရှင့်"
ကောင်လေးက ဟက်ခနဲရယ်လိုက်မိသည်။ ကောင်မလေးကလည်းလိုက်ရယ်သည်။
သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက ပိုပြီး နွေးထွေးသွားသည်ဟုထင်ရသည်။
"၅+၅ =၂ ကိုအမှန်ပေးတယ်ဗျာ"
"ဘာဖြစ်လို့လဲ"
"လက်တစ်ဖက်မှာ လက်ငါးချောင်းစီပါတယ်၊ လက်ငါးချောင်းနဲ့လက်ငါးချောင်းပေါင်းရင် လက်နှစ်ဖက်ရတယ်ဗျာ၊ အဲဒီတော့ ၅+၅=၂ ဆိုတာမှန်တယ်"
"ခို .."
ကောင်မလေးက ရယ်သည်။
ခပ်တည်တည်နှင့် ကောင်လေးကသူ့စကားသူဆက်ပြောသည်။
"၆+၂၄=၁လည်းမှန်တယ်ဗျာ"
"အင်း .. ရှင်းပါဦး"
"၆ ရက်နဲ့ ၂၄ နာရီပေါင်းရင် တစ်ပတ်လေဗျာ"
"ဩ ... ရှင့်အကြောင်းပြချက်နဲ့ ရှင်ကတော့ ဟုတ်နေပါလား"
"Informal Thinking လို့အစောကြီးကတည်းကပြောပြထားသားပဲ"
"အင်း .. ထားလိုက်ပါတော့ရှင်၊ နောက်ထပ် ကလေးတွေကို ထပ်ဖြေရှင်းပေးပါဦး"
"လာမယ်လေ၊ 340=1 ဆိုတာလည်းမှန်တယ်"
"အကြောင်းက .."
"အကြောင်းကတော့ မှန်ထဲ ထောင်ကြည့်မှ ဖြစ်မှာဗျ"
"ကျွန်မဘေးမှာ မှန်မရှိဘူးရှင့်၊ ရှင်ပဲပြောပါ"
"ဒီကလေးက 1=0NE လို့ရေးထားတာပါ၊ သင်ကာစဆိုတော့စာလုံးပြောင်းပြန်ကြီးရေးမိတာပေါ့ဗျာ"
"ဟင် ... ရှင် နည်းနည်းလေးမှ မလျှော့ပါလား"
"လျှော့နိုင်ပါဘူးဗျာ"
ရယ်ဖြစ်ကြသည်။ ကောင်မလေးရယ်သံလွင်လွင်ကလေးအဆုံးမှာ ...
"ကဲ ..ပြောပါဦး၊ 101-102=1 ကရောမှန်တာပဲလား"
"အမှန်ပေးမယ်၊ ဒါပေမယ့် နည်းနည်းပြင်ပေးရမယ်"
"ဘာလဲ 101-102 = -1 လို့ပြင်ရမှာမဟုတ်လား"
"မဟုတ်ပါဘူးဗျာ၊ အဲဒါကရိုးပါတယ်"
"အင်း .. ရှင်ပဲဆန်းပြပါဦး"
"ခင်ဗျားပဲပြောတော့ အထူးအဆန်းမြို့ဆို၊ ကျွန်တော်ကလည်း အထူးအဆန်းလုပ်ပြမှ ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီ၊ ကဲ ... ဖြေပါ"
"101-102= 1 ကို 101 -$10^2$ =1 လို့ပြင်ပေးမယ်"
"လက်ခံသလား .."
"ဟင်းဟင်း ..လက်ခံရမှာပေါ့ရှင်"
"ကဲ..အဲဒီကလေးလည်းမှန်သွားပြီ၊ ကလေးအားလုံးမှန်တယ်"
"အင်း .."
"ကဲ ... ခင်ဗျားမတားနဲ့ မရတော့ဘူး၊ ကျောင်းသားမိဘတွေက ကျွန်တော့်ကိုအရမ်းသဘောကျသွားကြပြီ၊ မြို့ထဲကို လိုက်ဝင်မယ်"
"နေဦး ..နေဦး"
"ဘာလဲ"
"အခုဟာက ကလေးတွေပဲရှင့်ကိုပညာစမ်းလို့ပြီးသေးတာ၊ ကလေးမိဘတစ်ယောက်လောက်ကလည်းရှင့်ကို ပညာစမ်းဦးမှာပေါ့"
"ဩော် .. စမ်းဦးမယ်ပေါ့"
"အင်း .. တစ်ချက်လောက်တော့ စမ်းဦးမှာပေါ့"
"ကဲ ... စမ်းစမ်း"
"ကျောင်းသားမိဘတစ်ယောက်က အလန့်တကြားထအော်တယ်"
"မီးဗျို့ .. မီးမီး တဲ့လား"
"မဟုတ်ဘူး၊ သမင်ကလေးဗျို့၊ သမင်ကလေးလို့ထအော်တာ"
"သမင် .. အင်း ... ဘာဖြစ်လဲ၊ အဲဒီသမင်က ဘာဖြစ်နေလို့လဲ"
"သမင်ကလေးကို မြင်ရာဇာတွတ်ပီက သေနတ်နဲ့လိုက်ပစ်နေတာ"
"မြင်ရာဇာတွတ်ပီကမုဆိုးပဲဗျာ၊ သူကသမင်ကို သေနတ်နဲ့လိုက်ပစ်တာ ဘာဖြစ်လဲ"
"ကလေးတွေကရော ကလေးမိဘတွေကရော သမင်ကလေးကို မသေစေချင်ဘူး"
"အင်း"
"သမင်ကလည်း ဆက်ပြေးလို့မရတော့ဘူး၊ ရှေ့မှာ ချောက်ကမ်းပါးကြီးဖြစ်နေပြီ"
"အင်း"
"နောက်ပြန်လှည့်ပြေးရင်လည်း ကျည်လမ်းကြောင်းထဲကို တိုးဝင်သလိုဖြစ်နေလိမ့်မယ်"
"အင်း .."
"ဒုက္ခပဲ၊ သမင်ကလေး ဘယ်လိုလုပ်ရှောင်မလဲ"
"ဗျာ ..."
ဒီပုစ္ဆာကိုတော့ နည်းနည်းဦးနှောက်စားသွားသည်။
ကောင်လေးဘာပြန်ဖြေရမလဲ မသိ။
သူ့ဘက်မှ ခဏကလေးအသံတိတ်သလိုဖြစ်သွားသဖြင့် ..
"ဟင် .. ရှင်ဘာလုပ်နေတာလဲ၊ မဖြေနိုင်တော့ဘူးလား"
"မဟုတ်ပါဘူးဗျာ၊ ခဏလေး စဉ်းစားတာပါ"
"ရှင် .. စဉ်းစားနေတာနဲ့ပဲ သမင်လေးက သေတော့မယ်"
"အဲ"
ထိုအခိုက်မှာပဲ ခေါင်းထဲသို့ အတွေးတစ်ခုက ဖျတ်ခနဲ ဝင်လာသည်။
"ရပြီ၊ ရပြီ ... သမင်လေးကို မလှုပ်ခိုင်းနဲ့၊ ဒီတိုင်းပဲ ဆက်နေခိုင်း"
"ဟင် .. မရှောင်ခိုင်းဘူးလား"
"မရှောင်ခိုင်းဘူး၊ မြင်ရာဇာတွတ်ပီက မရှောင်ရင်လွတ်တယ်"
ကောင်းလေးရဲ့ အဖြေအဆုံးမှာ နှစ်ယောက်လုံးတသောသောရယ်မိကြလေသည်။
ကောင်မလေးက အရယ်တစ်ဝက်နှင့် ပြောသည်။
"ရှင် ..တော်တော်လည်တာပဲ"
ခေါင်းခါခါ လည်ခါခါဖြစ်သွားရသည်။ ထိုစကားကို ကောင်လေးက လက်မခံနိုင်ပါချေ။
"ဘာ ... ကျွန်တော်ကလည်ရမှာလဲ၊ လည်တာကခင်ဗျား"
ရယ်ဖြစ်ကြပြန်သည်။
"တော်သေးတာပေါ့ဗျာ၊ မုဆိုးကမြင်ရာဇာတွတ်ပီဆိုတာကို သတိထားမိလို့"
"ခစ် ... ခစ်"
"ကဲ .. ဒီတစ်ခါတော့ ရပြီဗျာ၊ ဒီကလေးတွေ၊ ကလေးမိဘတွေနဲ့အတူမြို့ထဲလိုက်ဝင်တော့မယ်"

www.burmeseclassic.com

"အင်း .. ရပါပြီ၊ ရှင့်အတွက် အကျိုးကျေးဇူးပြန်ရမှာတွေကို ကျွန်မပြောပြမယ်"
"အင်း ... ပြောပါဦး"
"ရှင့်မှာမိတ်ဆွေတွေရသွားတယ်၊ ကလေးတွေရောလူကြီးတွေရော"
"ဟုတ်ပြီ"
"သမင်လေးကို ရသွားတဲ့ ကလေးအဖေက ရှင့်ကိုအရမ်းကျေးဇူးတင်တယ်၊ အဲဒါကြောင့် ရှင့်ကိုသူက ဘာအကူအညီလိုလဲလို့ မေးတယ်၊ ရှင် အကူအညီတစ်ခုတောင်းလို့ရတယ်"
"သြော် .."
"ကဲ ...ပြော၊ ရှင်ဘာအကူအညီတောင်းမလဲ"
"နေပါဦး၊ ကျွန်တော်မရှင်းတာကို မေးထားရဦးမယ်"
"ဘာမေးမှာလဲ"
"ကျွန်တော့်ရည်းစားနံမည်ကဘယ်သူတုန်း"
"ရှင့်ရည်းစားက အဲဒီမြို့က မြို့စားကြီးရဲ့သမီးရှင့်၊ နေပြည်တော်မှာ ရည်းစားထားတယ်ဆိုတာသိရလို့ ပြန်ခေါ်ထားတာ၊ ရှင်ကအဲဒါကိုသွားခိုးရမှာ"
"သြော် ..မြို့စားကြီးရဲ့သမီးကိုး ..."
"ရှင်က သဘောမကျဘူးလား"
"အင်း ... မဆိုးပါဘူး၊ သူကြီးသမီးထက်စာရင်တော့ တော်သေးတာပေါ့ဗျာ၊ ဒါထက်ကျွန်တော်မေးနေတာ နံမည်မေးနေတာ"
"အင်း ... အဲဒါတော့ရှင့်ဘာသာရှင်ပဲ ပေးလိုက်တော့၊ ကြိုက်တဲ့နံမည်ခေါ်"
"ကြိုက်တဲ့နံမည်ခေါ်ဆိုတော့ .. အင်း .... ဒါထက် ခင်ဗျားနံမည်က ဘယ်လိုခေါ်တုန်းဗျ"
"အဲဒါရှင်နဲ့ဘာဆိုင်လဲ"
ကောင်မလေး လေသံက ခပ်တင်းတင်းဖြစ်သွားသည်။
"ဗဟုသုတ အနေနဲ့ မေးကြည့်တာပါဗျာ"
"အခုတောင် ရှင့်ဗဟုသုတက လုံလောက်နေပါပြီ၊ ကျွန်မနံမည်ကို မသိရလို့အရေးမကြီးဘူး၊ ရှင့်ရည်းစားကို ရှင်နံမည်မှည့်၊ ကဲ ... ပြော .. ဘယ်လိုခေါ်မလဲ"
"ဗျော့"
"ဟင် ..."
"ဗျော့"
""ဟင် ... ဘာနံမည်ကြီးလဲ"
"ကျွန်တော် ကြိုက်တဲ့နံမည်ကျွန်တော်မှည့်တာပဲ၊ ဘာဖြစ်လဲဗျာ၊ သမင်ရသွားတဲ့ကလေးအဖေကို ကျွန်တော်ဗျော့နဲ့ တွေ့ချင်ကြောင်းပြောမယ်"
"ခစ် ... ကောင်းပြီလေ၊ နက်ဖြန်ခါ အကြောင်းပြန်မယ်"
ဂလောက်ခနဲ ဖုန်းချသွားလေသည်။

♥ ♥ ♥ ♥

"ဟဲလို"
"အင်း ... ရှင် 'ဗျော့' နဲ့လွယ်လွယ်တော့ တွေ့ရမှာမဟုတ်ဘူးနော်၊ အဲဒါကို ကြပ်ကြပ်သတိထားဦး"
"ဟင် ... ခင်ဗျားကလည်း ကျွန်တော်ကဖြင့် ဘာမှတောင်မပြောရသေးဘူး"
"ရှင်က ရှင့်မိတ်ဆွေကလေးအဖေကို ဗျော့နဲ့တွေ့ချင်ကြောင်းပြောလိုက်တယ်မဟုတ်လား"
"အင်း"
"အဲဒါကိုပြောတာပေါ့၊ ကလေးအဖေစိတ်ညစ်သွားတယ်၊ ဗျော့နဲ့တွေ့ဖို့ကိစ္စက လွယ်တာမဟုတ်ဘူးလေ"
"ဘယ်လိုမလွယ်တာလဲ"
"ရှင့်ရည်းစားက မြို့စားကြီးသမီးရှင့်"
"ဟုတ်ပါပြီ၊ ကျွန်တော်ကလည်း မြို့စားကြီးရဲ့သားမက်လောင်းပဲဟာ"
"ဘာပဲဖြစ်ဖြစ်လေ၊ ခုဟာက ရှင်နဲ့အဆက်အသွယ်ပြတ်ချင်လို့သူ့သမီးကို ပြန်ခေါ်ထားတာပဲ၊အစောင့်အကြပ်တွေနဲ့လုံလုံခြုံခြုံထား တာ... တွေ့ဖို့မလွယ်ဘူး"
"ဟာဗျာ .. မြို့စားကြီးကလည်းဗျာ၊ ယောက်ခမ ကြီးကလည်း"

www.burmeseclassic.com

www.burmeseclassic.com

"ရှင် မကျေနပ်လို့မရဘူးလေ"
"တကယ်ဆိုဖျော့ကိုသူက လုံလုံခြုံခြုံထားစရာမလိုပါဘူး၊ ဖျော့က သူ့ဘာသာသူလုံလုံခြုံခြုံနေတတ်ပါတယ်"
"နေပြည်တော်မှာတုန်းက သူ့သမီးမလုံခြုံခဲ့ဘူးလို့ ယူဆတယ်ရှင့်"
စကားအဆုံးမှာ ကောင်မလေးကရယ်သည်။ ကောင်လေးကလည်းလိုက်ရယ်မိသည်။ ရယ်သံများအဆုံးမှာ ကောင်မလေးက လိုရင်းစကားကိုပြောသည်။
"ကဲကဲ ... ရှင်လုပ်စရာရှိတာတွေလုပ်ရတော့မယ်၊ ကလေးအဖေကဖျော့နဲ့တွေ့ဖို့ဆိုတာ မလွယ်ကြောင်းရှင့်ကိုပြောတယ်၊ ဒါပေမယ့်သူတတ်နိုင်သလောက် ကူညီမယ်တဲ့"
ကောင်လေးနည်းနည်းအလိုမကျဖြစ်သွားသည်။ အောက်သိုးသိုးလေးသံဖြင့် မေး၏။
"ဘယ်လိုကူညီမှာလဲ"
"သူ့မှာ မိတ်ဆွေတစ်ယောက်ရှိတယ်"
"အင်း ..."
"အဲဒီမိတ်ဆွေက မြို့စားကြီးအိမ်ကို အဝင်အထွက် ရှိတယ်"
"အိုကေ... ဒါဖြင့်ကျွန်တော်ကဖျော့ဆီကို သူ့မိတ်ဆွေနဲ့အဆက်အသွယ်လုပ်မယ်ဗျာ"
"ရတယ် ... အဲဒါက ရှင့်ကို သူ့မိတ်ဆွေနဲ့ တွေ့ပေးလို့ရတယ်"
"ကဲ .. ဒါဖြင့် တွေ့ပေတော့"
"ဟဲဟဲ"
ကောင်မလေးကရယ်သည်။
"ဘာရယ်တာလဲ"
"ဟဲဟဲ ... လွယ်လွယ်နဲ့တော့ ရမှာမဟုတ်ဘူးနော်"
"လုပ်စမ်းပါဗျာ"
"ကလေးအဖေကပြောတယ်"
"အင်း"
"မြို့ပြင်ဇရပ်မှာ ရှင်သွားစောင့်နေတဲ့၊ သူ့မိတ်ဆွေကလာမယ့်နာရီဝက်အတွင်းမှာရောက်လာလိမ့်မယ်တဲ့ "
"ဟုတ်ပြီ၊ ကျွန်တော်ဇရပ်မှာ သွားစောင့်လိုက်မယ်"
"ဘယ်လောက်ကြာကြာ စောင့်ရမယ်ဆိုတာရှင်သိတယ်နော်"
"နာရီဝက်ဆို"
"လာမယ့် နာရီဝက်အတွင်းတဲ့"
"ခင်ဗျားပြောလေ၊ ခုသူ့ကို စစောင့်ချိန်မှာ ဘယ်နှစ်နာရီရှိပြီလဲ"
"မနက် ခုနှစ်နာရီပဲ ရှိသေးတယ်ရှင့်"
"ဒါဖြင့် ခုနှစ်နာရီခွဲအထိစောင့်ရမှာပေါ့"
"ဒါတော့ရှင့်သဘောလေ"
"ဟင် ... နာရီဝက်ဆို"
"ဟဲဟဲ ... လာမယ့် နာရီဝက်အတွင်းမှာ သူရောက်လာမယ်၊ စောင့်ပေါ့ရှင်"
"ဗုဒ္ဓေါ"
ကောင်လေး မသင်္ကာဖြစ်လာသည်။ တစ်ခုခုတော့ မြုပ်ကွက်ရှိပြီထင်သည်။
ဘာစကားမှ ပြန်မပြောနိုင်သေးဘဲ မျက်မှောင်ကြီးကြုပ်ကာအပြေးအလွှားစဉ်းစားနေရသည်။ လူက ထိုင်နေလျက်နှင့် အတွေးက ပြေးလွှားနေရခြင်းသည် နှလုံးသား၏အင်နားရှားကို ပျက်ပြားစေ၏။
"ဟိတ်"
"အင်း"
"ဘာလို့ငြိမ်နေတာလဲ"
"စဉ်းစားနေတာ ... သိပ်မသင်္ကာဘူး"
"ဘာကိုမသင်္ကာတာလဲ"
"လာမယ့် နာရီဝက်ကိုပေါ့"
ကောင်မလေးက တခစ်ခစ်ရယ်သည် ။ ထိုရယ်သံကြောင့်သေချာသွားသည်။
နာရီထဲမှာထောင်ချောက်တစ်ခုခုဆင်ထားပုံရသည်။
"နေဦး... သူတို့သုံးတာဘာနာရီလဲဗျ၊ နေနာရီတို့သဲနာရီတို့ ရေနာရီတို့လား"
"ခစ်ခစ် ... မဟုတ်ပါဘူးရှင်၊ စက်နာရီပါပဲ၊ ရှင်တို့အိမ်က ခန်းမကြီးမှာ ချိတ်ထားမယ့် တိုင်ကပ်နာရီမျိုးပါ"
"ပြသနာပဲ"
"ရှင်သိပ်ကြောက်မနေနဲ့၊ ဒါအစပဲရှိသေးတယ် ရှင့်ချစ်သူကိုပြန်လိုချင်ရင် ရှင်ကျော်ဖြတ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ခု .. ကျွန်တော်စစောင့်နေတဲ့အချိန်က ခုနစ်နာရီနော်"
"အင်း ... ဒါပေမယ့် ရှင်စဉ်းစားနေတာ၊ကျွန်မနဲ့စကားပြောနေတာနဲ့တင် ခုနစ်နာရီခွဲသွားပြီ"
အလောတကြီးမေးလိုက်မိသည်။
"လာပြီလား"
"ဘယ်သူလာမှာလဲ"
"ဟို မြို့စားအိမ်ကို အဝင်အထွက်ရှိတဲ့သူလေ"
"ရှင့်အောင်သွယ်တော်လို့ပြောစမ်းပါ"
"အင်း ..ထားပါတော့ ၊ အဲဒီအောင်သွယ်တော်ကြီးလာပြီလား၊ ခုနစ်နာရီခွဲပြီ"
"ရှင်စောင့်နေတာ မြို့ပြင်ဇရပ်မှာဆိုတော့ တခြားခရီးသည်တွေ၊ ခွေးလေခွေးလွင့်တွေကတော့ လာကြတယ်ရှင့်၊ ရှင့်ကိုတောင်ကွက်ကြည့်ကွက်ကြည့်လုပ်သွားကြသေးတယ် ၊ ဒါပေမယ့် ရှင့်အောင်သွယ်တော်ကတော့ မလာဘူး၊ ခုနစ်နာရီသာ ခွဲသွားရော ... မလာဘူး"
"သူတို့ဘက်က စကားမတည်တာလား"
"ဟုတ်ပါဘူး .. သူတို့က အင်မတန်စကားတည်တဲ့သူတွေပါ"
"ခွကျတာပဲ"
ကောင်လေးစိတ်ထဲမှ ရေရွတ်နေမိသည်။ "လာမယ့်နာရီဝက်၊ လာမယ့်နာရီဝက်" ..ဟု ...
နံရံမှ တိုင်ကပ်နာရီကြီးကို လှမ်းကြည့်မိသည်။ ဦးနှောက်ထဲမှာ ရုတ်ရုတ်သဲသဲ အလုပ်ရှုပ် နေသည်။ လာမယ့် နာရီဝက် ... လာမယ့် နာရီဝက်တဲ့။
"အခုက ခုနစ်နာရီခွဲ"
"အင်း "
ကိုယ့်ဘာသာကိုယ် နှုတ်မှုညည်းမိခြင်းဖြစ်သော်လည်း ကောင်မလေးကတစ်ဘက်မှစကားထောက်ပေးသည်။ သူ့ကိုပြောတာလဲမဟုတ်ဘဲနဲ့ ...။
"ကဲ ... ရှင်ဆက်စောင့်မလား၊ပြန်တော့မလား"
ထိုမေးခွန်းကို တော့ချက်ချင်းပြန်ဖြေဖြစ်ပါသည်။
"ဆက်စောင့်ရမှာပေါ့ဗျာ၊ ကျွန်တော့်မှာလည်း တခြားအရေးတကြီးလုပ်စရာဘာမှမရှိဘဲ"
"ကဲ ... ဒါဖြင့်လည်း စောင့်၊ ဘယ်လောက်ကြာတဲ့အထိစောင့်မှာလဲ"
"အင်း .. အဲဒါက"
အဖြေရကြပ်နေပြန်တော့်သည်။ တစ်ဘက်မှ ကောင်မလေးရဲ့ ခပ်အုပ်အုပ်ရယ်သံကြားနေရသည်။ ခံပြင်းစရာကောင်းလိုက်တာ။
"ခုနစ်နာရီကစစောင့်ခိုင်းတယ်၊ ရှေ့လာမယ့် နာရီဝက်မှာ ရောက်မယ်တဲ့၊ ရှေ့လာမယ့် နာရီက ရှစ်နာရီ ... နာရီဝက်ဆိုတဲ့သဘောကလဲပါတယ်၊ ရှစ်နာရီခွဲမှာ ရောက်မှလား"
"ရှင် .. .ရှစ်နာရီခွဲအထိစောင့်မယ်ပေါ့"
"နေပါဦးဗျ၊ ကျွန်တော့်ဘာသာကျွန်တော် ပြောနေတာပါ၊ ခင်ဗျားကို ပြောတာမဟုတ်သေးပါဘူး"
တစ်ဘက်မှကောင်မလေးက သဘောကျစွာရယ်ပြန်လေသည်။ နံရံမှ တိုင်ကပ်နာရီကြီးကို ကသိဏ်းရှုသလိုရှုနေရင်းက အတွေးတစ်ချက် ဖျတ်ခနဲ ဝင်လာသည်။ အလန့်တကြားအော်လိုက်မိသည်။
"နေဦး ... နေဦး"
"နေပါတယ်ရှင့်၊ ရှင်ကလဲ အော်လိုက်တာ အလန့်တကြား"
"အင်း ... ကျွန်တော်စောင့်မယ်ဗျ၊ အကြာကြီး စောင့်ရဦးမယ်"
"ဘယ်လောက်ထိစောင့်ရမှာလဲ"
"နေစောင်းခါနီးထိစောင့်ရမယ် ထင်တယ်၊ မွန်းလွဲပိုင်းအချိန်ပေါ့"
"လာမယ့် နာရီဝက်အတွင်းရောက်လာမယ့်သူက အဲလောက်ကြာမှာလား"
"အင်း .. ဟုတ်တယ်၊ အဲ့လောက်ထိကြာနိုင်တယ်"
"ဘာဖြစ်လို့လဲ .."
"ဟဲ .. ဟဲ ..ဟဲ"
ဒီတစ်ခါ ပြန်ရယ်ရသူက ကောင်လေးဖြစ်သည်။
သို့သော်ကောင်မလေးကလည်း လျှော့သေးသည် မဟုတ်။ ကောင်လေးက ဗိုလ်အောင်ဒင်လိုရယ်သဖြင့် ကောင်မလေးကလည်း မမြဝင်းလိုပြန်ရယ်သည်။
"ခစ်ခစ် .. ပြောပါဦး၊ ဘာဖြစ်လို့လဲ"
"နာရီကို တစ်ဝက်ဝက်လိုက်တာလေဗျာ"
"ဝက်ပါဦး ... ဘယ်လိုတစ်ဝက်ဝက်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးက စားပွဲပေါ်က အကြမ်းစာအုပ်ပေါ်မှာ ပုံကြမ်းတစ်ခု ဆွဲချလိုက်သည်။




သူဆွဲထားသော နာရီပုံကြမ်းကို ကောင်မလေးကို ပြောပြလိုက်သည်။ ကောင်မလေးဘက်မှ ခဏအသံတိတ်သွားသည်။
ပြီးမှ ..
"ဘာဖြစ်လို့ အဲ့လိုတစ်ဝက်ဝက်တာလဲ .."
"အဲလိုပဲ ဝက်မှာပေါ့ဗျ၊ အဲဒါနာရီဝက်အတိအကျပဲ"
"ဘာဖြစ်လို့လဲ"
"အပေါ်ခြမ်းက နာရီဂဏန်းတွေကို ပေါင်းရင် ၃၉ ရတယ်၊ အောက်ကဂဏန်းတွေပေါင်းရင်လည်း ၃၉ ရတယ်၊
အညီအမျှပဲ တစ်ဝက်တိတိ"
ကောင်မလေးဘက်မှအသံတိတ်သွားသည်။
"ဟဲဟဲဟဲ ..."
ကောင်လေးရယ်သံက ဗိုလ်အောင်ဒင်အဆင့်ကို ကျော်လွန်ကာ ဒါရိုက်တာရွှေဒုံးဘီအောင်အဆင့်ကို ရောက်လာသည်။
"ခင်ဗျားက ဘာလို့ဆက်မမေးတော့တာလဲ၊ ကျွန်တော်ကပဲ ဆက်ရှင်းပြရမှာလား"
"ရှင်း ..ရှင်း"
ကောင်မလေးက ခပ်ဆောင့်ဆောင့် ပြန်ပြောသည်။
"ကျွန်တော်က ခုနစ်နာရီမှ စစောင့်တာဆိုတော့ တော်တော်စောသွားတယ်၊ လက်ရှိအောက်ခြမ်းနာရီဝက်မှာတော့
လာမှာမဟုတ်ဘူးဗျာ၊ လာမယ့်ပေါ်ခြမ်းနာရီဝက်ကျမှ ရောက်လာမှာ၊ မနက်ကိုးနာရီခွဲကနေ
ညနေသုံးနာရီခွဲလောက်အထိစောင့်ရမှာ၊ အဲဒီအတောအတွင်းတော့ ရောက်လာမှာပဲ၊ အိပ်ပြီး စောင့်ရမှာပေါ့ဗျာ"
"အိပ်လေ .. အိပ်ပေါ့၊ ဇရပ်မှာအိပ်တယ်ဆိုတည်းက ရှင့်အဆင့်အတန်းကို ပေါ်နေတာပဲ"
"ဟင် ... ဘာမှလည်းမဆိုင်ပါလား၊ ခင်ဗျားရှုံးမဲ မမဲနဲ့နော်"
"ဟင်း .."
ကောင်မလေး မကျေမချမ်းဖြစ်နေပုံရသည်။
"ဘယ်လိုလဲ၊ မှန်တယ်မဟုတ်လား"
မပြောချင်ပြောချင်လေသံဖြင့် ...
"အင်း "
"ဟဲဟဲ ..ဟဲ ... ကျွန်တော်စောင့်လိုက်ပြီ၊ ဒုတိယနာရီဝက်အတွင်းမှာအောင်သွယ်တော်ကြီးလားပြီ"
"အင်း.. လာပြီ၊ ရှင်နဲ့တွေ့ကြပြီ..."
"အဲဒါဆို .. ကျွန်တော်က အကျိုးအကြောင်းပြောပြမယ်ဗျာ၊ ဗျော့နဲ့တွေချင်ကြောင်းပြောမယ်ဗျာ၊ သူ ဘာလုပ်ပေးမလဲ"
"သူက ရှင့်ကို နံမည်မေးလိမ့်မယ်၊ ဘယ်သူလဲလို့သေသေချာချာမေးမြန်းစုံစမ်းလိမ့်မယ်"
"ဩော် ... အဲလိုလား"
"ဟုတ်တယ် ... အဲလို"
"ဟဲဟဲ ... ကျွန်တော်သိပါတယ်ဗျာ၊ အဲဒါခင်ဗျားရဲ့ ဥာဏ်တွေပါ"
သူ့စကားကိုကောင်မလေး သဘောပေါက်ပုံမရချေ။
"ကျွန်မ မရှင်းဘူး၊ ရှင် ဘာကိုဆိုလိုတာလဲ"
"အောင်သွယ်တော်ကြီးက ကျွန်တော့်နံမည် သိချင်သလိုလိုနဲ့ တကယ့်တကယ်ကျ ခင်ဗျားက ကျွန်တော့်နံမည်ကို
သိချင်တာမဟုတ်လား"
"အောင်မာအောင်မာ .. လာ လာချည်သေး၊ ရှင့်နံမည် သိလို့ ကျွန်မက ဘာလုပ်ရမှာလဲ"
"အဝေးကို ငေးပြီး သဲမြေပွပွပေါ်မှာ အဲဒီနံမည်လေးကို ရေးလိုက် ... သက်ပြင်းလေးချလိုက်၊ စန္ဒရားချစ်ဆွေရဲ့
'ချစ်အားငယ်ရသူမယ်' သီချင်းကို မသန်းရွှေအသံနဲ့ ညည်းလိုက်၊ ခင်ဗျားအဲဒီလို လုပ်မလို့မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com

"ဘာ ... တော် တော် ၊ ရှင် ... မဟုတ်တာတွေ လျှောက်ပြောမနေနဲ့"
ကောင်မလေးကို စရင်း နောက်ရင်း ကောင်လေးပျော်လာသည်။
"ကဲကဲ ... စကားလမ်းကြောင်းပြန်ဆက်ရအောင်ဗျာ"
"အင်း .."
"အောင်သွယ်တော်ကြီးက ဘယ်လိုကူညီမလဲ"
"ကူတော့ ကူညီမယ်၊ ဒါပေမယ့် သူကလည်း နည်းနည်းတော့ ကြောက်တယ်ရှင့်၊ မြို့စားကြီးသိသွားရင် မလွယ်ဘူး"
"ကူညီနိုင်သလောက်ပေါ့ဗျာ၊ တကယ်တော့ အောင်သွယ်တော်ဆိုတာ အတောင်ပံမပါဘဲ
ပုဆိုးလုံအောင်ဝတ်ထားတာကလွဲရင် မြားနတ်မောင်ကြီးပါပဲ"
"ရှင့်နှယ် ရှင် ..."
သူ့စကားကြောင့် ကောင်မလေးတော်တော်စိတ်ညစ်သွားပုံရသည်။
"ကဲ ... နည်းနည်းတော့ ကူညီပါဗျာ၊ အောင်သွယ်တော်ကြီးက ဘယ်လိုကူညီမလဲ ... လုပ်ပါဦး"
"သူက မြို့စားကြီးအိမ်ကို ဒီနေ့ပဲ သွားစရာကိစ္စရှိတယ်"
"ဟုတ်ပြီ .. ကျွန်တော်ကပ်လိုက်သွားရမလား"
"အဲလို .. အလွယ်တကူဝင်လို့မရဘူး၊ ရှင်လုပ်ချင်ရင် ရှင်ရောက်နေကြောင်းရှင့်ရဲ့ 'ဖျော့' ဆီ အကြောင်းကြားဖို့ပဲ"
"ဩော် .. ဟုတ်ပြီ၊ အဲလောက်ဆိုလဲ မဆိုးပါဘူး"
"မြို့စားကြီးရဲ့ သမီးကို လက်ဆောင်ပေးဖို့၊ ထင်းရှူးပင်လေးပင်သူ့မှာပါလာတယ်၊ အပင်လှလှလေးတွေပေါ့"
"အင်း ... အဲဒီတော့"
"အဲဒီတော့ အောင်သွယ်တော်ကြီးက ပြောတယ်၊ ပဥ္စမမြောက်ထင်းရှူးပင်မှာ ရှင့်ရဲ့လက်မှတ်ထိုးလိုက်ပါတဲ့၊ အဲဒါဆိုရင်
ရှင်ရောက်နေကြောင်းဖျော့သိသွားလိမ့်မယ်တဲ့"
"ဟင် .."
"ဘာ .. ဟင် .. လဲ .."
"သူပေးမှာက လေးပင်ဆို"
"အင်းလေ .."
"လက်မှတ်ထိုးပေးရမှာက ပဥ္စမမြောက်ထင်းရှူးပင်မှာ"
"ဟုတ်တယ်"
"ဘယ်လိုလုပ်ရမှာတုန်း"
"အဲဒါကတော့ ရှင့်အရည်အချင်းပေါ်မှာ မူတည်တယ်လေ၊ ကဲ ... ဒီနေ့တော်လောက်ပါပြီ၊ နောက်နေ့မှ
ဆက်ပြောကြတာပေါ့"

* * * * *

"ကဲ ..ပြောပါဦး၊ ခင်ဗျားပြောတဲ့ အောင်သွယ်တော်ကြီးရဲ့ ထင်းရှူးလေးပင်အကြောင်း"
"မနေ့က ပြောပြီးပြီလေ၊ ပဥ္စမြောက် ထင်းရှူးပင်မှာ ရှင့်လက်မှတ်ထိုးပေးလိုက်ရမယ်"
"ထင်းရှူးပင်တွေက ဘယ်လိုပုံစံလဲဆိုတာ ခင်ဗျားကျွန်တော့်ကို ပြောပြမှဖြစ်မယ်"
"ကောင်းပြီ ... ကျွန်မ ပြောပြမယ်၊ ရှင်လိုက်ဆွဲပြီးမှတ်ထားလိုက်"
အကြမ်းစာအုပ်မှာ ဘောလ်ပင်နှင့်ခြစ်ရင်း ကောင်မလေးပြောသောထင်းရှူးလေးပင်ကို ရေးဆွဲမှတ်သားရသည်။
ထိုပုံစံများကို အခြေခံပြီးစဉ်းစားကြည့်ရလိမ့်မည်။




www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးစဉ်းစားတာနည်းနည်းကြာသွားပုံရသည်။ ကောင်မလေးက တစ်ဘက်မှ လောဆော်သည်။
"ကြာလှချည့်လား .."
"ဒီလောက်လဲ မကြာသေးပါဘူးဗျာ"
"အတွေးရတော်တော်ခက်နေလို့လား"
"ပုံဆွဲစဉ်းစားနေရတော့ နည်းနည်းနှောင့်နှေးတာပေါ့"
"စဉ်းစားလို့ရပြီလား"
"စဉ်းစားနေတုန်းပဲ"
ကောင်မလေးပြုံးနေလိမ့်မည်ဟု ကောင်လေးထင်သည်။ မမြင်ရသောအပြုံးဖြစ်၍ ကောင်လေးရဲ့အာရုံထဲမှာ အရမ်းကိုလှပနေသည်။
ခဏအကြာမှာ...
"အေးဗျာ၊ အခုလို သည်းခံစောင့်ဆိုင်းတာကို ကျေးဇူးတင်ပါတယ်"
ကောင်မလေးက အမောတကောပြန်မေးသည်။
"ဘာလဲ .. ရှင်စဉ်းစားလို့ရသွားပြီလား"
"ဟဲဟဲ .."
ထိုရယ်သံကို ကောင်မလေးက ဘဝင်ကျပုံမရချေ။
"ဘာ .. ဟဲဟဲ ..လဲ"
"ခင်ဗျားကိုကျွန်တော် သွန်သင်ပြရဦးမယ်ဗျ"
"ဘာ ... သွန်သင်မှာလဲ"
"ဟဲဟဲ ... တွေးပုံတွေးနည်းလေးလေ"
"အင်း ..ဆိုစမ်းပါဦး၊ ဟုတ်ရင်တော့ဟုတ်ပေါ့"
"ဟဲဟဲ .. ဒီလိုဗျ"
"ပြော"
"ထင်းရှူးလေးပင်ပေးပြီး ပဥ္စမမြောက်အပင်မှာ လက်မှတ်ထိုးရမှာ ဆိုကတည်းက .."
"အင်း ..."
"အဲဒီ ပဥ္စမမြောက်ထင်းရှူးပင်ဟာ ရှိရင်းစွဲ ထင်းရှူးလေးပင်ကို ဆက်စပ်လိုက်ရင် ပေါ်ပေါက်လာမယ့် အပင်လို့ ကျွန်တော်သိပြီးသားဗျ"
"လိုရင်းကိုပြောပါရှင်"
ကောင်လေးရဲ့ စကားကို တစ်ဘက်မှ နားကလောဟန်ရှိသည်။
"သိပ်မလောပါနဲ့ဗျာ၊ ခင်ဗျားအတွက် ပညာတိုးတာပေါ့၊ ဒီလိုထောက်ပြသင်ပြပေးမယ့်လူကို တွေ့ရခဲတယ်"
"ကြီးကျယ်လိုက်တာ၊ ရှင်ဖြေနေတဲ့မေးခွန်းက ကျွန်မထုတ်တာရှင့်၊ ပုစ္ဆာတစ်ပုဒ်နဲ့ပတ်သတ်လာရင် မေးသူနဲ့ ဖြေသူ ဘယ်သူက ပိုကျွမ်းကျင်မှာလဲ"
"ဖြေသူက ပိုကျွမ်းကျင်တာပေါ့ဗျ"
"ရှင်ကျောင်းမှာ စာသင်တော့ ရှင်က စာမေးပွဲဖြေရတာလား၊ ဆရာတွေက စာမေးပွဲဖြေရတာလား"
"အမေးနွားကျောင်းသမီး၊ အဖြေဘုရားလောင်းဆိုတာလည်းရှိသေးတယ်လေဗျာ"
"အောင်မာ ... ဘာ ... နွားကျောင်းသမီး"
"အင်း .... "
"နွားကျောင်းသားမဟုတ်ဘူးလား၊ ရှင်က ကျွန်မကို သက်သက် နွားကျောင်းသမီးလို့ပြောတာပေါ့ .. ဟုတ်လား"
"ဟေ့ဟေ့ ... ခင်ဗျားနဲ့ကျွန်တော် ရန်ဖြစ်နေဖို့အကြောင်းမရှိဘူး၊ ကျွန်တော်ဖြေတာကို ခင်ဗျားနားထောင်လေဗျာ"
"ရှင် ကောင်းကောင်းဖြေ"
"အင်း .. ဒီလိုဗျာ၊ မေခနဲ့မလိခ ပေါင်းတော့ ဧရာဝတီဖြစ်လာတယ်မဟုတ်လား"
"လုပ်လာပြန်ပြီ"
"အဲလို မြစ်နှစ်မြစ်ပေါင်းလို့ မြစ်တစ်မြစ် အသစ်ဖြစ်လာတာမျိုးရှိတာကိုးဗျ၊ အဲဒါကြောင့် ဒီထင်းရှူးပင်လေးပင်ကို ပေါင်းရင် ပဥ္စမြောက်ထင်းရှူးပင်ဖြစ်ပေါ်လာမယ်ဆိုတာကို ကောက်ချက်ဆွဲလို့လွယ်ပါတယ် .. ခက်တာက "
ဒီတစ်ခါတော့ ကောင်မလေး စိတ်ဝင်စားသွားပုံရသည်။
"ခက်တာက .. ဘာလဲ"
"အဲဒီအတိုင်းတည့်တည့်တွေရင်လည်း အဖြေမထွက်ဘူး"
"ဟုတ်လား"
"ဒီပုစ္ဆာလေးက ပညာနည်းနည်းပါတယ်၊ လှတယ်ဗျ"
"ဩော် ..ဩော်"

www.burmeseclassic.com

“ဒီတိုင်း တည့်တည့်တွေးရင် မေခ မေလိခတို့ထက်ဇရာဝတီကပိုကြီးသလို ပဌမမြောက်ထင်းရှူးပင်ကလည်း ရှိရင်းစွဲထင်းရှူးပင်တွေထက် ပိုကြီးမယ်လို့ ထင်စရာရှိတယ်”
“ဒါပေါ့”
“ပြီး .. ပဌမမြောက်ထင်းရှူးပင်ကို လက်ရှိထင်းရှူးလေးပင်အပြင်ဘက်မှာပဲ ရှာဖွေကြည့်နေနိုင်တယ်”
“ဟုတ်တာပေါ့ရှင်”
“ဒါပေမယ့် ဒီနေ့ခေတ်ကြီးဟာ နည်းပညာခေတ်ကြီးမဟုတ်လား၊ ကျွန်တော်လည်း ဒီပုစ္ဆာကို ဖြေရှင်းတဲ့နေရာမှာ နည်းပညာကို သုံးရတာပေါ့၊ Reversal Thinking လို့ခေါ်တဲ့ ပြောင်းပြန်တွေးခေါ်မှု နည်းပညာကို ဒီနေရာမှာ အသုံးချရတော့တာပေါ့”
“ရှင် ဖုန်းခွက်ကို ဖောက်ထိုးကိုင်ပြီး ပြောနေသလား”
“အခုလောက်ကျွန်တော်ပြောရုံနဲ့တင် ပဌမမြောက်ထင်းရှူးပင်ရှာတွေ့သွားပြီဆိုတာကို ခင်ဗျားတွေးမိရောပေါ့၊ မလိုတမာမဖြစ်နဲ့လေဗျာ”
“အိုး … ဝေးသေး”
“ Reversal Thinking အရ ပဌမမြောက်ထင်းရှူးပင်ကို လက်ရှိထင်းရှူးလေးပင်ထက် ငယ်မယ်လို့ တွေးကြည့်လိုက်တယ်၊ ထင်းရှူးလေးပင်အပြင်မှာမရှိဘဲ အတွင်းမှာရှိတယ်လို့ ရှာကြည့်လိုက်တယ်၊ ဟော … တွေ့ပြီဗျာ၊ တွေ့ပြီ .. ဟဲဟဲ ”
အကြမ်းစာအုပ်ထဲမှာ ကိုယ်ရေးခြစ်ထားသော ထင်းရှူးပင်များကို ငုံ့ကြည့်ရင်း ဝမ်းသာအားရ ရယ်နေလိုက်မိသည်။



“ဟဲဟဲ .. ကဲ .. ကျွန်တော် လက်မှတ်ထိုးပေးလိုက်ပြီ၊ အောင်သွယ်တော်ကြီး ယူသွားပေတော့”
“အင်း .. .ထားပါတော့ ”
“မြို့ပြင်ဇရပ်မှာ ကျွန်တော်ကျန်ရစ်ခဲ့တယ်၊ ဘာဆက်လုပ်ရမလဲ”
“ရှင့်ဘာသာကောင်းမယ်ထင်တာကိုပဲ ဆက်လုပ်ရတော့မှာပဲ”
“အင် .. ဘယ်လို”
“ရှင့်မိတ်ဆွေ ကလေးအဖေက ရှင့်ကို ဒီအောင်သွယ်တော်ကြီးနဲ့ မိတ်ဆက်ပေးပြီးပြီ၊ သူ့အကူအညီ ပြီးပြီ၊ နောက်ထပ်ဘာမှ ထပ်မရတော့ဘူး”
“ဟုတ်လား ..”
“အင်း .. ဒီအောင်သွယ်တော်ကြီးကလည်း ရှင့်လက်ဆောင်ကို ‘ဖျော့’ဆီယူသွားပြီ၊ သူပေးတဲ့အကူအညီလဲ ပြီးပြီ”
“အဲဒါဆို ကျွန်တော်ဘာဆက်လုပ်ရမှာလဲ”
“အဲဒါကို ရှင် စဉ်းစားလေ၊ ပြော .. ရှင် … ဘာဆက်လုပ်မလဲ”
“အင်း … ကျွန်တော်ဘာဆက်လုပ်ရမလဲဆိုတော့ ”
ခဏစဉ်းစားလိုက်ပြီး ..
“အိုကေ … ကျွန်တော်ဒီလိုလုပ်မယ်ဗျာ”
“ပြော”
“ဇရပ်မှာ အောင်သွယ်တော်ကြီးကို ကျွန်တော်စောင့်နေတုန်း လူနှစ်ယောက်စကားပြောနေတာကို မြင်ခဲ့ကြားခဲ့ရတယ်”
“ဘာတဲ့တုန်း”
“စွယ်စုံကျမ်းအသစ်ထွက်တဲ့အကြောင်း ပြောနေကြတာဗျ၊ စာအုပ်က တော်တော်ကောင်းဆိုပဲ ..”
“အဲဒါဘာဖြစ်လဲ”

www.burmeseclassic.com

www.burmeseclassic.com

“တစ်ယောက်က အဲဒီစွယ်စုံကျမ်းအသစ်ကို ဝယ်မလို့၊ နောက်တစ်ယောက်ကတော့ မဝယ်ဘူးတဲ့”
“အင်း ..”
“အဲဒီမှာ ဝယ်မယ့်သူက မဝယ်မယ်သူကိုမေးတယ်”
“ဘယ်လိုမေးလဲ”
“ခင်ဗျား စွယ်စုံကျမ်းမလိုဘူးလားတဲ့၊ သိမှတ်စရာတွေကို အကိုးအကားနဲ့ ချက်ကျလက်ကျအကုန်လုံး စုဆောင်းထားတဲ့စာအုပ်မို့လို့ ဝယ်သင့်တယ်တဲ့”
“အင်း ..အဲဒီတော့”
“ဟိုလူက မဝယ်ဘူးတဲ့၊ စွယ်စုံကျမ်းမလိုဘူးတဲ့၊ သူ့မိန်းမရှိတယ်တဲ့၊ သူ့မိန်းမက အကုန်သိတယ်တဲ့၊ သူ့မိန်းမ မသိတာ ဘာမှ မရှိဘူး၊ အမှန်ဆို စွယ်စုံကျမ်းအဖုံးကိုတောင် သူ့မိန်းမကို မျက်နှာဖုံးတင်ပြီး ထုတ်သင့်တယ်တဲ့၊ စွယ်စုံကျမ်းထဲမှာ ထည့်မထားတဲ့ ရပ်ကွပ်ထဲက အကြောင်းအရာတွေသတင်းပလင်းတွေကိုဆိုရင် သူ့မိန်းမက အင်မတန်ပိုင်နိုင်တယ်ဆိုပဲ ..”
“အဲဒီတော့ ..”
“အဲဒီတော့ အဲဒီမိန်းမကို ကျွန်တော်သွားတွေ့မယ်ဗျာ၊ သူ့ဆီက တစ်ခုခုသိရနိုင်တယ်”
“အဲဒီမိန်းမကို ရှင်ကဘယ်လိုရှာမှာလဲ”
“သူ့ယောက်ျားမြို့ထဲဝင်သွားတယ်လေ၊ ဈေးသွားဝယ်မလို့ပြောတယ်၊ လိုက်သွားလိုက်မယ်လေ ..”
“အင်း .. ထားပါတော့၊ ဒါဖြင့် ရှင်မြို့ထဲ ဝင်ပြီး ဈေးထဲမှာအဲဒီလူကိုသွားရှာမယ်ပေါ့ ..”
“အင်း .. အခုကိုရှာနေပြီ၊ ကျွန်တော်လည်းမြို့ထဲဝင်ပြီ၊ ဈေးထဲလည်းရောက်ပြီ၊ ဟော .. အဲဒီလူလည်းရှာလို့တွေ့ပြီဗျာ”
“ဟင် .. ရှင်ကလည်းမြန်လိုက်တာ”
ထိုသို့ပြောပြီး ကောင်မလေးက ရယ်သည်။ ကောင်လေးက ပေကပ်ကပ်လေသံဖြင့် ပြန်ပြော၏။
“မြန်မြန်ပဲ”
ကောင်မလေးက ရယ်သံတစ်ဝက်ဖြင့် ..
“ဒါပေမယ့် ရှင်မသိသေးတာ ရှိသေးတယ်ရှင့်”
“ဘာလဲ”
“ရှင့်လူက ပြဿနာတက်နေတယ်၊ သူ့မိန်းမက သူ့ကို ပညာစမ်းလိုက်လို့”
“ဘာပညာ စမ်းလိုက်တာလဲ”
“မြို့ပြင်ဇရပ်မှာ တွေ့လိုက်ကတည်းက ရှင်သူ့ကို သတိမထားမိဘူးလား၊ သူ့မှာ ပန်းသီးတစ်ခြင်းပါတယ်”
သတိမထားမိပါဘူး။ ဟုတ်မှမဟုတ်ဘဲ။ ခုတော့ ကိုယ့်စကားနဲ့ကိုယ်မို့ ရှိပါစေတော့။
“သြော် .. မြင်လိုက်တယ်။မြင်လိုက်တယ်။ အဲဒါဘာဖြစ်လဲ”
“အဲဒီပန်းသီးခြင်းထဲမှာ ပန်းသီးငါးလုံးပါတယ်ရှင့် ”
“ဟုတ်လား”
“အင်း .. လူငါးယောက်ကို တစ်ယောက်တစ်လုံးစီ ပေးဖို့သူ့မိန်းမက မှာလိုက်တာ”
“အင်း ... အဲဒါဘာဖြစ်လဲ”
“ဒါပေမယ့် ခက်တာက ပန်းသီးငါးလုံးကိုလူငါးယောက်ကို ဝေပြီးတဲ့အချိန်မှာ ခြင်းထဲမှာလည်း တစ်လုံးရှိရမယ်တဲ့၊ သူ့မိန်းမက အဲဒီအတိုင်းညွှန်ကြားလိုက်တယ်”
“သြော် .. ဟုတ်လား”
“ဟုတ်တယ်၊ ပန်းသီးဝေခါနီးကျမှ ရှင့်လူဒုက္ခရောက်နေတယ်၊ သူ့အခက်အခဲကို ရှင်ကူညီရလိမ့်မယ်”
“ဒါပေါ့ဗျာ၊ ဒါမှသူက သူ့မိန်းမဆီကျွန်တော့်ကိုလိုက်ပို့မှာပေါ့”
“ကဲ .. ဒါဆိုကူညီလိုက်ပါဦး”
“အခု ... သူဘာလုပ်နေလဲ”
“သူ တတ်သလောက်မှတ်သလောက် စဉ်းစားပြီး ဖြေရှင်းမလို့လုပ်နေတယ်၊ ပန်းသီးကို လူငါးယောက်အစေ့မဝေဘဲ လေးယောက်ထဲဝေမယ်၊ ကျန်တဲ့ပန်းသီးတစ်လုံးနဲ့ အိမ်ကို ခပ်တည်တည်ပြန်မယ်၊ သူ .. ဒီလိုစဉ်းစားနေတယ်”
“ဟာ ဟာ ... အဲလိုလုပ်လို့မဖြစ်ဘူးဗျ၊ မှားသွားလိမ့်မယ်”
“ဟုတ်လား ... ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ”
“အင်း ... ဘယ်လိုလုပ်ရမလဲဆိုတော့ ..”
ဆက်မပြောနိုင်။ ကောင်မလေးက ‘ခိ’ ခနဲရယ်သည်။
“နည်းနည်းတော့ စဉ်းစားဦးမှာပေါ့ဗျ၊ ခင်ဗျားကလဲ”
ကောင်လေးကပြောသဖြင့် ကောင်မလေးက ပိုရယ်သည်။
“စဉ်းစားပါ .. စဉ်းစားပါ .. သိပ်တော့မကြာစေနဲ့ရှင့်”
“မကြာပါဘူး”

www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ်ပင် ဘာမှမကြာလိုက်ပါ။ ကောင်လေးဖြေရှင်းနည်းကို စဉ်းစားလို့ရသွားသည်။
"အိုးဟိုး .. တော်ပါသေးရဲ့"
ကောင်မလေးက ဆတ်တောက်ဆတ်တောက်လေသံဖြင့် မေးသည်။
"ဘာလဲ"
"ခုနက ခင်ဗျားပြောသလို သူအစေ့မဝေတဲ့ ပန်းသီးတစ်လုံးနဲ့ သူပြန်သွားရင် သူ့မိန်းမက ဆီးအော်မှာသေချာတယ်"
"ရှင် .. ဖြေရှင်းနည်းကို စဉ်းစားလို့ရသွားပြီလား"
"အင်း .."
"ပြောပါဦး"
"ပထမ လူလေးယောက်ကို ပန်းသီးတစ်လုံးစီဝေလိုက်ဗျာ"
"အင်း"
"နောက်ဆုံးလူကို ပန်းသီးဝေတော့ ခြင်းနဲ့တစ်ခါတည်းပေးလိုက်၊ အဲဒါဆိုပြီးရောပေါ့ဗျ၊ လူငါးယောက်ကို ပန်းသီးငါးလုံးဝေပြီးတဲ့အချိန်မှာ ခြင်းထဲမှာလည်း ပန်းသီးတစ်လုံးရှိနေတော့တာပေါ့"
"အင်း ... ဟုတ်ပြီ၊ မှန်သွားပြီ"
"ကျွန်တော် အဲလိုဖြေရှင်းပေးလိုက်တော့ ဟိုလူ ကျွန်တော့်ကိုကျေးဇူးတင်မှာပဲ၊ ခုနက သူ့ဖြေရှင်းနည်းအတိုင်းဆိုရင် သူလိမ်လာတာကို မိန်းမက တန်းသိလိမ့်မယ်၊ အဲဒါကြောင့် ကျွန်တော့်ကို ကျေးဇူးတင်စကားတွေ တဖွဖွပြောပြီး သူ့အိမ်ကိုခေါ်သွားတယ် ၊ ကျွန်တော်လည်းလိုက်သွားတယ်"
ကောင်မလေးက ကြည်ကြည်လင်လင်ရယ်သည်။
"ရှင်ကလဲ ဟန်တောင်မဆောင်ဘူးလား"
"မဆောင်တော့ဘူးဗျာ"
"ကောင်းပြီလေ ... ရှင်နဲ့ သူ့မိန်းမနဲ့ နက်ဖြန်ခါကျမှပဲ ဆက်ပြီးဆွေးနွေးကြပေါ့"
"ကောင်းပြီလေ"


* * * * *

"ဟဲလို"
"အဟင်း ... ကျွန်မအကဲခတ်မိသလောက်ကတော့ သူ့မိန်းမက ရှင့်ကိုသဘောကျပါတယ်"
"သဘောကျရမှာပေါ့ဗျာ၊ ကျွန်တော့်လိုကောင်ကို"
"ဒါပေမယ့် ခက်တာက"
"ဟေ့ဟေ့ မခက်နဲ့ဗျာ၊ အဲဒီမိန်းမက သနပ်ခါးလိမ်းထားတဲ့ ဗွယ်စုံကျမ်းကြီးပဲ၊ သူအကုန်သိတယ်၊ သူ ... ကျွန်တော့်ကို ကူညီနိုင်လိမ့်မယ်"
"ဟင် ... ရှင်ကလဲ အတင်းကြီးပါလား"
"ကူညီနိုင်မယ့်လူမို့ ကျွန်တော်က အစီအစဉ်ရှိရှိသွားတွေ့တာဗျ"
"ဟုတ်ပါပြီ၊ သူတတ်နိုင်သလောက်တော့ ရှင့်ကို ကူညီမှာပေါ့၊ ဒါပေမယ့် ခက်တာက .."
"လုပ်ပြန်ပြီဗျာ"
"ခက်တာက ရှင့်ရည်းစားရှင့်၊ ရှင့်ရည်းစားက မြို့စားသမီးဖြစ်နေတယ်၊ နောက်ပြီးသူက ဒီမြို့မှာလည်းအနေနည်းတဲ့သူ၊ နေပြည်တော်မှာအနေများလို့ ရှင်နဲ့ကြိုက်လာတာ မဟုတ်လား"
"ကဲ .. .ထားပါတော့"
"သူက ရှင့်ကို မကူညီတာမဟုတ်ပါဘူး၊ ကူညီပါတယ်၊ ရှင်မျှော်လင့်ထားသလောက် အများကြီးသာမကူညီနိုင်တာပါ"
"ကောင်းပြီလေ .. သူဘယ်လောက်ကူညီနိုင်မလဲ"
"နေဦး .. ရှင့်ကို ကျွန်မဖြတ်ပြောထားရဦးမယ်"
"ဘာလဲ"
"ရှင်သိပ်ဆန္ဒမစောနဲ့"
"ဟင် ..."
"ရှင့်ကိစ္စက လွယ်လွယ်နဲ့ မပြီးဘူး၊ ဗျော့ကို ရှင်ခက်ခက်ခဲခဲ ခေါ် ထုတ်ရမှာ၊ အဆင့်တွေ အများကြီးကိုရှင်ဖြတ်သန်းရဦးမယ်"
"အင်း .."

www.burmeseclassic.com

www.burmeseclassic.com

“အဲဒီတော့ ရှင်စိတ်ရှည်ရှည်ထားပါ”
ဘဝင်မကျစွာဘဲ လေသံတောင့်တောင့်ဖြင့် ကောင်လေးပြောလိုက်သည်။
“ဟုတ်ပါပြီ .. ဟုတ်ပါပြီ”
“ကဲ . ... အဲဒီတော့ အဲဒီအမျိုးသမီးကြီးတွဲပေးမယ့် ရှင့်ရဲဘော်ဆီရှင်သွားရလိမ့်မယ်”
“ဟုတ်ပြီ .. သွားမယ်”
“အဲဒီလူရဲ့ ပုံပန်းသဏ္ဌာန်ကို အမျိုးသမီးကြီးက ရှင့်ဘာသာပုံဖမ်းယူဖို့မှာတယ်”
“ဘယ်လိုပုံဖမ်းယူရမှာလဲ”
ကောင်မလေးက သေသေချာချာပြောပြလေသည်။




“ကျွန်မပြောပြတဲ့ပုံတွေ ရှင် .. မျက်စိထဲမှာမြင်ရဲ့လား”
“မြင်ပါတယ်၊ စာအုပ်အကြမ်းထဲမှာတောင် ကူးဆွဲပြီးသွားပြီ”
“အဲဒီမျက်နှာကခြောက်ခုကို ရှင်းတယ်နော်”
“ရှင်းပါတယ်”
“ရှင်နဲ့တွဲရမယ့် ရဲဘော်က နံပါတ်(၇)မြောက် မျက်နှာတဲ့”
“လာပြန်ပြီ”
“လာမှာပဲ”
“ဟွန်း”
“ဟမ်း”
ရယ်ကြသေးတော့၏။
ကဲ .. လုပ်ပါဦး ၊ ရှင့်ရဲ့ Reversal Thinking ကို ၊ နံပါတ် (၇)မျက်နှာက လက်ရှိ ၆ ထက်ငယ်မလား၊ ကြီးမလား၊ အတွင်းမှာလားအပြင်မှာလား၊ ပြောင်းပြန်တွေ၊ ဇောက်ထိုးတွေ စဉ်းစားပြပါဦး”
“ဟဲဟဲ”
“ဘာ ... ဟဲဟဲ ..လဲ”
“ခင်ဗျားက ကျွန်တော့်ကို အဲလို လမ်းမလွှဲနဲ့လေ”
“ဘာလမ်းလွှဲလို့လဲ”
“ဒီကိစ္စမျိုးက ပြောင်းပြန်တွေးခေါ်မှုနဲ့ ဖြေရှင်းလို့ရတာ မဟုတ်ဘူးဗျ”
“ဘယ်လိုဖြေရှင်းရမှာလဲ”
“ဒါမျိုးက ဆက်နွယ်မှုနဲ့ဆိုင်တယ်၊ Linkage သဘောတရားပါတယ်”
“အင်း ... ဒါဖြင့်လည်းလုပ်ပါဦး၊ ရှင့်ရဲဘော်က ဘယ်လိုမျက်နှာပေါက်ရှိမလဲဆိုတာကို ... ဟောကြားသွန်သင်ပါဦး”
“ရပါတယ် .... ဒါကလွယ်ပါတယ်”
“အင်း ... ”
“ဒီမျက်နှာတွေကို အစဉ်လိုက်သဘောတွက်ချက်သွားရမှာ၊ ခင်ဗျားကိုရှင်းပြရင်းနဲ့
ကျွန်တော်တစ်ခါတည်းအဖြေဖော်သွားမယ်”
“လုပ်လိုက်လေ”
“နံပါတ်ခုနစ်မျက်နှာက အဝိုင်းကျရမယ့် အလှည့်ဗျ၊ နှစ်ခုမြောက်လေ ...”
“အင်း”
“ပြီးတော့ .. ရယ်နေရမယ့်မျက်နှာဗျ၊ တစ်ခုကျော်စီလေ”
“အင်း ... ”
“နောက် .. မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ရဲ့ အစိတ်အပိုင်းတွေအားလုံးထောင့်ချွန်ဖြစ်နေရမယ်၊ သဘောပေါက်လား”
“အံမယ် ... လာလာချည်သေး”
“ကဲကဲ .. ဘယ်လိုလဲ၊ ကျွန်တော်ဖြေတာ မှန်တယ်မဟုတ်လား”
ပြောပြောဆိုဆိုကောင်လေးက အကြမ်းစာအုပ်ပေါ်မှာ နံပါတ်ခုနစ်မျက်နှာကိုဆွဲချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com




"အင်း .. မှန်တယ်ဆိုကြပါစို့"
"အေးဗျ၊ မျက်နှာကတော့ တော်တော်ပြောင်ချော်ချော်နိုင်တဲ့မျက်နှာ"
"ငါ့ရုပ်အတိုင်းပဲလို့ မတွေးမိဘူးလားရှင်"
"အဲလိုလည်းမအစ်နဲ့လေဗျာ၊ ခင်ဗျားမြင်ဖူးချင်ရင် ကျွန်တော့်ဓါတ်ပုံပို့ပေးလိုက်ပါ့မယ်"
"ဝေးသေး .. မမြင်ချင်ပါဘူး"
"နေပါဦး .. သူ့နံမည်က ဘယ်သူလဲဗျ"
"အင်း ... သူ့ကိုလည်း ရှင့်ဖာသာရှင်ပဲ နံမည်ပေး"
"နဂိုက သူ့အဖေနဲ့အမေက သူ့ကို နံမည်ပေးမထားကြဘူးလား"
"ဒါတော့မသိဘူးလေ၊ ရှင့်ဘာသာရှင်ပဲပေး"
"အင်းလေ .. ပြီးရောပေါ့၊ သူ့အတွက် ကျွန်တော်ကပဲ အဖေ၊ ကျွန်တော်ကပဲ အမေလုပ်ပေးရတော့မှာပေါ့၊ ဒီလိုလုပ်"
"အင်း .. "
"သူ့နံမည့်ကို .."
"အင်း .."
ကောင်လေးက တွေးတွေးဆဆဖြင့် ..
"ငထွားလို့ခေါ်မယ်"
"ဘာရယ် .. "
"ငထွား"
"ငထွား"
"အင်း .."
"ရှင်မှည့်တဲ့နံမည်တွေကလည်းရှင်"
"ဒီလိုလေဗျာ ... သူက ကျွန်တော့်ကို ကူညီရမှာမဟုတ်လား"
"အင်း ..."
"အဲဒါဆိုသူက ကြားထဲက ခါးနာကိန်းရှိတယ်လေ၊ အဲဒါကြောင့် ဒီနံမည်ပေးတာ"
"ရှင့်ဟာနဲ့ ရှင်ကတော့ ဟုတ်နေတာပဲ"
"နေပါဦး၊ ငထွားက ကျွန်တော့်ကို ဘာကြောင့်ကူညီရမှာလဲ"
"ရှင်ကသူ့ကိုကူညီလို့ပေါ့"
ကောင်လေးသဘောပေါက်လိုက်သည်။
"သြော် ... ကျွန်တော်က သူ့ကို ကူညီရအုံးမယ်ပေါ့"
"ဒါပေါ့ .."
"ပြောလေ .. ဘာကူညီရမှာလဲ"
"ရှင် .. လမ်းဆုံလမ်းခွကို သွားလိုက်၊ အဲဒီမှာ ကျောက်သင်ပုန်းကြီးတစ်ချပ်ထောင်ထားတယ်၊
ကျောက်သင်ပုန်းကြီးရဲ့အပေါ်ဆိုင်းဘုတ်မှာ .. မျဉ်းတစ်ကြောင်းဆွဲထားတယ်"
ကောင်မလေးက မျဉ်းကြောင်းပုံစံကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

“ကျောက်သင်ပုန်းပေါ်မှာ ဒီမျဉ်းကြောင်းတွေဆွဲထားတယ်ဟုတ်လား”
“အင်း …”
“ဘာအဓိပ္ပာယ်လဲ”
“ရှင့်ဘာသာရှင် ဖော်လေ”
“ဗုဒ္ဓေါ”
ကောင်လေး ခေါင်းကုတ်မိသည်။ အကြမ်းစာအုပ်ပေါ်က မျဉ်းကြောင်းများကို ပြူးတူးပြဲတဲဖြင့် နှစ်ခါသုံးခါ
ငုံ့ကြည့်မိရင်း ..
“သြော် ..”
“ဘာသြော်တာလဲ ၊ သဘောပေါက်ပြီလား”
“အရှေ့အနောက်တောင်မြောက် ပြထားတဲ့မျဉ်းကြောင်းပဲ”
“ဟုတ်လား၊ အဲဒါဆို ကျောက်သင်ပုန်းပေါ်မှ ဘာတွေရေးထားမလဲ”
“အဲ”
ကောင်လေး အကြပ်ရိုက်နေသည်။ ပြီးမှ ..
“ဟာ ..နေဦး၊နေဦး”
“ဘာနေရမှာလဲ”
ကောင်မလေးရယ်ချင်နေပုံရသည်။
“မျဉ်းကြောင်းက၊ အရှေ့အနောက်တောင်မြောက်မျဉ်းဆိုတာတော့ဟုတ်တယ်ဗျ”
“အင်း .. အဲဒီတော့”
“ဒါပေမယ့် ကျောက်သင်ပုန်းပေါ်ကတော့ လမ်းညွှန်မြေပုံဆွဲထားမှာ မဖြစ်နိုင်ဘူး”
“ဒါဖြင့်ဘာဖြစ်မလဲ”
“ခဏဗျာ”
ကောင်လေးစဉ်းစားနေသည်။ အသည်းအသန်ပင်စဉ်းစားနေရသည်။ တစ်ဘက်မှ ကောင်မလေးရဲ့
အသံထွက်ပေါ်လာသည်။
“ဘာသံလဲ”
“ဟင် ..”
“ဘာသံလဲလို့ တတောက်တောက်နဲ့”
“သြော် .. ဒီမှာကျွန်တော်စဉ်းစားနေတာပါ”
““ဟင် … ရှင်က စဉ်းစားရင် အဲလိုတတောက်တောက်အသံထွက်သလား”
“မဟုတ်ပါဘူးဗျာ ၊ စဉ်းစားရင်းနဲ့လက်ထဲက ဘောလ်ပင်ကို စားပွဲမှာ တတောက်တောက်ခေါက်နေမိတာပါ”
“သြော် .. သြော်”
ကောင်မလေးကရယ်သည်။ ကောင်လေးကတော့ မရယ်နိုင်၊ ကောင်မလေးရယ်သံမဆုံးခင်မှာပဲ
ကောင်လေးရဲ့ခေါင်းထဲအတွေးတစ်ခု ဖျတ်ခနဲပွင့်၏။
“ဟာ .. သိပြီ”
“သိပြီလား”
“အင်း .. သိပြီလို့ထင်တာပဲ”
“ဒါဖြင့်ရင်ပြောပါဦး၊ ကျောက်သင်ပုန်းပေါ်မှာ ဘာတွေရေးထားတာလဲ”
“သတင်းဗျ”
“သတင်း .. ဟုတ်လား”
“ဟုတ်တယ်”
“ဘာဖြစ်လို့လဲ”
“အရှေ့၊အနောက်တောင်မြောက် ဆိုတာ NEWS ကိုပြောတာဗျ၊ North ရယ်၊ East ရယ်၊ West ရယ်၊ South
ရယ်ကိုပေါင်းထားတာပဲ၊ အဲဒီမျဉ်းကြောင်းကသတင်းလို့ရေးထားတာဗျ”
ကောင်မလေးဘက်က တုံ့ပြန်သံမကြားရ၊ တစ်ချက်ကြောင်အမ်းသွားပြီးမှ ကောင်လေးက အသံပေးလိုက်သည်။
“ဟိတ်”
“ဘာလဲ”
“ပြောလေ .. ဟုတ်တယ်၊ မဟုတ်လား”
“အင်း ..”
ကောင်မလေး၏လေသံက တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ ပြီးမှ …
“ဟုတ်တယ်၊ ရှင်တော်တယ်”

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် တော်တယ်ဟုတ်လား"
"အင်း ... ဒီနေရာမှာတော့ ကျွန်မချီးကျူးတယ်၊ ဒီပြင်တစ်ယောက်ယောက်ဆိုမှားသွားမယ်၊ လမ်းညွှန်မြေပုံလို့ပဲ ထင်သွားနိုင်တယ်"
"အဟဲ"
"ကဲ .. အဲဒီတော့ ရှင့်ကိုကျွန်မက ကျောက်သင်ပုန်းမှာရေးထားတဲ့သတင်းကို ပြောပြမယ်"
"အင်း .."
"အဲဒီသတင်းကို ငထွားက ရေးထားတာရှင့်"
"ဟုတ်လား .. ဘာတဲ့လဲ"
"သူ့အခက်အခဲတစ်ခုကို ကူညီပြီးဖြေရှင်းပေးကြဖို့အရေးပြတောင်းဆိုထားတာ၊ အဲဒါကို ရှင်ကကူညီလိုက်ရမှာ"
"ဟုတ်ပြီ၊ သူရှိမယ့်နေရာကိုလည်း လိပ်စာရေးပေးထားတယ်၊လိုက်သွားလို့လွယ်တယ်"
"ဟုတ်ပြီ၊ဟုတ်ပြီ၊ သူက ဘာဖြစ်နေတာလဲ၊ ကျွန်တော်ကဘာကူညီရမှာလဲ"
"သူက ... ကောက်ရိုးပုံထဲမှာ အပ်ကျပျောက်သွားတာရှင့်"
"ဩော် .. ကျွန်တော်က အဲဒီအပ်ကို ပြန်ရှာပေးရမှာပေါ့"
"ဟုတ်တယ်၊ အဲဒီအပ်ကို ပြန်ရှာပြီး ငထွားဆီလိုက်သွားလိုက်လေ၊ သူက ရှင့်ကို ပြန်ကူညီပေးမှာပေါ့"
"ဒါများဗျာ"
"ဩော် .. ရှင်ကအဲဒီအပ်ကိုပြန်ရှာပေးနိုင်မယ်ပေါ့"
"ရှာပေးနိုင်တာပေါ့"
"ကောက်ရိုးပုံထဲအပ်ကျနေတာကိုမပြောနဲ့၊ ကောက်ရိုးပုံထဲခင်ဗျားဝင်ထိုင်နေရင်တောင် ရှာပေးနိုင်တယ်"
"ကျွန်မကလူတစ်ယောက်လုံးရှင့် အပ်ကသေးသေးလေး"
"ရတယ်"
"နေပါဦး၊နေပါဦး၊ ကျွန်မကဘာလို့ကောက်ရိုးပုံထဲ သွားထိုင်ရမှာလဲ"
"ဒါတော့ ကျွန်တော်ဘယ်သိမလဲဗျ၊ ခင်ဗျားအကြောင်းနဲ့ခင်ဗျားပဲဟာ"
"အံမာ .. အံမာ"
ကောင်လေးလက်ထဲက တယ်လီဖုန်းမှာ နားထောင်ခွက်က ဆွေ့ဆွေ့ခုန်သွားသည်။ ကောင်လေးက ...
"ဒီမယ် .."
"ဟင် .."
အဲဒီကောက်ရိုးပုံကို မီးရှို့ပစ်လိုက်၊ ပြာတချို့၊ကောက်ရိုးတစ်ချို့လေလွင့်သွားလိမ့်မယ်၊ ကျန်ခဲ့တဲ့ပြာတွေကို ရေနဲ့တိုက်စစ်ချလိုက်၊ အပ်ပြန်တွေ့လိမ့်မယ်၊ ပြောနေကြတယ်၊ ရှာလိုက်ပြီဗျာ၊ ပြန်တွေ့ပြီဗျာ .. ဟဲဟဲ"
ကောင်မလေးက ဘာမှမပြော၊ တစ်ဘက်သား မခံချင်အောင်ကောင်လေးကပဲဆက်ပြောနေသည်။
"ငထွားရဲ့လိပ်စာက ဘယ်မှာပါလိမ့်၊ ဟော .. တွေ့ပြီ၊လိုက်သွားဦးမယ် .. ဟဲဟဲ"
"လိုက်လေ .. ရှင်လိုက်သွားပေါ့၊ အခုလိုက်သွား မနက်ဖြန်ကျမှပဲ တွေ့လိုက်ကြပေါ့ဟုတ်လား"
ဂလောက် ။

* * * * *

"ကဲ ..ကျွန်တော်နဲ့ ငထွားနဲ့ တွေ့ကြပြီလား"
"ရှင်လိုက်သွားပြီမဟုတ်လား၊ လိုက်သွားရင် တွေ့ရမှာပေါ့"
"နေဦး .. ကျွန်တော်ကြုံမေးဦးမယ်၊ ငထွားကိုကျွန်တော်က ဘယ်လိုအားကိုးလို့ ရမလဲ"
"ငထွားက လူလည်ရှင့်"
"လူလည်ဆိုတော့ မကောင်းဘူးပေါ့"
"အဲလိုတော့လည်း မဟုတ်ဘူးလေ၊ လည်လည်ဝယ်ဝယ်ရှိတာကိုပြောတာ၊ ပျော်တတ်တယ်၊ စွန့်စွန့်စားစားလုပ်ရဲတယ်၊ လိုရင်းကိုပြောရရင် ခိုင်းလို့ကောင်းတယ် ဆိုပါတော့ရှင့်"
"ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒီလောက်ဆိုရင် ကျွန်တော်ခိုင်းတတ်ပြီ"
"သူ့ကို ရှင့်ရဲ့စစ်သည်တော်တစ်ယောက်လို အသုံးချလို့ရတယ်၊ ခိုင်းလို့ရတယ်"
"အိုကေ ... ကောင်းပြီ၊ ကျွန်တော်သူနဲ့တွေ့ပြီဗျာ၊ သူ့အပ်ကလေးကိုပေးလိုက်ပြီ"
"အင်း ... အဲဒါဆိုတော့ သူကရှင့်ကိုကျေးဇူးတင်သွားမှာပေါ့"
"ကျွန်တော်ကသူ့ကို ကျွန်တော့်ကိစ္စအကူအညီတောင်းပြီ၊ သူက ကူညီမယ်ပြောတယ်"
"ဒါပေမယ့် သူစိတ်လေးနေတယ်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... ဘာဖြစ်လို့လဲ"
"ရှင့်ကို ကူညီဖို့ဆိုတာက သူမြို့စားကြီးရဲ့ စံအိမ်တော်ထဲထိ ထိုးဖောက်ဝင်ရမှာ"
"ဟင် .. ခင်ဗျားပြောတော့ သူကစွန့်စားရဲတဲ့သူဆို"
"ဟုတ်တယ်၊ အဲဒီစံအိမ်တော်ထဲကိုဝင်ရမှာကိုကြောက်တာမဟုတ်ဘူး၊ သူ့အိမ်ကလေးကို ဒီအတိုင်းထားသွားရမှာ စိတ်မချတာ"
"တံခါးပိတ်ပြီးထွက်လာခဲ့ပေါ့ဗျာ .. ဒါဘာခက်တာမှတ်လို့"
"မဟုတ်သေးဘူးရှင့်"
"ဘာမဟုတ်တာလဲ"
"သူက 'မီး' ကိုကြောက်နေတာ"
"ဘာရယ် ..."
"မီးကိုသူကြောက်နေတယ်၊ ခုတလော သူတို့ရပ်ကွက်ထဲမှာ ခဏခဏမီးလန့်နေတယ်၊ သူ့အိမ်လေး ပါသွားမှာကို စိုးနေတယ်"
"ဒီလောက်လည်း မကြောက်နဲ့လို့အားပေးရမှာပေါ့ဗျာ၊ ဖျောင်းဖျရမှာပေါ့ဗျာ"
"ရိုးရိုးပြောလို့တော့ မရဘူးရှင့် ၊ သူဘဝင်ကျသွားအောင် ထိထိမိမိပြောဖို့လိုတယ်"
"အင်း ... အဲဒါဆို"
ကောင်လေး ခဏစဉ်းစားလိုက်သည်။ ပြီး ...
"ဟိတ်"
"ပြော"
"ကျွန်တော်သူ့ကို ရေအေးအေးလေးတစ်ခွက်လောက်တိုက်လိုက်မယ်ဗျာ"
"ဟင် .. ဘာဆိုင်လို့လဲ"
"ဆိုင်လာလိမ့်မယ်"
"ပြောပါဦး"
" သူ ... ရေသောက်ပြီးသွားတဲ့အချိန်မှာ မင်းဗိုက်ထဲအဲဒီရေရောက်သွားတော့ မင်းဘာဖြစ်သလဲလို့မေးမှာပေါ့"
"ရေပဲ ဘာဖြစ်ရမှာလဲ"
"ဟုတ်တယ်၊ ထွေးကလည်း အဲလိုပဲပြန်ဖြေတယ်"
"အံမယ် ... ကဲပြောပါဦး၊ အဲဒီတော့"
"အဲဒီတော့ ကျွန်တော်ကပြောလိုက်တယ်၊ မီးကိုမင်းကြောက်နေစရာမလိုဘူး၊ မီးက မင်းလိုတောင်ရေမသောက်ရဲဘူး၊ သူ့ဗိုက်ထဲရေရောက်ရင် သူ .. ဘဝပျက်ရော ... လို့"
"ခစ် .. ခစ်"
"အဲဒီတော့ ထွေးလည်း အူကြောင်ကြောင် ဖြစ်ပြီး မီးကို မကြောက်တော့ဘူးဗျ"
"သူက ဘာပြန်ပြောလဲ"
"ဟုတ်သားပဲ .. တဲ့"
ပြီး ရယ်လိုက်မိကြသည်။
"အင်း .. ဟုတ်ပြီ၊ အဲဒါဆိုရင်တော့ မီးဘေးရန်ကို သူမကြောက်တော့ဘူးပေါ့၊ ဒါပေမယ့်တစ်ခုရှိတယ်၊ သူတို့ရပ်ကွက်ထဲမှာက သူခိုးလည်းပူနေတယ်တဲ့"
"ရပါတယ်ဗျာ၊ ကျွန်တော်သူ့ကို သူခိုးနိုင်ဂါထာပေးမယ်"
"သူခိုးကို တကယ်နိုင်သလား"
"နိုင်တယ်၊ ဒီဂါထာကို ရွတ်သံကြားရင် သူခိုးက ပြေးတော့တာပဲ"
"ပြောပါဦး၊ ဂါထာက ဘယ်လိုလဲ"
"ဂါထာက တိုတိုလေးဗျ၊ စာလေးလုံးထဲ"
"ဘာလဲ 'အကုန်ယူသွား' ဆိုတာလား"
"တောက်တီးတောက်တဲ့ဗျာ၊ အဲဒါသူခိုးနိုင်ဂါထာမဟုတ်ဘူး သူခိုးလာဂါထာ"
"ဒါဖြင့်ပြောပါဦး၊ ရှင့်ရဲ့ဂါထာကို"
" OICU တဲ့"
"သြော် .. ဗြိတိသျှဂါထာပေါ့"
"ဟုတ်တယ်၊ ဘိလပ်ပြန်ဂါထာ"
"ဘာတဲ့တုန်း"
"ရှင်းရှင်းလေးပါ"
"အင်း .. ပြော"

www.burmeseclassic.com

"မင်းကို ငါမြင်တယ်၊ ' Oh! I see you ' တဲ့"
"သြော် .. သြော်"
သဘောကျစွာ ကောင်မလေးက တခစ်ခစ် ရယ်လေသည်
ပြီးမှ ...
"အင်း .. ရှင့်ဂါထာက ကောင်းတော့ကောင်းတယ်၊ ဒါပေမယ့်"
"ဒါပေမယ့် ဘာဖြစ်လဲ"
"သူက ရှင့်ကိစ္စနဲ့ အိမ်ကိုပစ်သွားရမယ်ဆိုတော့ ဂါထာတခြားသူခိုးတခြားဖြစ်နေလိမ့်မယ်"
"အင်း ... ဟုတ်သားပဲ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကျွန်တော်ကြည့်စီစဉ်လိုက်ပါ့မယ်"
"ဘယ်လိုစီစဉ်ပေးမလဲ"
"သူ့အိမ်အဝမှာ သူခိုးကွင်းဂါထာရေးထားခဲ့မယ်"
"သူခိုးကွင်းဂါထာ .. ဟုတ်လား"
"ဟုတ်တယ်၊ အိမ်ဝမှာ အဲဒီဂါထာရေးထားရင် ဘယ်သူခိုးမှ မလာတော့ဘူး"
"အင်း ဆိုပါဦး၊ ဂါထာက ဘယ်လိုတုန်း"
" OICURMT တဲ့"
"ဟင် .. ခုန ဂါထာနဲ့ ဆင်တူရိုးမှားပါလား"
"ဒီလောက်တော့ ရှိမှာပေါ့"
ကောင်မလေးက စိတ်ဝင်တစားမေးသည်။
"အဓိပ္ပာယ်ကိုပြောပါဦး"
"မင်းက .. ဟောင်းလောင်းကြီးပါလား၊ Oh! I see you are empty. တဲ့ အိမ်ထဲမှာ ဘာမှ မရှိဘူး၊ အိမ်က အခွံကြီးသက်သက်မို့ စိတ်ပျက်စရာဆိုတဲ့ သဘောပေါ့"
"အင်း .. ရှင့်ဟာနဲ့ရှင်တော့ ဟုတ်နေတာပဲ"
"ဟဲဟဲ .. တခြားဘာရှိသေးလဲ"
"ငထွားရဲ့ နောက်ဆံငင်စရာတွေလား"
"ဟုတ်တယ်"
"ရှိသေးတာပေါ့ရှင်"
"ပြော .. ဘာလဲ၊ တခါတည်းရှင်းပေးသွားမယ်"
"သူ့မှာ သူမွေးထားတဲ့ ဒေါင်းမကြီးရှိသေးတယ်"
"ဒုက္ခ"
"ဒေါင်းမကြီးက ကိုယ်လေးလက်ဝန်ကြီးနဲ့"
"ဟုတ်လား"
"အင်း ..ရှင်ငထွားကို လာခေါ်တဲ့အချိန်မှာ ဒေါင်းမကြီးက မရှိဘူး၊ အစာထွက်ရှာစားနေတယ်"
"အင်း .. အဲဒါဘာဖြစ်လဲ၊ ဒေါင်းမကြီးက သူ့ဘာသာသူ အစာရှာ စားသောက်တတ်တာပဲ၊ ထွားမရှိလို့ ဘာမှမဖြစ်ပါဘူး"
"ပြသနာက ရှိတော့ ရှိနေတယ်ရှင့်"
"ပြော ..."
"သူမရှိတုန်း ဒေါင်းမကြီးက သူ့ဘေးခြံထဲက အိမ်မှာ သွားဥလိုက်မှာ ငထွားက စိုးရိမ်နေတယ်"
"ဒေါင်းဥတွေကို သူ့အစား သူများက အပိုင်စီးသွားမှာစိုးလို့လား"
"ဟုတ်တယ်၊ ပြုတ်စားလိုက်မှာစိုးလို့၊ ငထွားက ဒေါင်းကောင်ပေါက်လေးတွေ ဖောက်ချင်တယ်"
"သြော် .. အဲ့လိုလား"
"ဟုတ်တယ်၊ အဲဒီကိစ္စကိုလည်း ငထွားက နောက်ကြောင်းမအေး ဖြစ်နေတယ်"
"သူ့ဘေးအိမ်က လူကို ပြေပြေလည်လည်ညှိနိုင်းကြည့်ပေါ့"
ကောင်လေးပြောသောစကားမှာ ရယ်စရာမပါဘဲနှင့်ကောင်မလေးက တခစ်ခစ်ရယ်သည်။
"အဲလူကိုလည်း ညှိလို့မရဘူးရှင့်၊ သူတို့ချင်းက မတည့်ကြဘူး"
"ဟုတ်လား"
"ဟုတ်တယ်၊ အစတည်းက ဘေးအိမ်က ကြိမ်းနေတာ၊ ဒေါင်းမသာ သူတို့ခြံဘက် လာဥလို့ကတော့ အဲဒီဥတွေကို ပြုတ်စားလိုက်မှာတဲ့"
"ရော် .."
တစ်ဘက်မှ ကောင်မလေးရဲ့ ခပ်တိုးတိုးရယ်သံကို ကြားရသည်။
ကောင်လေးမျက်မှောင်ကြုပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလဲ ...
ဒီပြဿနာက ဘယ်လိုလဲ၊ ဘာမှ မဟုတ်သလိုနှင့် တစ်ခုခုတော့ ထူးနေသည်။
"အင်း .."
"ဘာလဲ .. ဘယ်လိုဖြေရှင်းမလဲ"
"ဒီကိစ္စကဗျာ"
"အင်း ..ပြောပါဦး"
"အိုး .."
"ဘာလဲ"
"တော်ပါသေးရဲ့၊တော်ပါသေးရဲ့"
"ဘာတော်တာလဲ"
"ကံကြီးပေလို့ပဲ၊ ခင်ဗျားရဲ့ ဆင်ကွက်ထဲ ဝင်သွားတော့မလို့"
"အလိုတော် .. ရှင့်ကို ကျွန်မက ဘာမှလဲ အကွက်မဆင်ရပါလား၊ ဖြစ်နေတာက ငထွားနဲ့ သူ့ဘေးအိမ်က ပြဿနာပါ"
ကောင်လေးခပ်မဲ့မဲ့ပြုံးလိုက်သည်။ တော်တော်လာတဲ့ကောင်မလေးပဲဟုလည်း တွေးမိသည်။
"ဒီမယ် .."
"ပြောလေ"
"ငထွားနဲ့ သူ့ဘေးအိမ်က လူရဲ့ ပြဿနာကို ကျွန်တော်ဖြေရှင်းပေးလိုက်ပြီ၊ ပြီးသွားပြီ"
"ဘယ်လိုဖြေရှင်းပေးလိုက်တာလဲ"
"ဒေါင်းဟာ နို့တိုက်သတ္တဝါဖြစ်ကြောင်း၊ ကျွန်တော်ရှင်းပြလိုက်တယ်ဗျာ"
"ဘယ်သူ့ကိုရှင်းပြလိုက်တာလဲ"
"ငထွားတို့နှစ်ယောက်လုံးကိုပေါ့"
"ဘယ်လိုပက်သက်လို့လဲ"
"မပက်သက်ဘဲ နေမလားဗျ၊ ဒေါင်းဟာအကောင်လိုက်မွေးတာ၊ မဥဘူးဆိုတာပြောပြလိုက်တယ်"
ကောင်မလေးရဲ့ ရယ်သံက နားထောင်ခွက်ထဲကို ကြယ်တံခွန်တစ်စင်းလိုပျံသန်းထိုးကျလာသည်။
"တော်ပါသေးရဲ့ဗျာ၊ အငိုက်မိတော့မလို့"
"ဟော့လူ"
ကောင်မလေးက ခေါ်လိုက်ခြင်းဖြစ်သည်။
"ဗျာ .."
"ရှင် .. ဉာဏ်တော့ အကောင်းသားရှင့်"
"ဟုတ်လား .."
"အင်း .. ဗဟုသုတလည်း စုံတယ်"
"ထင်လို့ပါ"
"မဆီမဆိုင် ကျွန်မဖြတ်မေးချင်တာလေး ရှိတယ်၊ မေးရမလား"
"မေးကြည့်လေ"
"အင်း .. ရှင်ဖြေကြည့်ပေါ့နော်"
"ဟုတ်"
"ကျွန်မ သူငယ်ချင်းကောင်မလေးတစ်ယောက်ကို ခေါ်တောတစ်ယောက်က အတင်းပဲစကားလိုက်ပြောတယ်"
"အင်း .."
"အဲဒါ ဘယ်လိုပြန်ပြောလိုက်ရင် ဒီခေါ်တော နောက်က ဆက်မလိုက်တော့ဘဲ နေမယ်ဆိုတော ရှင်သိနိုင်မလား၊ တွေးကြည့်လို့ရမလား"
ကောင်လေး ခေါင်းကုတ်မိသည်။ အဲဒါမျိုးကိုတော့ ကိုယ်လည်းအကြံမပေးတတ်။ သို့သော် ဟန်ကိုယ့်ဖို့ဆိုသော စကားအတိုင်း ...
"ကိုယ့်ဖက်က ဘယ်လိုပြန်ပြောရမလဲဆိုတာ သူ့ဖက်က ဘာတွေလာပြောသလဲဆိုတဲ့အပေါ် မူတည်တာပေါ့ဗျ"
"အိုး .. ဒီလိုပဲပေါ့ရှင်၊ ဟိုဟာလိုက်မေး၊ သည်ဟာလိုက်မေးပေါ့"
"ဂွတိုက်ဖြေပစ်လိုက်ပေါ့ဗျာ"
"အင်း .. အဲလိုမဖြေတတ်လို့ပေါ့ရှင်"
"ကဲ .. ပြောဗျာ၊ အဲဒီခေါ်တောက ဘာလာမေးလဲ"
"တယ်လီဖုန်းနံပါတ် ကိုမေးတယ်ရှင့်"
"ပြောလိုက်ပေါ့"
"ဟင် .. ပြောလိုက်ရမယ်"

www.burmeseclassic.com

"မဟုတ်ဘူးလေ၊ ကျွန်မရဲ့ဖုန်းနံပါတ်က ဖုန်းလမ်းညွှန်စာအုပ်ထဲမှာ ရှိတယ်လို့ ပြောလိုက်ပေါ့"
"အဲဒီတော့ နံမည်ထပ်မေးပြန်ရောရှင် "
"ပြန်ပြောလိုက်လေ"
"ဘယ်လိုပြန်ပြောရမှာလဲ"
"နံမည်လည်း ဖုန်းလမ်းညွှန်စာအုပ်ထဲမှာ ပါတယ်လို့"
ကောင်မလေးက ရယ်သည်။ ရေရွတ်နေကျ စကားကို ထုံးစံအတိုင်း ထပ်ရေရွတ်သည်။
"အင်း ... ရှင့်ဟာနဲ့ ရှင်ကတော့ ဟုတ်နေတာပဲ"
"ဒါပေါ့ဗျ၊ လူဆိုတာ ကိုယ့်ဟာနဲ့ကိုယ် ဟုတ်နေဖို့အရေးကြီးတယ်"
"နောက်ပြီး တစ်ခုမေးချင်သေးတယ်"
"မေးလေ .."
"ကိုယ်လက်မခံနိုင်တဲ့ လူတစ်ယောက်ကို စကားတစ်လုံးထဲနဲ့ ငြင်းလို့ရမလား"
"ရတာပေါ့ ..နိုး .. လို့ ငြင်းလိုက်ပေါ့"
"မဟုတ်သေးဘူးရှင့်၊ နိုး ဆိုတာက ငြင်းရုံသက်သက်ဖြစ်နေတယ်၊ လိုချင်တာက အဲဒီငြင်းလိုက်တဲ့ တစ်လုံးတည်းသောစကားမှာ သူ့ကို လက်မခံနိုင်တာရော၊ သူ့ကိုမျက်မုန်းကျိုးနေတာရော ပါသွားစေချင်တယ်၊ အဲဒီစကားလုံးကြောင့် သူကလည်း ကိုယ့်ကိုလန့်ဖျပ်စိတ်ကုန် သွားတာမျိုးကို လိုချင်တယ်"
"ပြောလိုက်ပေါ့ဗျာ"
"ဘယ်လိုပြောလိုက်ရမှာလဲ"
"ရှီး ... လို့"
"ရှင် .. ရှင့်ဟာကြီးကလည်း"
"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ခင်ဗျားတစ်မျိုးလျှောက်မတွေးနဲ့၊ Ye လို့ပြောခိုင်းတာ၊ 'ဟဲ့ မောင်မင်း' ဆိုတဲ့သဘောပေါ့၊ မတူသလိုမတန်သလိုပေါ့"
"ဘာဆိုင်လဲရှင်၊ သိပ်မဟုတ်သေးပါဘူး"
"ကဲ .. ဒါဖြင့်ရင်လည်း 'ထွီ' လို့သာငြင်းလိုက်တော့"
"အဲ .. အင်း ဟုတ်တယ်၊ အဲဒါအထိဆုံးပဲ"
ကောင်မလေး သဘောကျသွားသည်။ နှစ်ယောက်လုံး တစ်ပြိုင်နက်ရယ်လိုက်မိကြသည်။ ရယ်သံအဆုံးမှာ ကောင်မလေးက တိတ်တိတ်လေး ဖုန်းချသွားသည်။

* * * * *

"ဟဲလို"
"ဟဲလိုမနေနဲ့တော့၊ ငထွားကို ရှင်ခေါ်သွားလို့ရပြီ"
"ခေါ်မသွားဘူး၊ ငထွားကို ကျွန်တော်က လွှတ်ပြီးခိုင်းလိုက်မှာ"
"ဘယ်ကိုခိုင်းမှာလဲ"
"ခင်ဗျားကြောင်းပေးထားတဲ့အတိုင်းပဲပေါ့၊ မြို့စားကြီးရဲ့ဂေဟာဝင်စုံစမ်းခိုင်းရမှာပေါ့"
"ပြီး ... ရှင်တို့ ဘယ်မှာပြန်ဆုံကြမှာလဲ"
"သူ့ဘာသာ ကျွန်တော့်ကို ဆက်သွယ်လိမ့်မယ်"
"ရှင် အခု ငထွားကို လွှတ်လိုက်ပြီလား"
"လွှတ်လိုက်ပြီ"
"အင်း "
"ဘာ အင်း လဲ"
"ရှင်က အခုဘာဆက်လုပ်မလဲ"
ကောင်မလေးရဲ့အမေးကြောင့် ကောင်လေးတောင် တွေဝေသွားသည်။ အမှန်ပင် သူဘာဆက်လုပ်ရမလဲ မသိချေ။ ထို့ကြောင့် ..
"ဟော့"
"ဘာလဲ"
"အခု ကျွန်တော်က ချစ်သူပျောက်ရှာပုံတော်ဖွင့်တာနော်"
"အင်း အဲဒါဘာဖြစ်လဲ"
"ကဗျာလေးဘာလေး ရွတ်လို့မရဘူးလားဗျ၊ ချစ်၍ခေါ်မည်လိုက်တော်မူခဲ့ မပျောင်းနွဲ့နှင့် .."

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်တယ် .... ချစ်၍ခေါ်မည်လိုက်တော်မူခဲ့ မသောင်းနွဲ့နှင့် ဟုတ်လား"
"ဘယ်က မသောင်းနွဲ့လဲ"
"အဲဒါ .. ကျွန်မက ရှင့်ကို မေးမလို့၊ ရှင့်ရည်းစားက ဖျော့လေ၊ ခုမှ ဘယ်က မသောင်းနွဲ့က ပါလာရတာလဲ"
"ခင်ဗျားကလဲဗျာ"
အလိုမကျသံနှင့် ကောင်လေးက ရေရွတ်လိုက်မိသည်။
"ဘာလဲ"
"မပျောင်းနွဲ့နှင့်ပါဗျ .. ဘယ်က မသောင်းနွဲ့နှင့်ရမှာလဲ"
"ဟုတ်လား .. ကဲထားပါတော့၊ ရှင် ရွတ်မယ်ဆိုတာ အဲဒီကဗျာလား"
"အဲဒီကဗျာက ဒီလောက်ပဲရတာဗျ၊ တခြားကဗျာပဲ ရွတ်မယ်"
"ဘယ်နေရာမှာရွတ်မှာလဲ"
"လမ်းဆုံလမ်းခွမှာ ရွတ်မယ်ဗျာ၊ အဲဒါဆို ဖျော့နားကို ပေါက်နိုင်တယ်"
"မရှက်ဘူးလား"
"မရှက်နိုင်ပါဘူးဗျာ၊ ကဲ .. ရွတ်တော့မယ်၊ 'သစ္စာတိုင် .. တေးထပ်' ကိုရွတ်မယ်၊ ချစ်သော ဖျော့အတွက်ပေါ့ .. ဟဲဟဲ"
ပြီး .. ကောင်လေးက အသံနေအသံထားနှင့် ရွတ်သည်။
"လယ်ပုစွန်ခေါင်းထွက်တော့
ပြောင်းကွက်လို့ မသွေ
ငေါင်းငှက်က ခြေနှစ်ထွေ
ဒီရေက ချိုအုံး၊
ပင်လက်ပံ ကသစ်ကျူမှာ
အနှစ်ယူထားတော့ တနှုန်း။
ရှုန်းနက်တော့ မုန်းကွက်ဥာဏ်ကို
ဘုန်းသက်ရန်မသုံး။
ရေမြွေမှာ ခြေတွေ့ဦးစေတော့
သွေမုန်းဖို့ မယူ
ရွှေပေပင် နှစ်ခါသီးကာမှ
အခွာကြီး ခွာလိုက်တော်မူ။
ရေခဲတော့ ပွေနဲကူပေါင်
သွေလွှဲသူ ဝဂ်မို့
တင်သမျှမောင်သစ္စာ
မြင့်သေချာ။
ဘဒ္ဒကမ္ဘာမှာ
သံပုရာချိုဦးတော့လေး ..။"

"ရှင်က တကယ့်ကို မရှက်တာကိုး၊ အသံနေအသံထားနဲ့ကို ဟဲတာကိုး"
"ဒါပေါ့ဗျာ၊ နို့မို့ဆို ပျင်းစရာကြီးဖြစ်နေမယ်"
"ရှင် .. အဲဒီတေးထပ်ကို ရွတ်နေတဲ့လမ်းဆုံမှာပဲ ပန်းခြံတစ်ခုလည်း ရှိတယ်နော်၊ သတိထားမိလား"
"ဟင့်အင်း၊ သတိမထားမိဘူး၊ ပန်းခြံရှိသတဲ့လား၊ ဒါဆိုဝင်ကြည့်လိုက်ဦးမယ်"
"ဘာလို့ဝင်ကြည့်မှာလဲ"
"ဖျော့များ လာမလားလို့ပေါ့ဗျာ"
"အဲဒီပန်းခြံမှာ အတွဲတွေချည်းပဲရှင့်၊ ဖျော့ကို အခြားတစ်ယောက်နဲ့ တွဲထိုင်နေတာမြင်ရင် ရှင်ဘယ့်နှယ်လုပ်မလဲ"
"အဲလို ဖြစ်နိုင်လို့လား"
"သဘောပြောတာပါ"
"အဲဒါဆိုရင်လည်း ကောင်းတာပါပဲ၊ ခင်ဗျားမေးတာတွေ ကျွန်တော်ဖြေနေစရာမလိုတော့ဘူးပေါ့"
"သြော် .. ရှင်က အဲလိုလား"
"သူက အဲလိုဆိုရင်တော့ ကျွန်တော်ကလည်း အဲလိုပါပဲ"
"အဲဒါဆိုရှင် ... စောစောက ရွတ်ခဲ့တဲ့ သစ္စာတိုင်တေးထပ်ကြီးက လျှာအရိုးမရှိလို့ရွတ်တာပေါ့ ဟုတ်လား"
"ရှုးသလိုပေါ်သလိုနဲ့ လျှောချလိုက်ရုံပေါ့ဗျာ"
"ဘယ်လို လျှောချမှာလဲ"
"အို .. တခြား စာတိုပေစ တွေထပ်ရွတ်လိုက်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ပြောပြောဆိုဆို ကောင်လေးက ခြောက်ပေါက်သံနှင့် ထပ်ဟဲပေးလိုက်သည်။
"ရေဂါဝါဒနေ
ထွာထွာရေတို့ကို
ကေပါစင်း
ရှေပါစင်း"

"ရှင်ပါတွေ ရွတ်နေတာလဲ"
"သမားတော်လိုရွတ်တာပေါ့ဗျ"
"အဲဒါ ဆေးဂါထာလား"
"အင်း"
"ဘာအဓိပ္ပါယ်လဲ"
"ရောဂါဝေဒနာ၊ ထွေထွေရာတို့ကို ၊ ကင်းပါစေရှင်းပါစေ ..တဲ့"
"အွန်"
ကောင်မလေးကြောင်တက်တက်ဖြစ်သွားပုံရသည်။ ပြီးမှ ..
"ဟင် .. ရှင့်ဟာက စကားလိမ်တွေနဲ့အော်ထားတာကိုး"
ပြောပြီး ရယ်သည်။ သူ့ရယ်သံနှင့်အတူ ကောင်လေးက ထပ်ဟဲလိုက်သည်။
"ကုန်သိမ်းခပ်
ဘောင်းအမေးကို
အရေးဝပ်
ကွကြင်းအောင်
သဘင်းရော ချာပနစ်ဖြင့်
မြာတဇစ်
ဘန်မကြာအောင်
စန်အမြာပေးလိုက်သည် .."
ကောင်မလေးက တသောသောရယ်ရင်း ..
"ဟုတ်ပြီ၊ အဲဒါရှင်က ပန်းခြံထဲမှာ သမားတော်ယောင်ဆောင်တဲ့သဘောပေါ့ဟုတ်လား .."
"ဟုတ်တယ်၊ ချစ်သူ့သတင်းကို စုံစမ်းဖို့အတွက် ဒီလိုပဲ ဥာဏ်သုံးရတာပေါ့ဗျာ"
"ကဲ .. အဲဒါဆို လူတစ်ယောက်က ရှင့်ဆီလာဆေးကုပြီရှင်"
"အင်း .. သူက ဘာရောဂါဖြစ်သလဲ"
"လေထိုးလေအောင့် ဖြစ်လို့တဲ့၊ ရင်ဘတ်ကြီးတွေ ကယ်နေလို့တဲ့"
"ကောင်းပြီ၊ ကျွန်တော်သူ့ကို ကုလိုက်မယ်"
"ဘယ်လိုကုမှာလဲ"
"ဟို .. ဆိုဒါမင့်ရယ်၊ ဒိုင်ဂျင်းရယ်"
ကောင်မလေးက ကပျာကယာတားသည်။
"ဟော့ဟော့ .. မရဘူး၊ အဲလိုမရဘူး"
"ဟင် ဘာဖြစ်လို့လဲ"
"ကွမ်းယာဆိုင်က ဆေးတွေနဲ့ ဝင်မကုနဲ့လေ၊ ရှင့်ပညာနဲ့ကုပေါ့"
"ဒါတော့ ခင်ဗျားသက်သက် ညစ်ပတ်တာပဲ"
"ညစ်တာ မဟုတ်ဘူးလေ၊ ရှင့်လူနာက ရှင်ကုလို့ သက်သာသွားရင် ရှင့်အတွက် အကူအညီတစ်ခုရမှာပေါ့"
"ကောင်းပြီ၊ အဲဒါဆို ကျွန်တော် ဗိန္ဓောနည်းနဲ့ ကုမယ်"
"ကု .. ဘယ်လိုကုမလဲ"
"သူက ဖြစ်တာ လေထိုးလေအောင့်နော်"
"ဟုတ်တယ်"
"ဒီလောက်တော့ဖြစ်ပါတယ်ဗျာ"
ကောင်မလေးက ..
"ဘာလဲ .. ရှင် ကဗျာရွတ်အုံးမလို့လား"
"ဟုတ်တယ် .. ဘာဖြစ်လဲ၊ ကျွန်တော်ကဗျာရွတ်ရင် ကလေး အငိုတိတ်တယ်ဗျ ၊ တစ်ခုပဲရှိတယ်"
"ဘာလဲ"
"လူကြီးတွေလည်း အရယ် ရပ်သွားတယ်"


www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောမှ ကောင်မလေးက တဟားဟားထရယ်လေသည်။
"ကဲကဲ .. ကျွန်တော်ကဗျာနဲ့ ဆေးကုတော့မယ်"
"ကြိုးစားကြည့်ပေါ့ရှင်"
သံနေသံထားဖြင့် ဟဲရပြန်သည်။

"ဆိတ်ဖူးလင်းနေကြောင်ပန်းရွက်
ဆား၊ စမုံနက်၊ ကြက်သွန်ဖြူ
ဘုမ္မရာဇာ၊ ရှိန်ခိုလောင်း
ပေါင်းမျှအယူ။
လေတံကျင်နှင့် လေတံချူ
နေပူပူ ဖျော်၍ပေး။
လေလုံးကြီး၍ ရင်လုံးကယ်
လေမျိုးရှစ်ဆယ်အနောပျောက်
အီးပေါက်တဲ့ဆေး"

ကဗျာရွတ်၍ ပြီးလျှင်ပြီးချင်းမှာပဲ ...
"ကဲ ... အဲဒီလူနာရောဂါပျောက်သွားပြီ၊ ခင်ဗျားဘာတတ်နိုင်သေးလဲ"
"ဟင် .. ပျောက်သွားပြီဟုတ်လား၊ မြန်လှချည်လား"
"ပျောက်သွားလို့ လေတောင်လည်နေပြီ၊ ခင်ဗျားမကြားဘူးလား"
"ကဲ .. ဟုတ်ပါပြီ၊ အဲဒါဆိုလည်း အဲဒီလူနာဆီက ရှင်တစ်ခုသိရမယ်"
"ဟုတ်ပြီ၊ ပြော .. ဘာသိရမှာလဲ"
"ခုနကပဲ လူတစ်ယောက်ရှင့်ကို လာရှာတယ်တဲ့၊ ရှင့်ပုံစံကိုမေးပြီး ဒီမြို့အတွက်လူစိမ်းလို့ပြောတယ်တဲ့"
"ဩော် .. အဲဒါကြောင့် ကျွန်တော့်ကို ရှာတယ်ဆိုပြီး ကျွန်တော့်လူနာက ခန့်မှန်းမိတယ်ပေါ့"
"ဟုတ်တယ်"
"အဲဒီလူက ဘယ်သူတုန်း"
"သူပြောပြတာတော့ ငထွားရဲ့ ပုံစံပဲရှင့်"
"ဟင် .. ဒီကောင့်ကို ကျွန်တော်စောစောကပဲ ခိုင်းလိုက်တာ"
"အဲဒါတော့ မသိဘူးလေ၊ ရှင်မှတ်ထားပေါ့၊ အဲလိုမျိုး ရှင့်ကိုလူတစ်ယောက်လာရှာသွားတယ်ဆိုတာ"
"လူတစ်ယောက်လာရှာတာလား ငထွားလာရှာတာလား ၊ ခင်ဗျားရှင်းအောင်ပြော"
"အဲဒါတော့ ရှင့်ဘာသာရှင်ပဲ စာသွားဖတ်ကြည့်တော့"
"စာ .. ဟုတ်လား"
"ဟုတ်တယ်၊ ရှင့်ကို ရှာမတွေ့လို့ အဲဒီလူက အုတ်တံတိုင်းနံရံမှာ စာရေးသွားတယ်"
"စောစောကတည်းက ပြောရောပေါ့ဗျာ၊ ကဲ .. သွားကြည့်မယ်"
"ဟုတ်ပြီ နံရံမှာရေးထားတာက .. ဟောဒီလိုရှင့် "




"ဟင် .. ခင်ဗျားစာကြီးကလဲ"
"ဘာဖြစ်လို့လဲ"
"အရုပ်စာလား"
"အရုပ်စာရယ်လို့တော့ မဟုတ်ပါဘူး၊ စာလုံးတွေပါတာရှင်မတွေ့ဘူးလား"
"ဒီစာကို ဖတ်ရမှာ .. ရတနာသိုက်ညွှန်းဖော်ရမှာ ကျနေတာပဲ"

www.burmeseclassic.com

"ဗျော့ဟာ ရှင့်အတွက် ရတနာမဟုတ်ဘူးလားရှင့်"
"ထားပါတော့ .. ထားပါတော့"
"ကဲ .. ဖတ်ပါဦး၊ အဲဒီစာက ဘာအဓိပ္ပါယ်လဲ"
ကောင်လေး စိတ်မသက်မသာဖြစ်သွားသည်။ ဂြိုလ်မွှေတဲ့ဗျော့။ အသုံးမကျတဲ့ထွေး၊ ပြီးတော့
ဆတ်ဆော့တဲ့ကိုယ့်ကိုယ်တိုင်။
ဘာပြောရမှန်းပင်မသိတော့။
သောက်ကောင်မလေး။
အသံမထွက်အောင်စိတ်ထဲမှ ဆဲလိုက်သည်။ တစ်ဘက်ဖုန်းခွက်ရှေ့မှ ကောင်မလေးကို ဖြစ်သည်။
"ကဲ .. ပြောလေ"
"နေပါဦးဗျ၊ သေသေချာချာ ဖတ်ပါရစေဦး"
"ခ္ဓ"
"ဟင်း .. "
ခဏကြာမှ ကောင်လေးမျက်နှာ ပြုံးမဲ့မဲ့ဖြစ်လာသည်။
"ဟော့ .. ဟုတ်တယ်ဗျ"
"ဘာဟုတ်တာလဲ"
"ကျွန်တော့်ကိုလာရှာတာ ထွေးဗျ"
"ဟုတ်လား"
"ဟုတ်တယ်၊ ဒီစာကို ထွေးရေးသွားတာပဲ"
"ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"
"စာရဲ့အောက်ဆုံးက လက်မှတ်ကိုကြည့်လေဗျာ"
"အင်း .. ဘာဖြစ်လို့လဲ"
" Peace ကိုပြောင်းပြန်ရေးထားတယ်၊ ငြိမ်းချမ်းရေးရဲ့ပြောင်းပြန်က 'စစ်'ဗျ၊ War လေ"
"အင်း .. အဲဒီတော့"
" War ကို ရှေ့က HT ပေါင်းထည့်ရမယ်ဆိုတော့ Htwar ပေါ့ဗျ၊ မအေပေး ထွေးပေါ့ဗျာ"
"ဟင် .. ကိုယ့်ကို ကူညီတဲ့သူကို ဆဲရသလားရှင့်"
"စာရေးတာ ရိုးရိုးမှ မရေးဘဲ"
ကောင်မလေးက ရယ်လေသည်
"ဘာပဲဖြစ်ဖြစ်၊ သူ့စာကို ရှင်ဖတ်တတ်ပြီ မဟုတ်လား"
"အင်း "
"ဖတ်ပြပါဦး"
"ယပ်တောင်က fan ဗျာ၊ အဲဒါကို f ဖျက်ပြီး၊ c ထည့်ထားတော့ can ဖြစ်သွားတာပေါ့"
"အော .."
" U ကတော့ You ၊ ဘီးက comb ၊ အဲဒါမှာ b ကိုဖျက်ပြီး e ထည့်တော့ come ဖြစ်သွားတယ်၊ can you come?
လာနိုင်မလားတဲ့"
"ဩော် .. အဲလိုလား"
" 2 က to ၊ t က tea ၊ ဦးထုပ်ဆိုတဲ့ Hat မှာ H ဖြုတ်ပေးရမယ်ဆိုတော့ at, နောက်က ဟာက 4:00 o' clock
တဲ့"
"ဒီလိုကိုး "
"ညနေလေးနာရီမှာ လက်ဖက်ရည်ဆိုင်ကို မင်းလာနိုင်မလားတဲ့၊ ထွေးက ကျွန်တော့်ကို ချိန်းသွားတာ"
"ဩော် .. ဩော်"
"ဘာ ..ဩော် .. လဲ"
ရယ်သံခပ်တိုးတိုး ကြားနေရသည်။ ကောင်လေး စိတ်တိုမိသည်။ ကောင်မလေးက သူ့ဘာသာမေးခွန်းထုတ်ပြီး
သူ့ဘာသာ မသိချင်ယောင်ဆောင်နေသည်ကိုး ။ အောင့်သက်သက်ဖြင့် သူက အရင် 'ဂလောက်'ကနဲ
ဖုန်းချပစ်လိုက်သည်။

* * * * *

www.burmeseclassic.com


www.burmeseclassic.com

"မနေ့က ရှင်ဘာလို့ ဖုန်းချလိုက်တာလဲ"
"ဘာမှ မဖြစ်ပါဘူး"
"ဘာလဲ .. ကျွန်မကို စိတ်ဆိုးလို့လား"
"ခင်ဗျားကို မဟုတ်ဘူး"
"ဘယ်သူ့ကိုလဲ"
"ငထွားကို "
ကောင်မလေးဘက်မှ ခပ်တိုးတိုး ရယ်သံကို ကြားရသည်။
"ထားလိုက်ပါတော့၊ အခု ရှင်ပန်းခြံထဲမှာပဲ ရှိသေးတယ်နော်"
"အင်း ... ဟုတ်လား"
"သမားတော်ယောင်ဆောင်ပြီးဆေးကုနေတုန်း၊ တေးထပ်၊ ကဗျာတွေ အော်ရွတ်တုန်း၊ ဟုတ်တယ်နော်"
"အင်း .. ဟုတ်တယ်"
"အဲဒီမှာ ရှင့်ဆီကို အဘိုးကြီးတစ်ယောက် ရောက်လာတယ်"
"ဟုတ်လား၊ သူက ဘယ်သူတုန်း"
"သူက ရှင့်ကို အကဲခတ်နေတာ ကြာပြီ"
"ဟုတ်လား .."
"ရှင့် ဆေးကုပုံကိုလည်း သူ သဘောကျတယ်"
"ဟဲဟဲ"
"ရှင် ကဗျာရွတ်တဲ့အသံကိုလည်း သူက အတော်နားဝင်ချိုသတဲ့"
"ဟဲဟဲ .. ဟဲဟဲ .."
"အဲဒီတော့ သူက ရှင့်ကို အကူအညီတစ်ခုတောင်းတယ်"
"ဟုတ်လား .. ဘာအကူအညီလဲ .. လုပ်ပေးရမှာပေါ့ဗျာ"
"သူ့အိမ်မှာ ခြံလိုက်ခတ်ပေးပါတဲ့"
"ဟင် ..ဘာ"
"သူ့အိမ်မှာ ခြံလိုက်ခတ်ပေးပါတဲ့"
"ဘာမှလဲ မဆိုင်ဘူး .. ဟင်း "
ကောင်လေး အောင့်သီးအောင့်သက် ဖြစ်သွားသည်။
"ခုနက ရှင်ပဲ ကူညီရမှာပေါ့လို့ ပြောတယ်မဟုတ်လား"
"အို .. အဲဒါကတစ်မျိုး၊ သူ့ရောဂါကို ကုချင်ရင်တို့၊ သူက စီးရီးထုတ်ချင်ရင်တို့ပြောတာ "
"ဘာပဲဖြစ်ဖြစ်လေ၊ ရှင်ကူညီလိုက်ပါ၊ ရှင့်အတွက်တစ်ခုခုတော့ အကျိုးထူးမှာပေါ့"
"အဲဒီလိုနဲ့ပဲ ခင်ဗျားကျွန်တော့်ကို ချောက်ချချ နေတာပဲ"
"ကဲ .. လိုရင်းကိုပြော၊ ရှင် ကူမှာလား မကူဘူးလား"
အသည်းနာသော်လည်း မလွှဲသာ သဖြင့် ..
"အင်း လေ .. ကူညီရမှာပေါ့ဗျာ"
လေပျော့လေးနှင့် ပြန်ပြောလိုက်သည်။ ကောင်မလေးက အောင်နိုင်သူတစ်ယောက်၏ လေယူလေသိမ်းမျိုးဖြင့် ..
"ကဲ .. ဒါဖြင့် သူခေါ်တဲ့နောက်ကို ရှင်လိုက်သွားပေတော့"
"အင်း .. လိုက်သွားပြီ"
"အဖိုးကြီးက ထူးဆန်းတဲ့သတ္တဝါတွေကို မွေးတာရှင့်၊ ပြီးရင် ဆပ်ကပ်အဖွဲ့ကိုပြန်ရောင်းစားတာ"
"အင်း .."
"အခုသူ့မှာ ကျားတွေ ခြင်္သေ့တွေရှိတယ်"
"အင်း "
"ပြီး .. မြင်းလိမ္မာတို့၊ မျောက်လိမ္မာတို့လည်းရှိတယ်"
"အင်း "
"အဲဒီအကောင်တွေအားလုံးကို သူက သူ့ဝန်းထဲမှာပဲ ရောပြီးထားတာ"
"ဟင် .. ခင်ဗျားဟာက ဟုတ်ရဲ့လား"
"ဘာဖြစ်လို့လဲ .."
"အဲလို .. တစ်ဝန်းထဲရောမွေးထားရင် ကျားတွေခြင်္သေ့တွေက မြင်းတွေမျောက်တွေကို မစားပစ်ဖူးလား"
"အဲဒါကြောင့် ရှင့်ကိုလာခေါ်တာပေါ့"
"ဗုဒ္ဓေါ"
"အဲဒီတစ်ဝန်းထဲမှာပဲ ရှင်က သူတို့ကို ကန့်ပြီး ခြံခတ်ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com

“ဩော်”
“သူမှာ လောလောဆယ် တောကောင်ကြီးသုံးကောင်ရှိတယ်”
“အင်း”
“ယဉ်တဲ့သားကောင် လေးကောင်ရှိတယ်”
“ဟုတ်ပြီ”
“ခြံဝန်းကြီးတစ်ခုထဲမှာပဲ တစ်ကောင်စီ ကန့်ပြီးတော့ ရှင် ခြံခတ်ပေးရမယ်”
“အဲဒါများဗျာ၊ ရိုးရိုးလက်သမားဆရာတစ်ယောက် ခေါ်လိုက်ရတာပဲ၊ ကျွန်တော့်လို ပညာရှိ မလိုပါဘူး”
ရသလောက်တော့ အမှတ်ယူသွားမည်ဟု ကောင်လေး ဆုံးဖြတ်ပြီးသားဖြစ်သည်။
“ဟင့် .. ထားပါတော့၊ ရိုးရိုးလက်သမားနဲ့ ခတ်လို့မရဘူးရှင့်၊ ပြဿနာရှိတယ်”
“ဘာပြဿနာလဲ”
“သူက ငွေကုန်ကြေးကျနည်းအောင်လုပ်ရမှာ၊ ငွေသိပ်မရှိဘူး”
“အဲဒီတော့ ..”
အဲဒီဝန်းကို သုံးခါပဲ ထောင့်ဖြတ်ခြံခတ်နိုင်မှာ၊ သုံးချက်ကန့်လန့်ဖြတ်ရုံနဲ့ အဲဒီတိရစ္ဆာန်(၇)ကောင်ကို တစ်ကောင်စီ သီးသန့်ကန့်ထားပြီးသားဖြစ်ရမယ်”
“ဩော် .. ဒီလိုကိုး”
“ဟုတ်တယ်ရှင့်”
ကောင်လေးက အကြမ်းစာအုပ်မှာ ပုံစံငယ်တစ်ခု ချဆွဲလိုက်သည်။




“၃ချက်တည်း ဖြတ်မျဉ်းဆွဲရမှာနော်”
“ဟုတ်တယ်၊ ဒီထက်ပိုဆွဲချင်ရင် ကုန်ကျစရိတ်ရှင်စိုက်ရမှာ”
“အင်း .. အဲဒါဆိုရင်”
ကောင်လေးက လေးကန်ကန်ရေရွတ်မိသည်။ မကြာလိုက်ပါ၊တခဏမျှသော အချိန်အတွင်းမှာ မျက်နှာက စပ်ဖြီးဖြီး ပြန်ဖြစ်လာသည်။
“သိပ်တော့ မခက်ပါဘူးဗျ”
“ဟုတ်လား”
“ကျွန်တော့်လို လူအတွက်ပြောတာပေါ့လေ .. ဟဲဟဲ”
“ဟွန့်”
ကောင်မလေးက တစ်ဘက်မှ ထိုသို့ထောက်ခံသည်။
“ရိုးရိုးအတွေးခေါ်နဲ့တော့ မရဘူးဗျ”
“တိုတိုနဲ့ လိုရင်းအမိန့်ရှိပါရှင့်”
“တန်ဖိုးရှိတဲ့အတွေးနည်းလမ်းကို အသုံးချရမယ်၊ Construstive Thinking ဆိုတာခင်ဗျားကြားဖူးလား”
“ကြားဖူးသားပဲ”
“ဘယ်မှာ ကြားဖူးတာလဲ”
“အိုရှင် ... ဘယ်မှာ ကြားဖူးကြားဖူးပေါ့၊ ရှင်တစ်ယောက်တည်းသိတယ်များ အောက်မေ့လို့လား”
“ဟဲဟဲ .. အဲလိုတော့လည်းမဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ပညာကို လက်ဝါးကြီးမအုပ်တတ်ပါဘူး”
ကောင်မလေးက စိတ်မရှည်ဖြစ်ဟန်ရသည်။
“ကဲ ..”
“အင်း ... ဟုတ်ပြီ၊ ဖြေပြီ ဖြေပြီ”
“ပြော .. ဘယ်လို ခတ်မှာလဲ”
“အင်္ဂလိပ်အက္ခရာ အေ ကို အစွန်းထွက်တဲ့ပုံဖော်လိုက်ရင် ရတယ်ဗျ”
“ဟုတ်လား ..”

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် .. ငါးထောင့်ကြယ်တစ်ခုကို ဆွဲဖြန့်လိုက်တဲ့ပုံပေါ့"
"ရှင်ပြောတာတွေ နားမလည်ဘူး၊ ကျွန်မရှုပ်ကုန်ပြီ၊ ခြံခတ်မှာ သာ ခတ်ပြတော့"
"ဒီလိုလေဗျာ"
ကောင်လေးက ပြောပြလိုက်သည်။



"ဘယ်လိုလဲ .. အဆင်ပြေတယ် မဟုတ်လား"
"အင်းဆိုပါတော့ ၊ ပြေပါတယ်"
"အဘိုးကြီး ကျေနပ်သွားရောပေါ့"
"အင်း .. ကျေနပ်ပါတယ်"
"အဲဒါဆိုရင် ကျွန်တော့်အတွက် ဘာအကျိုးထူးမလဲ၊ ကျွန်တော့်ကို ဘာကူညီမှာလဲ"
"ရှင်က ဘာကို အကူအညီတောင်းမှာလဲ၊ သူကတော့ ဒီမြို့ရဲ့ငယ်မွေးခြံပေါက်တစ်ယောက်ပဲ၊ သူ့ကို မသိတဲ့လူမရှိဘူး၊ သူကလည်းမသိတဲ့သူမရှိဘူး"
"ကျွန်တော်ကတော့ ဗျော့ကိုတွေ့ချင်တယ်လို့တစ်ခွန်းတည်းပြောမယ်ဗျာ"
"ကောင်းပြီ .. သူကလည်းတစ်ခွန်းတည်း ပြန်ဖြေမယ်"
"ဟုတ်ပြီ ..ဖြေ"
"သူလက်ညိုးထိုးပြလိုက်တယ်၊ ဟိုးခပ်လှမ်းလှမ်းမှာ မြင်နေရတဲ့ အိမ်ကိုတွေ့လားတဲ့"
"အင်း .. တွေ့တယ်"
"အဲဒီအိမ်ထဲမှာ ဗျော့ရှိတယ် တဲ့"
"ဟာ .. ဟုတ်ပြီဗျာ"
ကောင်လေး အတော်ဝမ်းသာသွားသည်။ တကယ့် ကိုယ့်ရည်းစားကို တွေ့ရတော့မည့်အတိုင်းပင်။
"ဒါဖြင့် ကျွန်တော် အဲဒီအိမ်ကိုသွားမယ်ဗျာ"
"သွားပေါ့"
"ကဲ ..ရောက်ပြီ"
"အင်း .. ရှင်အိမ်ရှေ့မှာပဲ ရင်ကော့ပြီးရပ်နေတဲ့လူကြီးတစ်ယောက်ရယ်၊ ခြေထောက်တစ်ဖက်ဆာနေတဲ့ မိန်းမကြီးတစ်ယောက်ရယ်ကို အရင်တွေ့မယ်"
"သူတို့က ဘာလုပ်နေကြတာလဲ၊ သြော် .. ဗျော့ရဲ့ အခြွေအရံတွေဖြစ်မှာပေါ့"
"ထားပါတော့ ... ရှင်ထင်ချင်သလိုထင်၊ ဘာပဲပြောပြော သူတို့ခွင့်ပြုမှ ရှင်အိမ်ထဲမှာရှိတဲ့ဗျော့ဆီကို သွားလို့ရမှာ"
"သြော် .. ခလုတ်ကန်သင်းတွေကလည်း တယ်များပါလား"
"ဘဝဆိုတာ ဒီလိုပေါ့ရှင်"
"ရပါတယ်ဗျ၊ တချို့လူတွေအတွက် ကန့်လန့်တိုက်နေတဲ့ခလုတ်ဆိုတာ တချို့လူတွေအတွက်တော့ တက်နင်းသွားရတဲ့ အဆင့်တစ်ဆင့်ဖြစ်နေတတ်ပါတယ်"
"အင်း .. တော်ပါတော့၊ ကဲ .. သူတို့နှစ်ယောက်က အငြင်းအခုံဖြစ်နေတယ်ရှင့်၊ အဲဒါကို ဖြေရှင်းပေးနိုင်ရင် ရှင်အိမ်ထဲက ဗျော့နဲ့ ဝင်တွေ့နိုင်မယ်"
"သူတို့က ဘာငြင်းနေကြတာလဲ"
"သူတို့က လင်မယားရှင့်"
"ဟုတ်ပြီလေ .. ဘာငြင်းနေကြတာလဲ"
"မိန်းမကြီးက ပြောတယ်၊ သူ့ယောကျ်ားက သူ့ကို အပျိုတုန်းကလောက်မချစ်တော့လို့တဲ့"
"သြော် .. အဲဒီတော့"
"ယောကျ်ားကြီးက စိတ်ညစ်နေတယ်၊ ပြန်ဖြေရှင်းတာလည်းဘယ်လိုမှ မရဘူးဖြစ်နေတယ်"
"သြော် .. ကျွန်တော်က ယောကျ်ားကြီးဘက်က ဝင်ဖြေရှင်းပေးရမယ်ပေါ့"
"ဟုတ်တယ် .. ဒါပေမယ့် မိန်းမကြီးကလည်း လက်ခံသွားနိုင်တဲ့ဖြေရှင်းချက်မျိုးဖြစ်ရမယ်"

www.burmeseclassic.com

"အင်း .. အင်း"
ကောင်မလေးရဲ့စကားကို အင်း လိုက်ရင်း ကောင်လေးခေါင်းထဲမှာလည်းမာရသွန်တွေးခေါ် တွက်ချက်နေရသည်။
"ကဲ .. ရှင်ဖြေရှင်းပေးပေတော့"
"မိန်းမကြီးကို ပြောပြရမှာပေါ့ဗျာ၊ သူ့ယောက်ျားဟာ အင်မတန်သီလရှိတဲ့လူတစ်ယောက်ဖြစ်ကြောင်း"
"အဲဒီလောက်ပဲလား"
"အဲဒီလောက်ဆိုရင်လုံလောက်ပါတယ်"
"ဘာအကြောင်းပြချက်နဲ့ ရှင်ကပြောနိုင်ရတာလဲ"
"သြော် .. သူက အအိုတွေကိုမပစ်မှားဘူး၊ အပျိုကိုပဲစဉ်းစားတယ်ဆိုတော့ သီလလုံတာပေါ့ဗျ၊
ဒီလိုယောက်ျားမျိုးရထားတာ ဂုဏ်ယူဖို့တောင်ကောင်းသေးတယ်လို့ပြောရမှာပေါ့"
"ဟဲဟဲ .. မဆိုးပါဘူး"
"ကဲ ..ကျွန်တော်ပြောမယ်ဗျာ၊ ဗျော့နဲ့တွေ့ချင်တယ်လို့"
"သိလို့လား .. မေးရင် .."
"သူတို့ကိုတော့ ချစ်သူလို့ မပြောဘူးဗျာ၊ နေပြည်တော်က သူငယ်ချင်းလို့ပြောမယ်"
"ကဲ ... သူတို့က ရှင့်ကို ဝင်တွေ့ခွင့်ပေးလိုက်ပြီ"
"ကောင်းပါလေ့ဗျာ၊ ဝမ်းသာစရာကြီး၊ တွေ့လို့ကတော့ ဗျော့ကို ဖက်နမ်းပစ်လိုက်အုံးမယ်"
"အပိုတွေလျှောက်ပြောမနေနဲ့၊ ရှင်အိမ်ထဲဝင်သွားတော့ ၊ ဗျော့က ဧည့်ခန်းထဲမှာ ရှင့်ကိုကျောပေးပြီး သိုးမွေးထိုးနေတယ်"
"ဟီဟိ .. တိတ်တိတ်လေး ကပ်သွားလိုက်မယ်"
"ခြေသံမကြားအောင် လျှောက်သွားမှပေါ့"
"ဟုတ်တယ် .. ဟုတ်တယ် ၊ ဖြည်းဖြည်းချင်၊ တစ်လှမ်းချင်း ကပ်သွားလိုက်မယ်"
"ရှင် ... ရင်တွေဘာတွေ ခုန်နေမှာပေါ့နော်"
"ဒါပေါ့ဗျာ"
"ဒါပေမယ့် ပြဿနာက ဝင်လာပြန်ပြီရှင့်"
"ဟင် .. ခင်ဗျားကလည်းဗျာ၊ အရေးကောင်း ဒိန်းဒေါင်းဖျက်၊ ဘာဖြစ်ရပြန်ပြီလဲ"
"အိမ်ရှေ့က လင်မယားက ရန်ဖြစ်ပြန်ပြီ၊ တွေးရင်းတွေးရင်းနဲ့မှ ရှင့်ဖြေရှင်းချက်ကို မိန်းမကြီးက ဘယ်လိုမှ
လက်မခံနိုင်တော့ဘူး"
"အို .. ဘယ်လိုဖြစ်လို့တုန်း"
"ရှင့်ဖြေရှင်းချက်အရဆိုရင် သူ့ယောက်ျားကြီးက အအိုဖြစ်တဲ့သူကို စိတ်မဝင်စားတော့ဘူး၊ အပျိုဖြစ်တဲ့
တခြားကောင်မလေးတွေချည်း စိတ်ဝင်စားနေတော့မှာပေါ့"
"ရော် .."
"ရော် မနေနဲ့၊ ဒေါသတွေထွက်ပြီး အိမ်ထဲလိုက်ဝင်လာပြီ"
"အင်း .. ကျွန်တော်လည်း နည်းနည်းလိုသွားတယ်၊ တတ်နိုင်ဘူးဗျာ၊ ဗျော့ကို လက်ဆွဲပြီးပြေးရတော့မှာပဲ"
"ရှင် တကယ်ဆွဲရဲလို့လား"
"မဆွဲရဲစရာဘာရှိလဲ .. ကိုယ့်ရည်းစားပဲ၊ ပြီး .. အခုနေပြေးမှ ဖြစ်တော့မှာ မဟုတ်လား"
"သဘောပဲ"
"ပြောနေကြာပါတယ်၊ ကဲ .. အခုဆွဲပြီ"
"အဲဒီအချိန်မှာပဲ ရှင့်ပါးက ပူပြီး လည်ထွက်သွားတယ်ရှင့်"
"ဟင် .. ဘာဖြစ်လို့လဲ"
"ဗျော့က ရှင့်ကို ပါးပိတ်ရိုက်လိုက်လို့ပေါ့"
"ဟင် .. သြော် .. ကျွန်တော်မှန်းမသိလို့နေမှာပေါ့ဗျာ၊ ကျွန်တော့်မျက်နှာကိုသူ့ရှေ့တိုးပြပြီး ဗျော့ ကိုယ်လေ ..
လို့ပြောလိုက်မှာပေါ့"
"အဲဒီတော့မှ ဂူးဂူးဝါးဝါးဖြစ်ပြီး လူ .. လူ .. လို့ထအော်ပါရော"
"ဟင် .. ဘယ်လိုဖြစ်တာတုန်း"
"အင်း .. ဟုတ်တယ်၊ ရှင်အဲလို ကြောင်အမ်းသွားတုန်း အပြင်က လင်မယားနှစ်ယောက်က ရှင့်ကို
လာဖမ်းချုပ်လိုက်ကြတယ်"
"ဘာ .. ဘာတွေ ဖြစ်ကုန်တာလဲ"
"အဲဒီမိန်းကလေးက ရှင့်ရဲ့ဗျော့မဟုတ်ဘူးရှင့်"
"ဟင် .. ဟုတ်တယ်ဆို"
"သူလည်း ဗျော့တော့ ဗျော့ပဲ၊ ဒါပေမယ့် မြို့စားကြီးသမီး ဗျော့ မဟုတ်ဘူး"
"ဟာ .."

www.burmeseclassic.com

www.burmeseclassic.com

“အိမ်ရှေ့မှာ ရင်ကော့ထားတဲ့လူကြီးက သူ့အဖေ ဦးကော့၊ ခြေတစ်ဖက်ဆာနေတဲ့ မိန်းမကြီးက သူ့အမေဒေါ်ထော့၊ ရှင်သွားလက်ဆွဲတဲ့ကောင်မလေးက သူတို့သမီး ‘မဖျော့’ ”
“ခင်ဗျား ဗျာ .. တတ်လည်းတတ်နိုင်တယ်”
“ကျွန်မကို အပြစ်တင်မနေနဲ့၊ ရှင့်ကို သူတို့ရဲစခန်းပို့ကြတော့မယ်”
“နေပါဦး၊ ကော့နေတဲ့လူက ဦးကော့၊ ထော့နေတဲ့မိန်းမက ဒေါ်ထော့၊ သူကျတော့ ဘာဖြစ်လို့ ‘ဖျော့’တာလဲ”
“အဲဒါတော့ကျွန်မလည်း မသိဘူးလေ”
“ဖျော့ဆိုတဲ့ နံမည်များ နံမည်တူရှိရသေးတယ်လို့ဗျာ”
“ဟုတ်တယ် ၊ ရှင့်အတွက်တော့ တော်တော် ရင်နာစရာပဲ၊ ကဲ .. ရှင့်ကို သူတို့ရဲစခန်းခေါ်သွားကြပြီ”
“နေဦးလေ၊ ကျွန်တော်သူတို့ကို ရှင်းပြမှာပေါ့”
“စခန်းရောက်မှပဲ ရှင်းပါတော့ရှင်”
“ဟော .. သောက်ခွပဲဗျာ”
တခိခိ ရယ်သံနှင့်အတူ ကောင်မလေးဘက်မှ ဖုန်းချသွားလေသည်။

* * * * *

“ကဲ ..ပြော”
ဘာမှ မပြောခင် တစ်ဘက်မှ ကောင်မလေးက ခပ်လွင်လွင် ရယ်နေသည်။
“ခင်ဗျားက ဘာရယ်နေတာလဲ”
“ရှင် .. အဲဒီလို လေသံမာလို့မရဘူးရှင့်”
“ဘာဖြစ်လို့မရ,ရမှာလဲ”
“ရှင့်ဘဝရှင် စဉ်းစားဦး၊ အခုရှင် ရဲစခန်းရောက်နေတာ”
“ခင်ဗျားလုပ်တာကိုး”
“ကျွန်မလုပ်တာမဟုတ်ဘူး၊ ရှင့်ဘာသာရှင် ကိုယ့်ရည်းစားကိုယ်မမှတ်မိလို့ဖြစ်တာ”
ကောင်လေးဘာပြန်ပြောရမလဲမသိဖြစ်သွားသည်။
“ထားပါတော့၊ ရဲစခန်းက ကျွန်တော့်ကို ဘာလုပ်မှာလဲ”
“ရှင့်ကို အရေးယူမှာပေါ့ရှင်”
“အဖမ်းခံရမှာလား”
“အခုကို ခံနေရပြီ”
“ဟာကွာ”
“ဟားဟား”
“ဟေ့ .. ရယ်မနေနဲ့၊ ကျွန်တော်အဖမ်းခံလို့ မဖြစ်ဘူး”
“ဟုတ်လား”
“ဟုတ်တယ်၊ ပြီးတော့ ညနေလေးနာရီလည်း ငထွားကို သွားတွေ့ရဦးမယ်”
“အဲဒါဆိုလည်း ရှင့်ဘာသာရှင် ရဲအရာရှိနဲ့ဆွေးနွေးလေ”
“ရဲအရာရှိက ကျွန်တော့်ကို ပြန်လွှတ်ပေးလို့ရမှာလား”
“ရှင့်မှာ အပြစ်မရှိရင် ပြန်လွှတ်ပေးလို့ရတာပေါ့”
“ကျွန်တော့်မှာ အပြစ်မှ မရှိဘဲဗျာ၊ ကျွန်တော့်သူငယ်ချင်းနဲ့ နံမည်တူနေလို့ မှားပြီ ဝင်တွေ့တာလို့ပြောမှာပေါ့”
“အိမ်ထဲဝင်ပြီးလက်ဆွဲတာလေ”
“ဒီလောက်က အပြစ်မကြီးပါဘူးဗျာ၊ မတွေ့ရတာကြာတဲ့သူငယ်ချင်းတွေပဲ၊ အရမ်းလည်းရင်းနှီးထားတဲ့ဟာ၊ ပြီးတော့ .. ”
“ပြီးတော့ ဘာဖြစ်လဲ”
“ပြီးတော့ ဒီအိမ်ထဲကို ခိုးဖောက်ဝင်တာလည်းမဟုတ်ဘူး၊ သူ့အဖေအမေဆီက ခွင့်တောင်းပြီး ဝင်တာပဲ”
“ဟုတ်ပြီလေ၊ ရှင်အဲဒါတွေ ရဲအရာရှိကိုပြောပေါ့”
“ပြောမှာပါ၊ မပူပါနဲ့”
“ဒါပေမယ့် အကောင်းဆုံးကတော့ ရဲတွေ ကြုံတွေ့နေရတဲ့အခက်အခဲတွေကို ဝင်ဖြေရှင်းပေးလိုက်နိုင်ရင် အကောင်းဆုံးပဲ”
“လုပ်လာပြန်ပြီ”
ကောင်မလေးက ရယ်သည်။
“ကဲ .. ပြောပါဦး၊ ရဲတွေက ဘာအခက်အခဲဖြစ်နေကြလဲ”
“ရှင့်ရှေ့မှာပဲ ရဲနှစ်ယောက်က ပန်းချီဆရာတစ်ယောက်ကို ပုံဆွဲခိုင်းနေတယ်”

www.burmeseclassic.com

"ဘာပုံလဲ"
"ဘာပုံလဲဆိုတော့ရှင် .."
ကောင်လေးက ဖြတ်ပြောလိုက်၏။
"သေသေချာချာပြောနော်၊ ကျွန်တော်က ဒီရဲစခန်းက ပြန်လွတ်မှဖြစ်မှာ"
"ဒီပုံက ရှင်းပါတယ်၊ ဒန်းတစ်ခုရဲ့ပုံပါ"
"အင်း .. ပြော၊ ဘယ်လိုဒန်းလဲ"
"ဒန်းက လွှဲတဲ့သူမရှိဘဲနဲ့ သူ့အလိုအလျောက်ရမ်းနေအောင် စက်ခလုပ်တတ်ထားတယ်"
"အင်း .."
"ဒန်းရဲ့အပေါ်မှာ ဂဏန်းပုံကြီးတစ်ပုံထုထားတယ်"
"ဘာအဓိပ္ပါယ်လဲ"
"ရဲတွေကလည်း အဲဒါကိုပဲသိချင်နေတာ"
"ရှင်းအောင်ပြောဗျာ၊ ဘာဖြစ်လို့တုန်း"
"ရဲတွေက လူတစ်ယောက်ကို ဖမ်းမိထားတယ်ရှင့်"
"အင်း .."
"အဲဒီလူက အရေးကြီးတဲ့ မိုက်ခရိုဖလင်ကို ဘယ်မှာဝှက်ထားမှန်းမသိဘူး"
"ရအောင်မေးပေါ့ဗျ"
"ဘယ်လိုမေးမေး မပြောဘူးရှင့်၊ တကယ့်ဝါရင့်လူဆိုး"
"အဲဒါနဲ့ ဒီပုံကြီးနဲ့ ဘယ်လိုပက်သက်တုန်း"
"သူ့မှတ်တမ်းထဲမှာ မိုက်ခရိုဖလင်ကို ဝှက်ထားတဲ့နေရာလို့ယူဆရတဲ့စာသားတစ်ပိုဒ် တွေ့တယ်၊ ဝှက်စာဆန်ဆန်ပဲ"
"ဘယ်လို ရေးထားတာလဲ"
"အထက် ဂဏန်း၊ အောက်ဖက်ဒန်း၊ မလွှဲဘဲနဲ့ရမ်း .. တဲ့"
"သြော် .. အဲဒါကြောင့်၊ ရဲတွေက ဒီစာသားကို ပုံဖော်ခိုင်းနေတာပေါ့ ဟုတ်လား"
"ဟုတ်တယ် ဘာထူးခြားချက်များတွေ့မလဲလို့"
"အဲဒါကို ကျွန်တော်က ကူဖော်ပေးနိုင်ရင် ကျွန်တော်က ပြန်လွတ်နိုင်တာပေါ့နော်"
"ဒါပေါ့ရှင်"
"အင်း .. အဲဒါဆိုရင် စဉ်းစားရဦးမှာပေါ့"
သို့သော်လည်း မစဉ်းစားလိုက်ရပါ၊ သူ့စကားအဆုံးမှာပဲ အတွေးတစ်ခုက ကောင်လေးရဲ့ခေါင်းထဲသို့ လင်းလက်ဝင်ရောက်လာသည်။
"သြော် .."
"ဘာ ..သြော် တာလဲ"
"ကျွန်တော်သဘောပေါက်လာသလိုပဲ"
"စဉ်းတောင်မစဉ်းစားတော့ဘူးလား"
"သူ့ဘာသာသူ အဖြေက ခေါင်းထဲဝင်လာတာဗျ"
"ပြောပါဦး"
"ခင်ဗျား မပြောပါဘူး၊ ရဲတွေကိုပဲ ပြောမယ်"
"ဘာလဲ ရှင်က ကျွန်မကို စိတ်ကောက်တာလား"
"ဟင်း .."
ကောင်လေးက ခပ်ပြတ်ပြတ်လေသံဖြင့် ..
"ရဲတွေလွဲနေပြီဗျ"
"ဟုတ်လား"
"ဟုတ်တယ်၊ အဲဒီစာသားရဲ့ အဓိပ္ပါယ်က တိုင်ကပ်နာရီကိုပြောနေတာ"
"သြော် .."
"ဒိုင်ခွက်ထဲမှာ ဂဏန်းတွေရှိတယ်၊ အောက်မှာ ချိန်သီးပါတယ်၊ လွှဲစရာမလိုတဲ့ဒန်းလို သူ့ဘာသာသူရမ်းနေတယ်၊ အဲဒီလူက မိုက်ခရိုဖလင်ကို ဒန်းထဲမှာ ဝှက်ထားတယ်"
"အံမယ်၊ ရှင်က တယ်တော်ပါလား"
"အဲလို အမှုတွေမျိုးသာဆိုရင်တော့ ကျုပ်စုံထောက်လုပ်စားလို့ရတယ်"
"ဖြည်းဖြည်းကြွားပါ၊ ရှင်အဲဒီလိုဝင်ပြောပြလိုက်တော့ ရဲတွေအတော် သဘောကျသွားတယ်"
"အဲဒါဆို ပြန်လွှတ်ပေးတော့လေဗျာ"
"ရှင်ကလည်း အတင်းကြီးပဲ"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါဆို သူတို့က ကျွန်တော့်ကို လွှတ်မပေးသေးဘဲ ဘာလုပ်ဦးမှာလဲ"
"လွှတ်တော့မှာပါ၊ ရှင့်အတွက် အလားအလာကောင်းပါတယ်၊ သူတို့ရှင့်ကို အချုပ်ခန်းထဲက ခေါ်ထုတ်လိုက်ကြတယ်"
"ပြီးတော့ .."
"ပြီးတော့ အရာရှိရုံးခန်းဆီခေါ်သွားတယ်"
"အခန်းထဲမှာ အရာရှိ ရှိသလား"
"ရှိတယ် ၊ အမှုစစ်နေတယ်"
"ဘယ်သူ့အမှုကို စစ်တာလဲ၊ ကျွန်တော့်အမှုကိုလား"
"ရှင့် အမှုက ဘာမှ အရေးမကြီးဘူးရှင့်၊ ခုဟာက လူသတ်မှုကို စစ်နေတာ"
"ခင်ဗျားကတော့ လုပ်ဦးတော့မယ်"
"ဟုတ်တယ်၊ ရှင်နည်းနည်းဝင်ကူအုံး မှပေါ့၊ ခုနကတော့ စုံထောက်လုပ်စားရင်ဖြစ်တယ်ဆို"
"ကဲကဲ ..အမှုကိုပြောဗျာ"
"ပါရဂူတစ်ယောက်အသတ်ခံရလို့ရှင့်"
"ဘယ်မှာအသတ်ခံရတာလဲ"
"သူ့အိမ်မှာပဲ၊ ညခုနစ်နာရီခွဲမှာသေနေတာ တွေ့တာပဲ"
"အလောင်းကို ဘယ်သူက စတွေ့တာလဲ"
"သူ့ဒရဝမ်က တွေ့တာ"
"အခု အရာရှိက စစ်ဆေးနေတယ်ဆိုတာ ဒရဝမ်ကိုလား"
"ဟုတ်တယ်၊ သူတို့ အမှုစစ်နေကြပုံကို ကျွန်မပြောပြမယ်၊ ရှင်နားထောင်"
ကောင်မလေးက သေချာပြောပြသည်။

ရဲအရာရှိ။ ။ပါရဂူကြီးသေဆုံးပုံကိုပြောပြပါဦး။
ဒရဝမ်။ ။ကျွန်တော်က အပြင်မှာ စောင့်ရတာပါ၊ ပါရဂူကြီးရဲ့စာဖတ်ခန်းအပြင်က ဖြတ်သွားတဲ့အခါ၊ သူ .. သေနတ်ကိုကိုင်ပြီး နထင်နဲ့တေ့ပါတယ်၊ သူ့ကိုယ်သူပစ်သတ်ဖို့ကြိုးစားနေတယ်။
ရဲအရာရှိ။ ။ဟုတ်ပြီ၊ အဲဒီတော့မင်းဘာဆက်လုပ်လဲ။
ဒရဝမ်။ ။ကျွန်တော် အိမ်တံခါးဘက်ကိုပြန်ပြေးသွားပြီး လူခေါ်ခေါင်းလောင်းတီးပါတယ်။ အထဲက ဘာသံမှပြန်မကြားရပါဘူး။
ရဲအရာရှိ။ ။ဒါဖြင့် အိမ်ထဲကို မင်းဘယ်လိုလုပ်ဝင်သလဲ။
ဒရဝမ်။ ။တစ်အိမ်လုံးကိုပတ်ကြည့်ပြီးပွင့်နေတဲ့ပြတင်းပေါက်ကို ရှာတယ်၊ ပြတင်းပေါက် တစ်ပေါက်တွေ့တာနဲ့ ကျော်တက်ပြီး ဝင်ခဲ့တာပါ။
ရဲအရာရှိ။ ။အဲဒီပြတင်းပေါက်ကို မင်းပြန်ပိတ်ခဲ့သေးသလား။
ဒရဝမ်။ ။မပိတ်ခဲ့ပါဘူး။
ရဲအရာရှိ။ ။နောက်တော့ကော ဘာဆက်လုပ်လဲ။
ဒရဝမ်။ ။ကျွန်တော်ပါရဂူကြီးရဲ့ စာကြည့်ခန်းထဲကိုခက်ခက်ခဲခဲ ကြိုးစားဝင်ခဲ့ရပါတယ်။
ရဲအရာရှိ။ ။အဲဒီနေရာကနေ ရဲစခန်းကို တယ်လီဖုန်းဆက်တယ် မဟုတ်လား။
ဒရဝမ်။ ။ဟုတ်ပါတယ်။
ရဲအရာရှိ။ ။တယ်လီဖုန်းထားတဲ့ နေရာကို မင်းက သိလား။
ဒရဝမ်။ ။ကျွန်တော်စာကြည့်ခန်းထဲဝင်တော့ မှောင်မည်းနေပါတယ်။ မီးဖွင့်ကြည့်မှ ဖုန်းကိုတွေ့ရတာပါ။
ရဲအရာရှိ။ ။မင်းဘောင်းဘီ ဘာလို့ပြဲနေတာလဲ။
ဒရဝမ်။ ။ပြတင်းပေါက်ကို ကျော်တက်တုန်းက ပြဲသွားတာဖြစ်မယ်။
ရဲအရာရှိ။ ။နောက်မင်းပြောတယ်၊ အိမ်ထဲက ဘယ်သူမှထွက်မလာဘူးလို့နော်။
ဒရဝမ်။ ။ပြောပါတယ်။
ရဲအရာရှိ။ ။ပါရဂူက ဘာကြောင့်သူ့ကိုယ်သူသတ်သေတယ်လို့ထင်လဲ။
ဒရဝမ်။ ။ကျွန်တော် တကယ်ဘာမှ မသိပါဘူး။

"သူတို့ အဲလိုမေးကြဖြေကြတယ်ပေါ့"
"ဟုတ်တယ်"
"ရဲအရာရှိက ဘယ်လိုဆုံးဖြတ်ချက် ချသလဲ"
"စဉ်းစားနေတုန်းပဲ"
"ကျွန်တော်ဝင်ပြောလိုက်မယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

"ပြော"
"အဲဒီ ဒရဝမ်ကို ဖမ်းလိုက်တော့"
"ဘာဖြစ်လို့လဲ"
"သူပြောတာတွေက ရှေ့နောက်မှ မညီပဲ"
"ဘာဖြစ်လို့လဲ"
"အဲဒီပါရဂူကြီး သတ်သေတဲ့အချိန်က ညခုနှစ်နာရီခွဲဆို"
"အင်း"
"မှောင်နေပြီပေါ့"
"အင်း .. အဲဒါဘာဖြစ်လဲ"
"အဲဒီ ဒရဝမ်က အပြင်က မြင်ရတယ်ဆို၊ ပါရဂူကြီးက ကိုယ့်ကိုယ်ကို သေနတ်နဲ့တေ့နေတာ"
"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ၊ အထဲမှာ မီးဖွင့်ထားလို့နေမှာပေါ့"
"အဲဒါ အဓိက အချက်ပဲလေဗျာ"
"ပြောပါဦး"
"အဲဒီဒရဝမ်က အဲဒီအခန်းကို ခက်ခက်ခဲခဲ ဝင်သွားရတယ်ဆို၊ မှောင်မည်းနေလို့ အခန်းထဲရောက်မှ မီးခလုပ်ဖွင့်ရတယ်ဆို"
"အော .."
"သူ ညာပြောနေတယ်၊ သက်သေစရာ တစ်ချက်မှ မကောင်းဘူး၊ သူ့ကို ဖမ်းလိုက်"
"ဟဲဟဲ .."
ကောင်မလေးက ရယ်နေသည်။
"ကဲ .. ဘယ်လိုလဲ၊ ကျုပ်ကို ပြန်လွှတ်ပေးတော့မလား"
"သူတို့က ရှင့်ကိုပြန်လွှတ်ချင်နေပါပြီ"
"ခင်ဗျားနော်"
"ဘာ ခင်ဗျားနော် လဲ"
"ဘာ ပြန်လွှတ်ပေးချင်နေပြီလဲ၊ ပြန်လွှတ်ပေး"
"အဲလိုလုပ်လို့ မရဘူးရှင့်"
"ဘာလို့မရ ရမှာလဲ"
"အဓိက ကတော့ ဖျော့ပဲ"
"ပြောလေ ရှင်းအောင်ပြော"
"ရှင်က ဒီ မဖျော့ကို မြို့စားသမီးနဲ့ လူမှားပြီး ဆွဲတာဆိုတော့ ပေါ့သေးသေးကိစ္စ မဟုတ်ဘူးရှင့်"
"ဟင် .."
"ရှင် .. ရှင်းပြတာ သူတို့နားထောင်တယ်လေ၊ သူတို့က ရှင့်ကို နားလည်ခွင့်လွှတ်လို့ရတယ်၊ လူငယ်တွေရဲ့ ချစ်ရေးချစ်ရာမှာလည်း သူတို့က ဖျက်လိုဖျက်ဆီး ဝင်မလုပ်ချင်ဘူး၊ ဒါပေမယ့် .."
"ဘာဖြစ်လဲ .."
"ပြောပြီး ပါရောလား၊ မြို့စားကြီးသမီးနဲ့ မှားပြီး လက်ဆွဲတယ် ဆိုတဲ့ ကိစ္စက အကြီးကြီးရှင့်"
"ဟင် .. အဲဒီတော့"
"အဲဒီတော့ သူတို့က ရှင့်ကို ပြန်တော့ မလွှတ်သေးဘူး၊ ဒါပေမယ့် တရားခံလို့လည်း သဘောမထားဘူး"
"ဒါပေါ့ဗျ၊ ကျုပ်က မြို့စားသမက်ဖြစ်မယ့်လူပဲ"
"အင်း .. အဲဒါကြောင့် ရဲတွေလည်း ဦးနှောက်ခြောက်သွားတယ်၊ သူတို့အချင်းချင်းတိုင်ပင်ပြီး ရှင့်အတွက် အစီအစဉ်တစ်ခု ချတယ်"
"ဘယ်လိုလဲ"
"ရှင်နဲ့ မြို့စားကြီးနဲ့ကို ဆုံပေးမယ်တဲ့၊ ဖျော့နဲ့တွေ့ဖို့ ရှင့်ဘာသာ ပြောတဲ့"
"ဟာ .. အဲဒါတော့ သားမက်နဲ့ယောက္ခမကို ထိပ်တိုက်တွေ့ပေးသလိုဖြစ်နေပါရော့လား"
"မတတ်နိုင်ဘူးရှင့် ၊ သူတို့ကလည်း အဲလိုပဲ စဉ်းစားမိတော့တယ်၊ သူတို့အမြင်အရတော့ အဲဒါ အသင့်တော်ဆုံးနည်းလမ်းပဲ"
"ကောင်းပြီလေ၊ ကျွန်တော် မကြောက်ပါဘူး၊ တွေ့ဆိုလည်း တွေ့တာပေါ့၊ ဘယ်တော့ တွေ့ရမှာလဲ"
"နက်ဖြန်ခါ"
"ဒါဆို ကျွန်တော်က ဒီည အချုပ်ထဲမှာပဲ အိပ်ရဦးမှာပေါ့"
"မလွှဲသာလို့ပါရှင်၊ ဝမ်းနည်းပါတယ်"
"အင်း .. လုပ်ထားဦးပေါ့ဗျာ၊ ဒါနဲ့နေပါဦး၊ ကျွန်တော်ရဲ့တွေကို တစ်ခုတောင်းဆိုမယ်"

www.burmeseclassic.com

“ပြော ..”
“ကျွန်တော် လက်ဖက်ရည်ဆိုင်မှာ ငထွားနဲ့သွားတွေ့ရဦးမယ်၊ အဲဒါသူတို့အစောင့်အရှောက်နဲ့ပဲသွားမယ်၊ ငထွားနဲ့စကားနည်းနည်းပါးပါးပြောရုံပဲ၊ ရမလား”
“အင်း .. အဲဒါက ..”
ကောင်မလေး တွေတွေဝေဝေ ဖြစ်နေသည်။ ကောင်လေးက ဆက်ပြောလိုက်သည်။
“ငထွားက ကျွန်တော့်ကို အရေးကြီးလို့ချိန်းတာဗျ၊ သူ့မှာ ပြောစရာဘာရှိလဲ မသိဘူး”
“ကောင်းပြီ၊ ရှင့်ကိုတော့ လက်ဖက်ရည်ဆိုင် လိုက်မပို့ဘူး၊ ငထွားကို ရှင့်ဆီခေါ်လာခဲ့မယ်”
“အေးလေ .. ပြီးရော”
“ရှင် .. သိပ် စိတ်ခါတ်ကျမနေပါနဲ့၊ ကျွန်မ ရှင့်အတွက် ငထွားနဲ့အတူ ဆေးလိမ်တစ်စည်းလောက်ထည့်ပေးလိုက်မယ် ..”

* * * * *

“ဟဲလို”
“ပြော ပြော မချော”
“ရှင် ..တော်တော်စိတ်ညစ်နေလား”
“ဘာဖြစ်လို့ညစ်ရမှာလဲ”
“မသိပါဘူး .. မညစ်ရင်ပြီးရောပေါ့၊ ကျွန်မက ရှင် အချုပ်ခန်းကို မှီထိုင်ပြီး ငိုင်နေသလားလို့”
“အို .. ဝေးပါသေးရဲ့”
“ကောင်းပါတယ်၊ ကဲအခု ရှင့်ဆီ ငထွားရောက်လာပြီ”
“အင်း အဲဒါဆိုကျွန်တော်က သူ့ကို သိချင်တာတွေ မေးရမှာပေါ့”
“ဘယ်က စမေးမလဲ”
“ကျွန်တော်ခိုင်းလိုက်တာ ဘာတွေလုပ်ပြီးပြီလဲလို့မေးရမှာပေါ့”
“ဘာမှ မလုပ်ရသေးဘူးတဲ့ရှင့်”
“ဘာဖြစ်လို့လဲ”
“ရှင်က သူ့ကို မြို့စားကြီးအိမ်တော်ထဲထိ ဝင်ခိုင်းတာ မဟုတ်လား”
“ဟုတ်တယ်လေ၊ အဲဒါမှ ဖျော့ကိုတွေ့နိုင်မှာပေါ့”
“အင်း .. သူက အဲဒီကို မရောက်သေးဘူး”
“ဒါဖြင့် သူက ကျွန်တော့်ကို ဘာလို့လက်ဖက်ရည်ဆိုင်မှာ ချိန်းတာလဲ”
“သူက လမ်းမှာတင် ရှင့်မိတ်ဆွေတစ်ယောက်နဲ့တွေ့ခဲ့တယ်”
“ကျွန်တော့်မိတ်ဆွေဘယ်သူလဲ”
“ရှင်မေ့နေလို့ပါ၊ အောင်သွယ်တော်ကြီးလေ”
“အို .. ဟုတ်ပါရဲ့၊ သူ့ကို ဖျော့ကများ တစ်ခုခုပြန်မှာလိုက်လို့လား”
“ဟုတ်တယ် ၊ မှာလိုက်တယ်”
“ကောင်းလိုက်တာဗျာ၊ ဘာများတုန်း”
“သူမှာလိုက်တဲ့ကိစ္စက ရှင့်အတွက် အထောက်အကူဖြစ်သွားတယ်ရှင့်”
“ဟုတ်လား .. ဘယ်လိုပါလိမ့်”
“ကျွန်မပြောပြမယ်၊ နားထောင်”
“အင်း ..”
“တစ်အချက် ရှင်ရောက်နေတာကို ဖျော့သိသွားတော့ အရမ်းဝမ်းသာတယ်”
“ဒါပေါ့ .. ဝမ်းသာရမှာပေါ့”
“နှစ်အချက်က ရှင်ရောက်နေတာကို သူ့အဖေလည်းသိသွားပြီ”
“ဟင် ..ဖျော့ဆီက တစ်ဆင့်ပေါက်တာလား”
“မဟုတ်ဘူး မြို့စားကြီးက သူ့ဘာသာသူ ရှင့်သတင်းတွေ ရပြီးရိပ်မိသွားတာ”
“အော် .. အဲလိုလား”
ကောင်လေးရင်ထဲမှာ နည်းနည်းတော့ လေးသွားသည်။
“သုံးအချက်က ..”
“အင်း .. ပြော”

www.burmeseclassic.com

www.burmeseclassic.com

"သူ့အဖေနဲ့တွေ့ရင် တည်တည်ငြိမ်ငြိမ်နဲ့ ပုံမှန်ပဲ ဆက်ဆံဖို့မှာလိုက်တယ်"
"အကြောင်းရှိလို့လား"
"အင်း .. သူ့အဖေက လူရမ်းကား မဟုတ်ဘူး"
"ခင်ဗျားကလဲ မြို့စားကြီးပါဆိုမှ"
"အင်း .. သူ့အဖေက တည်တည်ငြိမ်ငြိမ်နေတတ်တယ်၊ ဥာဏ်ကောင်းတဲ့လူတွေကို သဘောကျတယ်"
"ဟေ ဟေ့"
"ရှင် ကြည့်ဆက်ဆံပေါ့ရှင်"
"ဒါမျိုးက ရပါတယ်ဗျာ"
"ရှင့်ကို ရဲက မြို့စားကြီးဆီပို့ပေးမယ်ဆိုတာလည်း တစ်မျိုးတော့ကောင်းသွားတယ်၊ သူကလည်းရှင့်ကိုသိနေပြီပဲ၊ သူ့ရှေ့မှာ သူသဘောကျအောင် ရှင်နေထိုင်ပြပေါ့"
"အေးဗျ၊ အဲဒီအတွက်တော့ လွယ်မလိုနဲ့ နည်းနည်းခက်တယ်၊ ဒါပေမယ့်ရပါတယ်ဗျာ"
"ငထွားက ရှင့်ကို အရေးကြီးတဲ့ စကားတစ်ခွန်းလည်းပြောပြသွားတယ်"
"သူ့ဘာသာသူ စုံစမ်းလာတာလား၊ အောင်သွယ်တော်ကြီးဆီက သိလာတာပဲလား"
"အောင်သွယ်တော်ကြီးဆီကပဲပေါ့၊ ရှင့်ရဲ့ဗျော့က မှာလိုက်တာ"
"ဘာ ဘာအကြောင်းလဲ"
"သူ့အဖေအကြောင်းပဲ"
ကောင်လေး အလိုမကျသလိုဖြစ်သွားသည်။
"အာ .. ကဲထားလိုက်ပါတော့၊ ပြောပါဦး၊ ဘာတဲ့တုန်း"
"မြို့စားကြီးက ဓါတ်ကြီးလေးပါးရဲ့ လျှို့ဝှက်ချက်တွေကို အရမ်းစိတ်ဝင်စားတယ်တဲ့"
"ဘယ်လို"
"ရေမြေလေမီး တို့ရဲ့လျှို့ဝှက်ချက်တွေကို အရမ်းစိတ်ဝင်စားတယ်တဲ့"
"ဟုတ်ပြီ၊ အဲဒါသူ့ရဲ့ အားနည်းချက်ပဲ၊ သူ့ရဲ့အားနည်းချက်ကနေ ကျွန်တော်ဖောက်ဝင်ရမယ်"
"ကဲ .. ငထွားနဲ့ ရှင်နဲ့ပြောနေတာ၊ အချိန်စေ့ပြီ၊ ရဲတွေက ငထွားကို ပြန်ခိုင်းတော့မယ်၊ ရှင် ငထွားကိုဘာမှာဦးမလဲ"
"ကျွန်တော်ခိုင်းထားတာကို လုပ်ဖြစ်အောင်လုပ်ဖို့ပဲမှာရမှာပေါ့"
"ဘာလဲ မြို့စားကြီးအိမ်ဝင်ပြီး ဗျော့နဲ့တွေ့ဖို့ပဲလား"
"အစစ်ပေါ့"
"ကဲ ကဲ .. ငထွားကိုလည်း ရဲတွေက ပြန်လွှတ်လိုက်ပြီ၊ ရှင်လည်းအချုပ်ခန်းနံရံကိုမှီပြီး အိပ်ပေတော့"
"မအိပ်နိုင်သေးပါဘူးဗျာ၊ စဉ်းစားရအုံးမယ်၊ မနက်ဖြန်ခါ မိုးလင်းရင် မြို့စားကြီးနဲ့တွေ့ရတော့မှာ မဟုတ်လား"
"ရှင်ဘယ်လောက်ထိ စဉ်းစားမှာလဲ၊ တစ်ညလုံးမအိပ်ဘူးလား"
"မအိပ်ဘူးဗျာ"
"ကဲ .. ဒါဆို မိုးလင်းပြီ"
"ဟင် .. ဘာမှတောင် မစဉ်းစားရသေးဘူး"
"ရှင့်ကို ကြိုစဉ်းစားခွင့် မပေးနိုင်ဘူး၊ ပြဿနာကို တိုက်ရိုက်ဖြေရှင်းခွင့်ပဲပေးနိုင်မယ်"
"သြော် .. ခင်ဗျားက အဲလိုလား"
"ဟုတ်တယ် .. အဲလိုပဲ"
"ဟင်း .. ဒါဆိုလဲ ရတယ်ဗျာ၊ အခုပဲ မြို့စားကြီးဆီ ခေါ်သွားတော့"
"ရှင်က စ တောင်းဆိုတာနော်"
"ဟုတ်တယ်"
"ရှင် မကြောက်ဘူးလား"
"စောင့်ကြည့်လိုက်လေ"
"ဟုတ်ပြီ .. ရဲတွေက ရှင့်ကို မြို့စားကြီးဆီ ခေါ်သွားပြီ"
"ရောက်ပြီ၊ မြို့စားကြီးနဲ့ တွေ့ပြီဗျာ"
"မြို့စားကြီးက မြစ်ကမ်းဘေးတစ်ခုမှာ လေညင်းခံနေတာရှင့်"
"အင်း .."
"သူ့ဘေးမှာလည်း နောက်တော်ပါတွေ အများကြီးပေါ့"
"ဒါပေါ့၊ အခြွေအရံတော့ ရှိမှာပေါ့"
"ပညာရှိတွေလည်းရှိတယ်၊ သူ့ရဲ့လက်စွဲတွေပေါ့"
"ဟုတ်ပြီ၊ သူကျွန်တော့်ကိုမြင်သွားပြီဗျာ၊ ဘာပြောမလဲ"
"ဘာမှ မပြောဘူး၊ သူက ရှင့်ကိုတစ်ချက်ကြည့်ပြီး သူ့ဟာသူပဲ မြစ်ရေတွေကို စိုက်ငေးနေတယ်"

www.burmeseclassic.com

"အင်း .. သူ ရှက်နေလို့ နေမှာပေါ့"
"အောင်မာ .. ငါးဖယ်က ပြောင်းပြန်"
"ကဲကဲ စကားဆက်ပါဦး၊ သူက မြစ်ရေတွေကို ငေးပြီး ဘာလုပ်နေတာလဲ"
"သူ့လက်ထဲမှာ ယပ်တောင်အကြီးကြီးတစ်လက်ကိုလည်း ကိုင်ထားတယ်ရှင့်၊ သူ့ကိုယ်သူ ယပ်ခတ်နေတယ်"
"ဘေးက အခြွေအရံတွေက မခတ်ပေးဘူးလား"
"သူက သူ့ဘာသာ ခတ်ချင်နေတယ်၊ ယပ်ခတ်ရင်းနဲ့လည်း သူသိချင်တာ တစ်ခုရှိနေတယ်"
"ဘာကို သိချင်နေတာလဲ"
"ယပ်ခတ်တာနဲ့ ဘာကြောင့် အေးလာရတာလဲလို့ သိချင်နေတာ"
"ဟုတ်တာပေါ့ဗျ၊ ဒါ တကယ့်ထူးခြားဆန်းကြယ်တဲ့အချက်ပဲ၊ အင်မတန် လေးနက်တဲ့ပြဿနာပဲ"
"ရှင်က အခုတည်းက ယောက္ခမကို ဖားနေတာလား"
"မဟုတ်ဘူး ၊ အကောင်းပြောနေတာ၊ နယူတန်လည်း ပန်းသီးကြွေသွားတာကို ကြည့်ရင်း မြေဆွဲအားကို တွေ့ခဲ့တာပဲ၊ ဒီပန်းသီးဘာလို့ အပေါ်ကို မတက်ဘဲ အောက်ကို ကျလာတာလဲ၊ စဉ်းစားစရာ အချက်မဟုတ်လား"
"ကဲကဲ စကားကို လိုရင်းဆက်ပြောမယ်"
"အင်း ..ပြော"
"အဲဒါနဲ့ ပဲ သူက သူ့ဘေးနားက လူတစ်ယောက်ကို လှမ်းမေးတယ်၊ ယပ်ခတ်လိုက်တာနဲ့ ဘာကြောင့် အအေးဓါတ်က ပေါ်လာရတာလဲလို့"
"အင်း .. အဲဒီတော့ တစ်ဘက်က ဘယ်လိုပြန်ဖြေလဲ"
"ယပ်ခတ်တာက လေထုရဲ့ အပူချိန်ကို ကျသွားစေတယ်တဲ့"
"ထပ်သရီး"
"မဟုတ်ဘူးလား"
"မဟုတ်ပါဘူးဗျာ"
"နေဦး .. ထပ်သရီးဆိုတာ ဘာလဲ"
"သုံးထပ်ပေါ့ဗျာ၊ အဲဒါတွေထားပါဦးဗျာ၊ မြို့စားကြီးကို ကျွန်တော်က အဖြေမှန်ဝင်ပြောပြလို့ ရမလား"
"ရှင်က မြို့စားကြီးကို အဲလိုတိုက်ရိုက် စကားပြောခွင့်မရှိဘူး"
"ရတယ်၊ ဒါဆိုလည်း ကျွန်တော်က အဲဒီမေးခွန်းဖြေတဲ့ ပုဏ္ဏားကြီးကို လှမ်းပြောမယ်"
ကောင်မလေးက လက်သင့်ခံချင်ပုံမရချေ။
"ပုဏ္ဏားတဲ့ .. ရှင့်ကို ဘယ်သူက ပုဏ္ဏားလို့ပြောလို့တုန်း"
"ပုဏ္ဏားလို့ပဲ ထားလိုက်ပါဗျာ၊ ကျွန်တော် ပုဏ္ဏားတွေနဲ့ တစ်ခါမှ စကားမပြောဖူးလို့ ပြောကြည့်ချင်တယ်"
"ကဲပြော ရှင်ဘာပြောမှာလဲ"
"ဗျို့ ပုဏ္ဏားကြီး၊ ယပ်ခတ်တာဟာ အပူချိန်ကို တကယ်ကျစေသလား"
"ဖြေတယ် ကျစေတယ်တဲ့"
"အဲဒါဆိုရင် ကျွန်တော်က အိတ်ထဲက သာမိုမီတာလေး သူ့ကို ထုတ်ပေးလိုက်မယ်"
"ဘာလုပ်ဖို့လဲ"
"အဲဒီ သာမိုမီတာမှာ အပူချိန်အမှတ်တစ်ခု ပေါ်နေမှာပဲလေ၊ ပတ်ဝန်းကျင်ရဲ့အပူချိန်ပေါ့"
"အင်း "
"ပုဏ္ဏားကြီးအနေနဲ့ အဲဒီသာမိုမီတာကို ယပ်ခတ်ကြည့်စမ်းပါလို့၊ သာမိုမီတာမှာ ပေါ်နေတဲ့ အပူချိန်အမှတ် ကျသွားမလားလို့"
ကောင်မလေးက ခပ်အုပ်အုပ်ရယ်သည်။
"ဟုတ်ပြီ .. ရှင့်လုပ်ရပ်ကို မြို့စားကြီးက စိတ်ဝင်စားသွားပြီ"
"စိတ်ဝင်စားရမယ်လေ .. သူက အဖြေမှန်ကို သိချင်သူမဟုတ်လား"
"အဟင်း .. ရှင်ပြောအားရှိလာတာပေါ့နော်"
"ယပ်တောင်ကလည်း ပုဏ္ဏားကြီးလက်ထဲမှာ မဟုတ်ဘူးလေ .. သူ့လက်ထဲမှာ"
"အင်း .. အဲဒါကြောင့် မြို့စားကြီးကပဲ သာမိုမီတာကို ဖျက်ခနဲ ဆွဲယူလိုက်တယ်"
"ဟုတ်ပြီ"
"ပြီးတော့ ရှင်ပြောသလိုပဲ သာမိုမီတာကိုယပ်ခတ်ကြည့်တယ်"
"အဲဒီတော့ .."
"ရှင်ထောက်ပြတာ မှန်နေတယ်လေ ၊ သာမိုမီတာက အပူချိန်ကျမသွားဘူး"
"သူ ဘာပြောလဲ"
"ယပ်ခတ်ရင်အပူချိန်ကျသွားတယ်ဆိုတာ မဟုတ်ဘူးလားတဲ့"

www.burmeseclassic.com

www.burmeseclassic.com

“သူ ဇဝေဇဝါဖြစ်သွားတာပေါ့”
“ဟုတ်တယ် .. သူပုဏ္ဏားကြီးကို လှမ်းကြည့်တယ်”
“ပုဏ္ဏားကြီး အိုးတိုးအမ်းတမ်းဖြစ်နေမှာပေါ့၊ အဲဒါနဲ့ပဲ မြို့စားကြီးက ရှင့်ကိုလှမ်းကြည့်တယ်”
“အိုကေ .. ကျွန်တော်က ငါးရူပြုံး ပြုံးပြလိုက်တယ်”
“ရှင့်ကို ပြုံးပြခိုင်းနေတာမဟုတ်ဘူး၊ ဖြေခိုင်းနေတာရှင့်”
“ဟုတ်လား .. ရပါတယ်၊ ဖြေလိုက်ရုံပေါ့”
“ပြော ..”
“ယပ်ခတ်လို့ အပူချိန်ကျမသွားဘူးလို့ ..”
“အဲဒါဆို ဘာကြောင့်အေးလာတာလဲ”
“ယပ်ခတ်လိုက်တဲ့အတွက်ကြောင့် လေထုအပြောင်းအလဲဖြစ်သွားတယ်၊ လေအဟောင်းတွေ
နေရာကိုလေအသစ်တွေဝင်ဝင်လာတယ်၊ အဲဒါကြောင့် အေးသွားတာ”
“ကောင်းတယ် ...ကောင်းတယ်”
“ကျွန်တော့်ကို ချီးကျူးတာလား”
“ရှင် စကားမရှည်နဲ့၊ ရှင်အဲလို လူလည်ဝင်လုပ်တာကို ပုဏ္ဏားကြီးက မကြိုက်ဘူး၊ ရှင့်ကို ဘုကြည့်ကြည့်တယ်”
“အဲဒါဆို ကျွန်တော်က သူ့ကို ငါးမန်းပြုံး ပြုံးပြလိုက်မယ်”
“မြို့စားကြီးကတော့ ရှင့်ကိုတစ်မှတ်ပေးသွားပါတယ်”
“အင်း”
ကောင်လေးက ချင့်ချင့်ချိန်ချိန်လေသံဖြင့် ..
“တစ်မှတ်တည်း ရသေးရုံနဲ့တော့ သူ့သမီးကို တောင်းလို့မဖြစ်သေးဘူးဗျနော်”
“မေးမှ မေးတတ်တယ်၊ ရှင့်ကို ဖနောင့်နဲ့တောင် ထပေါက်လိုက်ဦးမယ်”
“အင်း .. ဟုတ်ပြီ၊ ဒါဆိုလည်း ကျွန်တော်က ဉာဏ်ကူရဦးမှာပေါ့”
“ဩော် .. ရှင် စတင်လှုပ်ရှားတော့မယ်ပေါ့၊ ဟုတ်ပြီ .. ပြောပါဦး၊ ဘာလုပ်မလဲ”
“ခုနက ကျွန်တော့်ကို မကြည်မလင် ဖြစ်သွားတဲ့ ပုဏ္ဏားကြီးကို စီးကရက်တစ်လိပ်လောက် ထုတ်တည်လိုက်မယ်ဗျာ”
“အင်း”
“ပုဏ္ဏားကြီးက အင်တင်တင် နဲ့ပဲ စီးကရက်ကိုလှမ်းယူလိုက်တယ်”
“အင်း ပြီးတော့ ..”
“ပြီးတော့ သူ့ရဲ့ဇစ်ပိုမီးခြစ်ကို ထုတ်ပြီး ထောက်ခနဲ မီးညှိတယ်”
“ဟင် .. ရှင့်ဟာက ဘာတွေလုပ်နေတာလဲ”
“ပြောမယ်လေဗျာ၊ မလောနဲ့”
“ပြောပါဦး”
“အဲလို ပုဏ္ဏားကြီး စီးကရက် မီးညှိနေတဲ့အချိန်မှာ ကျွန်တော်က မေးခွန်းတစ်ခုနဲ့ ဖောက်ခွဲလိုက်တယ်”
“ဘာမေးခွန်းလဲ”
“အဲဒီမေးခွန်းကြောင့် အားလုံးဟာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြတယ်”
“ဘာမေးခွန်းလဲ”
“မြို့စားကြီးရဲ့ မျက်နှာမှာလည်း စိတ်ဝင်စားမှု အရိပ်အယောင်တွေထင်ဟပ် ယှက်သန်းသွားတယ်”
“ဘာမေးခွန်းလဲလို့ မေးနေတယ်”
ကောင်မလေး ဒေါကန်လာပုံရသည်။ ကောင်လေးက မဖြေသေးဘဲ ..
“ဟဲ .. ဟဲ”
“ရှင် ဘာလဲ”
“အဲဒီမေးခွန်းကိုတော့ မနက်ဖြန်မှပဲ ဆက်ပြောတာ ပေါ့ဗျာ၊ ကျွန်တော်ကတော့ ခင်ဗျားကို
ကြိုတင်စဉ်းစားခွင့်ပေးပါတယ်၊ စဉ်းစားကြည့်ပေါ့”

*****

“ဟဲလို”
“ဟင်း ..”
“ခင်ဗျားရဲ့လေသံက သိပ်မကျေနပ်သလိုပဲ”
“ရှင့် ပုဏ္ဏားကြီးက စီးကရက်မီးညှိတုန်းပဲလား”

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်လေ"
"မနေ့ကတည်းကညှိနေတာ၊ ခုထိမပြီးသေးဘူးလား"
"ဟဲဟဲ ဒါပေါ့ဗျာ၊ မီးညှိခါနီးမှ တွေဝေနေလို့"
"ဘာတွေဝေနေတာလဲ"
"ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်ဆိုလို့"
"ဟင် .."
"တော်ကြာ တီဗွီထဲမှာ သူ့ပုံနဲ့ ပါလာရင် ခက်ဦးမယ်ဆိုပြီး တွေဝေနေတာ"
"သြော် .. ဒါဖြင့် မသောက်ဘူးပေါ့"
"မော့ တော့ မသောက်ဘူးပေါ့ဗျာ၊ မျှင်းဖွာပြီးတော့ သောက်တာပေါ့"
"ဟင်"
မမြင်ရသော်လည်း ကောင်မလေး မျက်စောင်းထိုးလိုက်ဟန်ရှိသည်။
"ကဲ .. ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ ပြောတော့"
"ဘာပြောရမှာလဲ"
"ရှင်ဖောက်ခွဲလိုက်တယ်ဆိုတဲ့မေးခွန်းလေ"
"သြော် .. ဟဲဟဲ .. ဒီလိုဗျ"
"အင်း .. ပြော"
"ပုဏ္ဏားကြီးက စီးကရက် မီးညှိနေတုန်းမှာ အဲဒီမီးတောက်လေးကို ကြည့်ပြီး ကျွန်တော်ကမေးလိုက်တာ"
"ဘယ်လိုမေးလိုက်တာလဲ"
"မီးတောက်တွေက ဘာဖြစ်လို့ အပေါ်ကိုပဲ အညွန့်တက်ကြတာလဲမသိဘူးလို့"
"ဘာ .."
"မီးညွန့်တွေက အောက်ဘက်ကို မလာဘဲ ဘာလို့ အပေါ်ဘက်ကို ထိုးတက်ရသလဲဆိုတာ"
"အဲဒီတော့ ပုဏ္ဏားကြီးက ဘာပြောလဲ"
"နေဆွဲအား လဆွဲအားကြောင့်တဲ့၊ မီးညွန့်က မြေကြီးဆီပြန်မဆင်းဘဲ ကောင်းကင်ဆီပဲတက်နေတာတဲ့"
"ဟုတ်လား"
"ထပ်သရီး ဘယ်ကလာဗျာ"
"သြော် .. မဟုတ်ဘူးပေါ့၊ မြို့စားကြီးကရော ဘာပြောသလဲ"
"သူကတော့ ပုဏ္ဏားကြီးကို ကြည့်လိုက် ကျွန်တော့်ကို ကြည့်လိုက် ပေါ့"
"သူ ရှင့်ကို ကြည့်ချိန်မှ ရှင်ကဘယ်လို .."
"ကျွန်တော်က သူ့ကို ငါးသလောက်ပြုံးလေး ပြုံးပြလိုက်တယ်"
"အင်း .. ဟိုက ပေါင်းစားလိုက်မှ ခက်နေမယ်၊ ထားပါတော့၊ ရှင်ကရော မြို့စားကြီးကို ဘယ်လိုပြန်ပြောလိုက်လဲ"
"ပုဏ္ဏားကြီးပြောတဲ့အချက်ဟာ မမှန်နီးကီးပါဘူးလို့၊ မဟုတ်နီးကီးပါဘူးလို့"
"အဲဒီတော့ မြို့စားကြီးက ဘာပြောလဲ"
"ဒါဆို မင်းဖြေနီးကီးစမ်းတဲ့"
"ဒုက္ခပဲ"
ကောင်မလေး စိတ်ညစ်လာပုံရသည်။
"ရှင်စကားပြောတာ ကောင်းကောင်းပြောစမ်းပါရှင်"
"ခုပြောနေတာ မကောင်းဘူးလား၊ ဘယ်လိုပြောရမှာလဲ"
"ဇာတ်ထဲက ပုဏ္ဏားတွေလို လုပ်လုပ်ပြောမနေနဲ့"
"ကောင်းပြီလေ၊ ကဲ .. မြို့စားကြီးကို ကျွန်တော် ဖြေလိုက်တော့မယ်"
"ဖြေ .."
"မြို့စားကြီးခင်ဗျား၊ လေရဲ့သဘောက ပူရင် ပေါ့ပြီး အပေါ်ကိုတက်တတ်ပါတယ်"
"အဲဒီတော့ .."
"မီးတောက်ရဲ့နံဘေးက လေတွေက ပူလို့ ပေါ့ပြီး အပေါ်ကို တတ်ကြပါတယ်"
"အင်း .."
"အဲဒီတော့ မီးညွန့်ဟာ ဘေးဝန်းကျင်လေတွေရဲ့ အထက်ကို ပင့်ညှပ်သယ်ဆောင်မှုကိုခံရပါတယ်၊ အဲဒါကြောင့် မီးညွန့်ဟာ အထက်ကိုပဲတက်ရပါတယ်"
"သြော် .. အဲဒီလိုလား"
"ဟုတ်ပ့ါဗျား"
"အင်း .. မြို့စားကြီးက ရှင့်ကို အသိအမှတ်ပြုသလိုတစ်ချက်ကြည့်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟဲဟဲ .. ဒါတောင် လေနဲ့ မီးအကြောင်းပဲ ရှိသေးတယ်၊ ရေနဲ့မြေအကြောင်း မပါသေးဘူး"
"ရှင်က အဲဒါတွေပါ ဆက်ပြောဦးမှာလား"
"ဒါပေါ့ .. အဲဒါတွေကို ပြောမလို့လာတာပဲ၊ ပြောမှာပေါ့"
"အင်း .. အဲ့ဒီစကားတွေကို ဆက်ပြောခွင့် မရတော့ဘူးရှင့်"
ကောင်လေး မကျေမချမ်းဖြစ်သွားသည်။
"ဘာဖြစ်လို့လဲ၊ ခင်ဗျား ဘာလုပ်လိုက်ပြန်ပြီလဲ"
"အဟင်း .. ကျွန်မ ဘာမှ မလုပ်ပါဘူး၊ မြို့စားကြီးအတွက် အရေးကြီးတဲ့ အမှုတစ်ခု ဖြတ်ဝင်လာလို့"
"ရတယ်လေ .. တတ်သည့်ပညာမနေသာပေါ့၊ ကျွန်တော်ဝင်ဖြေရှင်းပေးပါ့မယ်၊ ပြော ဘာအမှုလဲ"
"ဒီမြို့ထဲကို လူတစ်ယောက် တရားမဝင်ငွေတွေ သယ်ဆောင်လာတယ်လို့ သတင်းရထားတယ်"
ကောင်လေး ပျာပျာသလဲ ပြန်ပြောလိုက်မိသည်။
"ဟာ .. ကျွန်တော် မဟုတ်ဘူးနော်၊ ကျွန်တော့်မှာ တစ်ပြားမှ မပါဘူး"
"ခစ်ခစ် .. ဒီလောက်လည်း ကြွားမနေပါနဲ့၊ ရှင့်ကို မစွပ်စွဲပါဘူး"
"တော်ပါသေးရဲ့ဗျာ၊ ဒါဆိုဆက်ပြော"
"အခု ရဲမက်တချို့က မြို့စားကြီးဆီကို မသင်္ကာတဲ့လူနှစ်ယောက် ခေါ်လာတယ်"
"အင်း .."
"ရှင်တို့ ရဲ့ စကားဝိုင်းပျက်သွားတယ်၊ မြို့စားကြီးက အဲဒီလူနှစ်ယောက်ကို အကဲခတ်နေတယ်"
"အဲဒီလူတွေရဲ့ ပုံစံက ဘယ်လိုလဲဗျ"
"တစ်ယောက်ရဲ့ ပုံစံကတော့ ဒီလိုရှင့်"




"အင်း .. အဲဒီလူကတော့ ရိုးရိုးသားသား ထင်ပါရဲ့ဗျာ"
"မသင်္ကာစရာ လူတစ်ယောက်လို့ မမြင်မိဘူးလား"
"မမြင်ပါဘူး၊ သူက လယ်သမားတစ်ယောက်ပဲ"
"ဘာကြောင့် လယ်သမားလို့ပြောရတာလဲ"
"သူ့ မျက်နှာပေါ်မှာ FARMER ဆိုတဲ့ စာလုံးတွေပေါ်နေတယ်"
"ခိ .. ဩော် .. အဲလိုလား"
"အင်း .. နောက်တစ်ယောက်ပြပါဦး"
"နောက်တစ်ယောက်ရဲ့ ပုံစံကတော့ ဒီလိုရှင့်"
ကောင်မလေးက အတိအကျ ပုံဖော်ပြသည်။




ကောင်လေးက ရှားလော့ဟုမ်းလေသံဖြင့်
"အင်း .. ဒီလူကတော့ သိပ်မဟန်ဘူးဗျို့"

www.burmeseclassic.com

www.burmeseclassic.com

“ဘာဖြစ်လို့လဲ”
“ဒီလူကဂျောဂီဗျ”
“ဘာလဲ သူ့မျက်နှာ ပေါ်မှာ JOCKEY လို့ပေါ်နေလို့လား”
“အင်း ..”
“အဲလိုပေါ်တော့လဲ ဘာဖြစ်လဲ၊ သူ့ဘာသာ ပြိုင်မြင်းစီးသူပဲဟာ”
“အဲဒီငွေကို အဲဒီပြိုင်မြင်းနဲ့ အသယ်အပို့လုပ်ခိုင်းတာရော မဖြစ်နိုင်ဘူးလား”
“အင်း .. စဉ်းစားစရာပေါ့”
“နောက်ပြီးတစ်ခုရှိသေးတယ်”
“ဘာလဲ”
“ဂျောဂီဆိုတဲ့စာလုံးဟာ Noun အနေနဲ့တော့ ပြိုင်မြင်းစီးသူပဲ၊ Verb အနေနဲ့ကျတော့ တစ်ဘက်သားကို တစ်ပတ်ရိုက်သည် လို့အဓိပ္ပါယ်ထွက်တယ်”
“ဩော် .. ဩော် .. ဗဟုသုတ ကြွယ်ဝပါပေတယ်ရှင်”
“ဒါပေါ့ဗျာ၊ ဒေသန္တရ .. ဘာသန္တရ ဆိုတာ ..”
“ရှည်မနေနဲ့၊ လိုရင်းကိုဆက်ပြော”
“ခင်ဗျားကလဲ ..”
“ရှင်ကလဲ နည်းနည်းလေးမှ ချီးကျူးလို့မရဘူး”
“အဟီး ..”
“ကဲ .. ပြောစရာရှိတာ ဆက်ပြော၊ အဲဒီဂျောကီကို ရှင်မသင်္ကာဘူးပေါ့”
“အင်း ..”
“ကောင်းပြီ ၊ ဒါဖြင့်သူ့ကိုရှာမယ်”
“ရှာ .. ဘာတွေ့သလဲဆိုတာ ကျွန်တော့်ကိုပြော”
“ခက်တာပဲ၊ ထူးထူးခြားခြား ဘာမှမတွေ့ဘူးရှင့်”
“အဲလိုဖြစ်မယ်ဆိုတာ ကျွန်တော်မျှော်လင့်ပြီးသားပါ၊ မထူးခြားတာလဲ ဘာတွေ့လဲပြော”
“စာအိတ်အဟောင်း တစ်လုံးပဲတွေ့တယ်ရှင့်”
“စာအိတ်ထဲမှာရော ဘာပါလဲ”
“နေဦး ဖွင့်ကြည့်လိုက်ဦးမယ် ၊ မှန်းစမ်း”
“ပြော .. ဘာတွေ့လဲ”
“စက္ကူအပိုင်းအစလေး လေးခုပဲတွေ့တယ်ရှင့်”
ကောင်လေးက လက်ဖျောက်တီးလိုက်သည်။
“ဟုတ်ပြီ၊ ဘာတွေရေးထားလဲ”
“အင်း .. ဖတ်လို့မရဘူး”
“ဘယ်လို .. ဖြစ်လို့လဲ”
“ဒီလိုရှင့် ..”
ကောင်မလေးက စက္ကူအပိုင်းအစ လေးခုပေါ်မှ စာများကို ပြောပြသည်။

WCHS ---------- 1000
\- (A) ------------ (B)

LMMO ----------- LEEN
\- (C) ------------ (D)

“ခဏလေးနော်၊ ကျွန်တော်စဉ်းစားကြည့်လိုက်ဦးမယ်”
“တော်တော်ခက်သလား”
“ခက်တော့မခက်ပါဘူး”
“လွယ်တယ်ပေါ့”
“လွယ်တယ်တော့လည်း မဟုတ်ဘူးပေ့ါဗျာ”
“ရှင့်ဟာကလဲ”
“အဖြေရှာတွေ့သွားရင်တော့ ဘာမှ သိပ်မဟုတ်သလိုပဲဗျ၊ မတွေ့ခင်သာစိတ်အိုက်ရတာ”
“အင်း .. ထာပါတော့၊ စဉ်းစားပါဦး၊ ရပြီလား”
“စာရွက်တွေကို ဒေါက်လိုက်ဆက်လိုက်ဗျ”
“ဘယ်လို ..”

www.burmeseclassic.com

www.burmeseclassic.com

“ A ကို အပေါ်ဆုံးမှာထား၊ အဲဒီအောက်က B ၊ အဲဒီအောက်က C ၊ အဲလိုလေ”
“အင်း .. ဟုတ်ပြီ၊ ပြီးတော့ရော”
“စာလုံးတွေကို အပေါ်ကနေအောက်ကိုပဲ တန်းစီဖတ်ချလိုက်လေ”
“အဲလိုဖတ်တော့ ..”
“Will Come Home Soon ဆိုတဲ့စာသားထွက်လာလိမ့်မယ် .. မကြာမီအိမ်ပြန်လာခဲ့မယ်တဲ့”
“အင်း .. ဟုတ်တော့ ဟုတ်သွားပြီ၊ ဒါပေမယ့်ခက်တာက ..”
“ဟုတ်တယ်၊ ခက်တာက ငွေတွေကို ရှာမတွေ့သေးဘူး”
“ပါတော့ပါမယ်ဗျ”
“အော် .. ရှင်ကရော အဲလိုပဲယူဆသလား”
“ဟုတ်တယ်၊ ဒီစာက ငွေနဲ့အတူ ပေးလိုက်တဲ့စာဗျ၊ စာက အဓိကမဟုတ်ဘူး၊ အခြားအဓိကပစ္စည်းတစ်ခုပါတယ်၊ ငွေပဲဖြစ်မယ်”
“အင်း .. အဲဒါဆိုရင်”
“နေဦး၊ ကျွန်တော့်ကိုပြောပြဦးလေ”
“ဘာပြောပြရမှာလဲ”
“ခင်ဗျားတို့ သတင်းရတဲ့ တရားမဝင်ငွေဆိုတာ ဘယ်လောက်အတိုင်းအတာရှိလဲ၊ တန်ဖိုးဘယ်လောက်ရှိလဲ”
“အများကြီးရှင့်၊ ဒေါ်လာတစ်သိန်း”
“ကျွန်တော်ရှာပေးနိုင်ရင် ကျွန်တော့်ကို တစ်ဝက်ပေးမလား”
“အဲဒါဆိုရင် ရှင် ဖျော့ကိုရော၊ အဲဒီပိုက်ဆံရော ရမှာ မဟုတ်တော့ဘူး၊ ဒီမြို့က ထွက်တောင်ပြေးရဦးမယ်”
“ရှာဦးဗျာ၊ သူ့မှာ တခြားဘာပစ္စည်းပါသေးလဲ”
“ဘာမှ မပါဘူးလို့၊ အဲဒီစာအိတ်အဟောင်းကြီးရယ်၊ အဲဒီစာရယ်၊ ဒါပဲ”
“သူ့ကို စစ်မေးတော့ ဘာပြောလဲ”
“မသိဘူး .. မရှိဘူးပဲပြောတယ်”
“အင်း ... ပြဿနာပဲ”
“ဟုတ်တယ် .. ပြဿနာပဲ၊ မြို့စားကြီးလည်း ဦးနှောက်ခြောက်နေတယ်”
“အမျိုးမျိုးလှည့်ပတ်စစ်ဗျာ”
“စစ်တာပဲ၊ ဘယ်လိုမှ မရဘူး”
“ခုနက အဖြေပဲလား”
“အင်း .. မသိဘူး၊မရှိဘူး၊ ဒါပဲ”
“ခက်တော့ တာပါပဲ”
ပြဿနာက လမ်းစပိတ်နေသဖြင့် ကောင်လေးလည်း မတွေးတတ်မကြံတတ်လောက်အောင်ဖြစ်သွားသည်။ ကောင်မလေးဆီစကားမပြန်နိုင်ဘဲ အတန်ကြာနှုတ်ဆွံ့နေမိသည်။
“ဟော့ ..”
“အင်း ..”
“ဘယ်လိုလဲ”
“စဉ်းစားနေတယ်”
“ဟဲ .. ဟဲ ..ဟဲ ..”
ကောင်မလေး ထိုသို့ရယ်လျှင် ကောင်လေးအလွန်အမြင်ကပ်လေသည်။ သို့သော် ဘယ်လိုမှလည်းမတတ်နိုင်၊ ဦးသူရယ်ကြေးပေါ့။ ကြံရာမရသည့်အဆုံးကောင်လေးက ..
“ဟော့ .. ဒီလိုလုပ်”
“ဘယ်လိုလုပ်ရမှာလဲ”
“သူ့ကို ပြန်လွှတ်ပေးပြီးမှ နောက်ယောင်ခံလိုက်သွားမယ်”
“သူက ပြိုင်မြင်းသမားရှင့်၊ နောင်ယောင်ခံလိုက်ရင် ပြတ်သွားမှာပဲ၊မရဘူး၊ မလိုက်နဲ့၊ အဲဒီနည်းကို မကြိုက်ဘူး”
“ဒီနေရာမှာတင် ချက်ချင်းအဖြေသိချင်တာလား”
“ဟုတ်တယ်၊ ဒီနေရာမှာပဲ အမှုပေါ်ရမယ်”
“ဒါဖြင့် အိပ်မွေ့ချပြီး မေးဗျာ”
“ရှင်. . စွတ်ရွတ်ပြောနေတာလား၊ တကယ်စဉ်းစားပြီး ပြောနေတာလား”
“အဲ ..”
ကောင်လေးအမ်းသွားသည်။ ကောင်မလေးက ဆက်၍ ..
“ကဲ .. ထားပါတော့ အိပ်မွေ့ချမေးလိုက်ပြီ၊ အဲဒီတော့လည်း မသိဘူး၊ မရှိဘူးပဲပြောတယ်၊ ဘာဆက်လုပ်မလဲ”

www.burmeseclassic.com

www.burmeseclassic.com

"အင်း .. အဲဒါဆိုရင်တော့ သူ့မှာ ဒေါ်လာတစ်သိန်းပါလာတယ်ဆိုတာ သူကိုယ်တိုင်တောင်မသိလို့ပဲဖြစ်မယ်၊ သူ့ကိုခိုင်းလိုက်တဲ့သူက သူတောင်မသိအောင် ဝှက်ထည့်လိုက်တာဖြစ်မယ်"
"အဲဒါဆိုရင် .."
ကောင်လေး၏မျက်နှာ တဖြည်းဖြည်းပြုံးလာသည်။
"အဲဒါဆိုရင်တော့ လွယ်သွားပြီဗျ"
"ရှင်ဖော်ထုတ်လို့ရပြီလား"
"ထင်တာပဲ"
"ဒါဖြင့် ပြောပါဦး"
"ဟဲ ဟဲ ဟဲ ဟဲ"
ကောင်လေးက ခုနက ကောင်မလေး ရယ်သည်ထက် ဟဲ တစ်လုံးပိုပြီး ရယ်လိုက်သည်။
"ပြောလေရှင် .."
"နက်ဖြန်မှ ဆက်ပြောတာပေါ့ဗျာ၊ ခင်ဗျားမေးလက်စ တန်းလန်းမှာပဲ ခဏ ခလုပ်ပိတ်ထားလိုက်တာပေါ့"

* * * * *

"ကဲ .. ပြော ၊ ရှင့်အဖြေကို"
"နေဦးလေ၊ မနေ့က ခင်ဗျား ပါးစပ်ကြီး အဟောင်းသားနဲ့ မေးလက်စ တန်းလန်းကို ခလုတ်ပိတ်ထားတယ်၊ ခုပြန်ဖွင့်လုက်ဦးမယ်"
"ရှင်ကတော့လေ ..ဟွန်း"
ကောင်မလေးက ထိုသို့မေတ္တာပို့သည်။ ကောင်လေးကလည်း အားကျမခံ ..
"ခင်များကိုတော့လေ .. ဟွန်း"
"အောင်မာအောင်မာ ၊ ဘာဖြစ်ချင်လို့လဲ၊ ရှင်က ဘာလုပ်ချင်လို့လဲ"
"မဟုတ်ပါဘူးဗျ၊ အဖြေပြောပြမလို့ပါ"
"ပြော .. ဒါဖြင့်"
"ခင်ဗျားကို ဒီအဖြေပေးဖို့အတွက် ကျွန်တော်တစ်ညလုံးအိပ်မပျော်ခဲ့ဘူးဗျ"
"ဘာ .. အောင်မာ .. ရှင် .."
"ခင်ဗျား ကြားချင်တဲ့အတိုင်းကြားရပါစေ့မယ်ဗျာ"
"ရှင်နော်၊ ကျွန်မဖုန်းချလိုက်မှာ"
"အဲ ..အဲ လိုတော့ မလုပ်ပါနဲ့ဗျ၊ ပြောပါ့မယ်၊ ဒီလိုဗျ"
"ပြော .."
"အဲဒီစာအိတ်မှာ တံဆိပ်ခေါင်းကပ်ထားမှာပေါ့"
"အင်း .. ကပ်ထားတယ်"
"အဲဒါပဲဗျ"
"ဘာလဲ"
"အဲဒါဟာ ဒေါ်လာတစ်သိန်းတန် ရှားပါးတံဆိပ်ခေါင်းပဲ"
"ဟွန်း .."
ကောင်မလေးဘက်မှ အသံတိတ်သွားသည်။
"ဘယ်လိုလဲ၊ မှန်တယ်မဟုတ်လား"
မဖြေချင့် ဖြေချင်လေသံဖြင့် ..
"အင်း .."
"ကဲ .. အဲဒါဆို ဒီအမှုကို ကျွန်တော်ဖော်ထုတ်ပြီးပြီလေဗျာ"
"ရှင်က ဘယ်လိုဆက်ဖြစ်ချင်သေးလဲ"
"ဒီလောက်အစွမ်းပြလိုက်ရရင်ပဲ မြို့စားကြီးက ကျွန်တော့်ကို သဘောကျဖို့ကောင်းပါပြီဗျာ"
"ကျပါတယ်ရှင် ကျပါတယ်"
"ကျွန်တော်က အကောင်းမေးနေတာ"
"သြော်ဟော် .. ကျွန်မကလည်း အကောင်းဖြေနေတာပါ၊ မြို့စားကြီးက ရှင့်ကိုသဘောကျပါတယ်"
"အဲဒီတော့ .."

www.burmeseclassic.com


www.burmeseclassic.com

"အဲဒီတော့ မြို့စားကြီးက ပုဏ္ဏားကြီးကို လှမ်းပြောတယ်"
"အင်း .."
"ဒီကောင်လေး မဆိုးဘူး .. တဲ့"
"ဟုတ်တာပေါ့ .. ပုဏ္ဏားကြီးက ဘာပြန်ပြောလဲ"
"စိတ်မပါ လက်မပါနဲ့ ခေါင်းညိတ်ရတာပေါ့ရှင်"
"မှန်နီးကီးကြောင်းပါပေါ့၊ ဟုတ်လား"
"အင်း .. အဲဒီမှာ မြို့စားကြီးက ဆက်ပြောတယ်"
"ဘာတဲ့လဲ"
"သမီးတော်နဲ့ မပေးစားသင့်ဘူးလားတဲ့"
"အိုး .. ကျွန်တော်က အရင်ဝင်ဖြေမယ်ဗျာ၊ သင့်မြတ်ကြောင်းပါ၊ သင့်မြတ်ကြောင်းပါ"
"ရှင်ကလည်း နည်းနည်းပါးပါး က္ကန္တြေထိန်းဦးမှပေါ့"
"နည်းနည်းပါးပါး မဟုတ်ဘူး၊ ဒါအများကြီး ထိန်းထားတာ"
"ရှင် .. ဘာပြောပြော၊ မြို့စားကြီးက ရှင့်စကားနားမထောင်ဘူးရှင့်"
"ဟင် .. ဘယ်သူ့စကားနားထောင်မှာလဲ"
"ပုဏ္ဏားကြီးရဲ့စကား .."
"ဟုတ်လား . ဒါဆိုပြောပါဦး၊ ပုဏ္ဏားကြီးက ဘာပြန်ပြောလိုက်လဲ"
"အဟင်း .."
"ပြောဗျာ မြန်မြန်"
"သိပ်ကြားချင်နေတယ်ပေါ့လေ"
"အကျိုးအကြောင်းတော့ သိချင်တာပေါ့ဗျာ"
"ပုဏ္ဏားကြီးကလည်း မကန့်ကွက်ပါဘူးရှင့်"
"ဟယ် .. ဟုတ်လား"
"မြို့စားကြီးရဲ့ သဘောအတိုင်းပါပဲတဲ့"
"နားဝင်ချိုလိုက်တာဗျာ .. တယ် ..တော်နင်းကီးတဲ့ ပုဏ္ဏားကြီးပဲ"
"မြို့စားကြီးက ပုဏ္ဏားကြီးကို လှမ်းပြောတယ်၊ ဒါဖြင့်လည်း စီစဉ်စရာရှိတာ စီစဉ်လိုက်တော့တဲ့"
"အဟိ .."
"ကဲ .. အခု ပုဏ္ဏားကြီးက ရှင့်ကိုခေါ်သွားပြီ"
"ဘယ်ကိုလဲ"
"မြို့ထဲကိုပေါ့ရှင်"
"ကျွန်တော်က သူ့နောက်ဘယ်လိုလိုက်ရမှာလဲ"
"မင်ကလေး မောင်းကလေးနဲ့ မျက်နှာတည်တည်နဲ့ပဲလိုက်ပေါ့ရှင့်"
"ကဲ .. လိုက်သွားပြီဗျာ"
"ပုဏ္ဏားကြီးက ရှင့်ကို သိပ်တော့ မကျေလည်သေးဘူးရှင့်"
"ဒါပေါ့၊ ကျွန်တော်က သူ့ကို မြို့စားကြီးရှေ့မှာ အရှက်ခွဲထားသလိုဖြစ်နေတာကိုး"
"သူက လမ်းမှာ ရှင့်ကိုနည်းနည်းပါးပါး ပညာစမ်းဦးမှာ"
"ရတယ်လေ၊ ကျွန်တော်ကလည်း စည်ကြီးလိုပဲ တီးမှမြည်မှာ"
"ကဲ .. မြို့ထဲလူစည်ကားတဲ့နေရာတွေ ရောက်လာပြီ"
"အင်း .. သူ ခန်းဝင်ပစ္စည်းတွေ ဝယ်မလို့ထင်တယ်"
"အဲဒါတော့ မပြောတတ်ဘူး၊ ပုဏ္ဏားကြီးက သူ့မိတ်ဆွေတစ်ယောက်နဲ့တွေ့တယ်၊ ရပ်စကားပြောတယ်"
"ကျွန်တော်နဲ့ သမီးတော်နဲ့ မင်္ဂလာဆောင်တော့မယ်ဆိုတဲ့အကြောင်းလား"
"မဟုတ်ဘူးရှင့်၊ သတင်းတစ်ခုကို ပြောနေကြတာ"
"ဩော် .."
"ကဲ .. ပုဏ္ဏားကြီးက စကားစဖြတ်ပြီ၊ ရှင်နဲ့ဆက်လျှောက်လာပြီး အဲဒီသတင်းနဲ့ ပတ်သက်ပြီး ရှင်နဲ့ဆွေးနွေးတယ်"
"ဘာတဲ့လဲ"
"ပင်လယ်ထဲမှာ လေယာဉ်တစ်စင်းပျက်ကျလို့တဲ့"
"အင်း .. အသေအပျောက်ကော ဘယ်လောက်ရှိသလဲ"
"တဝက်ကျော်ကျော်သေတယ်တဲ့"
"ဩော် ..ကျွတ် ကျွတ် ကျွတ်"
"ပုဏ္ဏားကြီး စဉ်းစားမရတာ တစ်ခုရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ"
"သေတဲ့လူကတော့ ထားလိုက်ပါတော့"
"အင်း .."
"ပင်လယ်ထဲမှာဆိုတော့ ရှင်ကျန်တဲ့လူတွေကို ဘယ်မှာ မြုပ်ရပါ့မလဲ"
"ဩော် .. အဲဒါကိုသူ ဦးနှောက်ခြောက်နေတာလား"
"ဟုတ်တယ်"
"မခြောက်ပါနဲ့ဗျာ၊ သူ့ကိုပြောပြလိုက်ပါ၊ ရှင်တဲ့သူကို ဘယ်မှာမှ မြုပ်စရာမလိုဘူးလို့"
"ဟဲဟဲ .."
"ဘာရယ်တာလဲ"
"ရှင်က ပါးသားပဲ"
"ဒါလေးများဗျာ"
"ကဲ .. ပုဏ္ဏားကြီးနဲ့ ရှင်နဲ့ ဆက်လျှောက်သွားကြပြန်ပြီ"
"ရတယ်၊ ကျွန်တော်ကတော့ လက်နှစ်ဖက် နောက်ပစ်ပြီး လိုက်သွားရုံပဲ"
"ပုဏ္ဏားကြီးက ရှင့်ကိုပညာစမ်းချင်သေးတယ်ရှင့်"
"ရပါတယ်၊ ကျွန်တော်က မငြင်းပါဘူး"
"တနေရာအရောက်မှာ သူက အိတ်ထဲက ဘောလ်ပင်နဲ့ စာရွက်ကိုထုတ်ပြီး ရှင့်ကို ပုံတစ်ပုံဆွဲပြတယ်"
"ဘာပုံလဲ"
"ပုံလေးက ဒီလိုရှင့်"
ကောင်လေးက အကြမ်းစာအုပ်မှာ လိုက်ဆွဲကြည့်ရပြန်သည်။




"ပုံကို ရှင် ရှင်းတယ်နော်"
"ရှင်းပါတယ်၊ ဒါပေမယ့် ဘာပုံမှန်းမသိသေးဘူး"
"ဖန်ခွက်ထဲက သကြားလုံးလေး ပုံရှင့်"
"ဒီပုဏ္ဏားကြီးက သကြားလုံးစားသလားဗျ"
"ရှင်လေရှည်မနေနဲ့၊အဲဒါသူကရှင့်ကိုပညာစမ်းတာ"
"အင်း .. ပြောပါဦး"
"အဲပုံကို ပြင်မဆွဲဘဲနဲ့ ဘာမှ မတို့မထိဘဲနဲ့ တဲ့"
"အင်း .."
"သကြားလုံးကို ဖန်ခွက်အပြင်ရောက်သွားအောင် ထုတ်ပေးပါတဲ့"
"ထုတ်လို့ရရင် သူဘာလုပ်မှာလဲ၊ အဲဒီသကြားလုံးကို သူစုတ်မှာလား"
"ရှင်နဲ့သူနဲ့ တစ်ယောက်တစ်လှည့်စီ စုတ်မလို့တဲ့"
"ဗျာ"
ကောင်လေး လန့်သွားသည်။
"ထုတ်ပေးရမှာတောင် ခပ်ရွံ့ရွံ့ပဲ"
"ခို .."
ကောင်မလေးက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ပုံကိုလည်း မထိရဘူး ဟုတ်လား"
"ဟုတ်တယ်၊ ဟိုကတော့ တီးပြီ၊ ရှင့်ဘက်က မြည်ဖို့ပဲလိုတယ်၊ ကိုရွှေစည်ရေ .."
"အင်း .."
"ရှင့် အင်း သံကြီးကလည်း မသက်မသာပါလား"
"လေနဲ့ မှုတ်ပြီး ရွှေလို့လည်းမရဘူးလားဗျ"
ကောင်မလေးက ရယ်ပြန်သည်။
"ခင်ဗျားသိပ်ရယ်မနေနဲ့၊ ဒီမှာကျွန်တော် စဉ်းစားတာ အဖြေပေါ်တော့မယ်"
"အဟုတ်လား"
"သိပ်သေချာတာပေါ့၊ ပြောရင်းဆိုရင်းနဲ့တောင် အဖြေရသွားပြီ"
"အဟုတ်"
"အဟုတ်ဗျာ"
"အင်း .. အဖြေရပြီဆိုရင်လည်း ကောင်းပါတယ်၊ ပြောပြပါဦး"
"အဖြေကို အပြောခင် ကျွန်တော်က ခင်ဗျားကို နည်းနည်းသင်ကြားရဦးမယ်ဗျ"
"လုပ်လာပြီ"
"လုပ်ပါရစေဗျာ၊ ခွင့်ပြုပါ၊ ခင်ဗျားကလည်း"
"ကဲ ..ဒါဆိုလည်း တိုတိုနဲ့လိုရင်းပြော"
"ဒီလိုဗျာ"
"အင်း .."
"တချို့ပြသနာတွေကို တွေးခေါ်ဆင်ခြင်တဲ့နေရာမှာ OPV ဆိုတဲ့စနစ်ဟာအသုံးဝင်တယ်ဗျ"
"ဘာ OPVလဲ"
" Other Point of View ကိုခေါ်တာ ၊ ရှုထောင့်ပြောင်းပြီးကြည့်တာပေါ့"
"ဩော် .."
"ဒီပြသနာနဲ့ ပက်သတ်ပြီး တင်ပြရမယ်ဆိုရင်"
"ရှင်နော်"
"ဘာလဲ"
"ကောင်းကောင်းပြော"
"ပုဏ္ဏားကြီးဆီက စာရွက်ကို ကျွန်တော်ဆွဲယူလိုက်တယ်"
"အင်း "
"သူပြတဲ့ ရှုထောင့်က မဟုတ်ဘဲ တခြားရှုထောင့်ကနေ ကျွန်တော်ပြောင်းကြည့်လိုက်တယ်"
"အင်း .."
"ကဲ .. သကြားလုံးလေး ဖန်ခွက်အပြင် ထွက်သွားပါပြီခင်ဗျာ"



"ကဲ .. ဘယ်လိုလဲ၊ ပုဏ္ဏားကြီး ကျွန်တော့်ကို ဘာပြောမလဲ"
"ဘာမှ မပြောဘူး၊ လာ .. ဆိုပြီး ရှင့်ကို အိမ်တစ်လုံးထဲ ခေါ်သွားတယ်"
"ကျွန်တော့်ကို မယှဉ်နိုင်မှန်း သူသဘောပေါက်သွားပြီထင်တယ်"
"လျှောက်ပြောမနေနဲ့၊စောင့်ကြည့်ဦး"
"အို ႏ .. ဟုတ်လား၊ အဲလိုလား"
"အခန်းတစ်ခုရှေ့မှာ ရပ်တယ်"
"အင်း .."

www.burmeseclassic.com

“အခန်းထဲမှာ ကြိုးစနှစ်စ တွဲလောင်းကျနေတယ်၊ အခန်းရဲ့ဟိုဘက်မှာ တစ်စ၊ ဒီဘက်မှာ တစ်စပေါ့”
“အင်း ..”
“အဲဒီကြိုးစ နှစ်ခုကို ထုံးချင်တယ်၊ ဒါပေမယ့် ကြိုးနှစ်စကို တစ်ပြိုင်နက် မမီဘူး၊ တစ်စကို ကိုင်ထားရင် တစ်စက အဝေးကြီးမှာ ..”
“ဩော် ..”



“ကဲ .. ပုဏ္ဏားကြီးက ရှင့်ကိုလှည့်ပြောတယ်၊ အဲဒီကြိုးစနှစ်စကို ထုံးပေးပါတဲ့”
“ကြိုးစ နှစ်စက ဆုံဖို့ခက်နေတာကိုးဗျ”
“ဟုတ်တယ်လေ ..”
“သူ့အရင်ထုံးပြရင်ကောင်းမယ်ဗျာ၊ ဟာ .. မဖြစ်သေးပါဘူး၊ တော်ကြာ သမီးတော်ကို သူပဲယူလိုက်နေဦးမယ်”
“ကဲ .. ရှင်ထုံးမှာလား”
“ထုံးမယ်၊ ထုံးမယ်၊ ဒါပေမယ့် .. နေဦး၊ ကျွန်တော့်ကို ကိရိယာတစ်ခုခုတော့ ပေးပါ”
“ရှင့်ရှေ့မှာ ကတ်ကြေးတစ်လက်ရှိတယ်”
“ဟင် .. အဲဒီကြိုးစတွေကို ကျလိကျလိဆိုပြီး ညှပ်ပစ်လိုက်ရရင် မကောင်းဘဲ ရှိတော့မယ်”
“ကဲ .. လုပ်ပါ၊ ထုံးနိုင်အောင်ကြိုးစားပါ”
“တစ်ဘက်တည်းကိုပဲ မီတာဆိုတော့ ..”
“အင်း ..”
“အဲဒီတစ်ဘက်ကနေ နောက်တစ်ဘက်ကို လှမ်းမိအောင်လုပ်ရမှာပေါ့ဗျာ”
“အင်း .. ဟုတ်မှာပေါ့”
“ဒီလိုလုပ်မယ်ဗျာ”
“ဘယ်လို လုပ်မှာလဲ ..”
“ဟဲဟဲ ..”
“ကျွန်မရှင့်ကို စိတ်ရှည်ရှည်ထားနေရတယ်၊နားလည်လား”
“ကျွန်တော်ကလည်း ခင်ဗျားရဲ့ မေတ္တာကို ခံယူတာပါဗျာ”
“အောင်မာ ဒါဘာစကားလဲ”
“ဟဲဟဲ အခု ကျွန်တော် ကြိုးနှစ်ခုကို ထုံးတော့မယ်”
“အင်း ..”
“ဒီဖက်ကြိုးတစ်စမှာ ကပ်ကြေးကို ညှပ်ရက်တန်းလန်း ထားလိုက်တယ်”
“အင်း ..”
“ပြီး .. အဲဒီကြိုးကိုလွှဲလိုက်တယ်၊ တဘက်ကြိုးစဆီကို ရောက်သွားတယ်၊ တစ်ဘက်ကြိုးစကလည်း ကပ်ကြေးထဲမှာ ညှပ်ပါလာတယ်”
“အင်း .. ရှင်မဆိုးပါဘူး”
“ထုံးတာတော့ ပုဏ္ဏားကြီးကိုပဲထုံးခိုင်းလိုက်တော့ဗျာ၊ ကျွန်တော်ဗိုက်နာလို့ အိမ်သာသွားလိုက်အုံးမယ်”

* * * * *

“ကဲ .. ရှင်အိမ်သာတက်လို့ပြီးပြီလား”
“မနေ့တည်းက တက်တာ ဒီနေ့တော့ ပြီးပြီပေါ့ဗျာ”

www.burmeseclassic.com

www.burmeseclassic.com

“ကဲ .. ဒါဆို ပုဏ္ဏားကြီးနဲ့ ဆက်နှစ်ပါးသွားလိုက်ဦး”
“အင်းပြော၊ ပုဏ္ဏားကြီးက ကျွန်တော့်ကို ဘယ်ခေါ်သွားဦးမှာလဲ”
“သားသားနားနားရှိတဲ့ အိမ်တစ်လုံးထဲ ရှင့်ကို ခေါ်သွားတယ်”
“ဘာလုပ်ဦးမလို့လဲ”
“ဘာမှ မလုပ်ပါဘူး၊ လောလောဆယ် ရှင်ဒီအိမ်မှာ နေတဲ့”
“အလဲ့”
“အခုချိန်မှာ ရှင်ဟာသတို့သားလောင်းပဲ ..တဲ့”
“နားထဲမှာ ပျားရည်တွေဖိတ်ကျလာသလိုပါပဲဗျာ”
“မင်္ဂလာဆောင်ဖို့အတွက် ရှင့်ကို လိုအပ်တာတွေ စီစဉ်ပေးမယ်တဲ့”
“ဇော်ဝင်းထွဋ်ရဲ့ စတိတ်ရှိုးပါ ပါရမယ်လို့ပြောနော်”
“ကဲ ပုဏ္ဏားကြီးက ရှင့်ကို အိမ်ထဲမှာ ထားသွားပြီ၊ ရှင်ဘာသာရှင် ပေါ်ချင်သလို ပေါ်ပေတော့”
“ခင်ဗျားက ကျွန်တော့်ကို ငပေါများ အောက်မေ့နေလား”
“တစ်ချက်တစ်ချက်တော့ အောက်မေ့တယ်၊ ကဲအဲဒီတော့ ရှင်ဘာဆက်လုပ်မလဲ၊ ကျွန်မကိုပြော”
“ကဗျာရွတ်နေမှာပေါ့ဗျာ ..”
“ဟို .. တေးထပ်ကြီးတွေလား”
“မဟုတ်ဘူး၊ မော်ဒန်ကဗျာ ရွတ်မှာ ..”
“အောင်မာ ရှင်က ..”
“ဟုတ်တယ်၊ ကျွန်တော်က ..”
“ဘာကဗျာ ရွတ်မှာလဲ ..”
“ဇာတ်မင်းသားလေး သိန်းဇော်ရဲ့ ကဗျာကို ရွတ်မယ်”
“အင်း ရွတ်စမ်းပါဦး”
“မှတ်ထားဦး၊ ကဗျာခေါင်းစဉ်က ‘ဆွတ်ဆွတ်ဖြူ အနမ်း’တဲ့ ”
“ရှင်ရွတ်လိုက်ရင်တော့ မဲကြုတ်ကြုတ်အနမ်းဖြစ်သွားတော့မှာပဲ”
“အဲလို အထင်မသေးနဲ့လေဗျာ၊ နားထောင်ကြည့်ဦးမှပေါ့”
“ကဲ .. ရွတ်ပါဆို ”
“အိုကေ .. ရွတ်ပြီ၊ ဝမ်း တူး .. သရီး .. ဖိုး ”
ကောင်လေးက အသံကြည်ကြည်ဖြင့် ရွတ်သည်။

ကောင်းကင်ဟာ .. သူ့ရင်ခွင်ထဲက ညကို
တကယ်မှ ချစ်ရဲ့လား ..
လရဲ့ဆွဲအားနဲ့ ကျွန်တော့်နှလုံးသားဟာ ကြွတက်လာတဲ့အချိန်
ရင်ထဲက လျှံကျလာတဲ့ စံပယ်ပန်းတွေ
ဘယ်သူ ယူမလဲ .. ။ ။

ပျော်ရွှင်စွာ၊ ကြည်နူးစွာ၊ ဆွတ်ဆွတ်ဖြူလို့
တဖိတ်ဖိတ်လက်နေပေမယ့် .. ၊ တေးသံစဉ်မထွက်နိုင်တဲ့
ကြယ်ကလေးရေ .. မင်း ပျော်ရဲ့လားကွယ် ..။
ကြင်နာစွာမြတ်နိုးစွာ ဆွတ်ဆွတ်ဖြူလို့
ကြည်လင်စွာ သန့်ရှင်းစွာ ဆွတ်ဆွတ်ဖြူလို့
တမုဟုတ်ချင်း သန်းခေါင်ယံတွေ လင်းစေမတဲ့
ယုံကြည်စွာ မျှော်လင့်စွာ ဆွတ်ဆွတ်ဖြူလို့
စင်တော်ဖွင့်အမီ
သမုဒ္ဒရာကို ဖြတ်သန်းလာတဲ့ အနမ်းတစ်ခုဟာ .. ကျွန်တော်ပေါ့ ..။ ။

နှင်းထက်သေးတဲ့ အလွမ်း
ပန်းထက်မွှေးတဲ့လိပ်ပြာ
ကဗျာထက် ဖွဲ့တဲ့ ညနေ
အားလုံးကို ရွှေဖြစ်အောင် ဘယ်သူ ချစ်ဖူးလဲ ..။
လရောင်စစ်စစ်ကို ချစ်တယ်

www.burmeseclassic.com

www.burmeseclassic.com

မွေးရန့်စစ်စစ်ကို ချစ်တယ်
မေတ္တာစစ်စစ်ကို ချစ်တယ်

သီချင်းတစ်ပုဒ်အဖြစ်
ပရိတ်သတ်နှလုံးသားထဲ ...
ကျွန်တော် ရောက်ရှိလာလိမ့်မယ် ...

ပရိတ်သတ်နှလုံးသားထဲ
သီချင်းတစ်ပုဒ်အဖြစ် ...
ကျွန်တော်ရောက်ရှိလာလိမ့်မယ် ...

ကျွန်တော် ရောက်ရှိလာမယ့်
ပရိတ်သတ်နှလုံးသားထဲ ...
သီချင်းတစ်ပုဒ် အဖြစ် .... ။ ။

"ရှင့်ကိုလေ .. အကောင်းထင်လို့ကို မရဘူး"
"ဟင် .. ကဗျာလည်း ရွတ်ပြရသေးတယ်"
"ရွတ်တာကို အပြစ်မပြောဘူး၊ ရှင့်ရွတ်တာ ကောင်းပါတယ်"
"ကဗျာက မကောင်းလို့လား"
"ကောင်းတာပေါ့ရှင်၊ တော်တော်လှတဲ့ ကဗျာလေးပဲ"
"ဒါဆို ခင်ဗျားက ဘာကို အပြစ်တင်ချင်တာလဲ"
"ဟိုက အကမင်းသားလေးမို့ ဒီကဗျာကိုရေးတာရှင့် .."
"ဟုတ်တယ်လေ၊ ကျွန်တော်သိသားပဲ"
"ဒီကဗျာကို ရှင်က လိုက်ရွတ်ပြီး ပရိတ်သတ်ရင်ထဲ အရောက်လာမယ် ဘာညာနဲ့၊ ကြောင်တောင်တောင်ကြီး၊ ရှင့်ကိုရှင် ဘာမှတ်နေလဲ၊ ပရိတ်သတ်က ရှင့်ကို ဘာလုပ်ရမှာလဲ"
"ကျွန်တော်လည်း အနုပညာသမားတစ်ယောက် ဖြစ်မလာဘူးလို့ ပြောနိုင်မလား"
"ရှင် ဒီလိုပြောတော့လည်း ကျွန်မဘက်က တစ်မျိုး စဉ်းစားရတာပေါ့၊ မဖြစ်နိုင်ဘူးလို့ ကျွန်မ မငြင်းပါဘူး"
"အင်း .. ခင်ဗျား တိုးတက်လာပြီ"
"ရှင်နဲ့ အမေးအဖြေလုပ်ရင်း ကျွန်မလည်း စဉ်းစားမိတယ်၊ ရှင်ဟာ အနုပညာသမားတစ်ယောက် ဖြစ်လာနိုင်တယ်လို့"
"ဘာလဲ ကဗျာဆရာလား"
"မဟုတ်ဘူး"
"ဒါဖြင့် ဘာလဲ"
"ရုပ်ရှင် ဒါရိုက်တာ "
"ဟမ်"
"ဟုတ်တယ်၊ အကြောင်းပြချက်တော့ မပေးနိုင်ဘူး၊ ဒါပေမယ့် အဲလိုပဲ ခံစားရတယ်၊ ရှင်ဟာ အောင်မြင်တဲ့ ဒါရိုက်တာ တစ်ယောက်ဖြစ်လာနိုင်တယ်"
"ကျွန်တော် ဒါရိုက်တာဖြစ်ရင် ခင်ဗျားကို မင်းသမီး တင်ရိုက်မယ်နော်"
"တော်တော့၊ တော်တော့ .. အခုရှင့်ဆီကို ပုဏ္ဏားကြီးလွှတ်လိုက်တဲ့ လူတစ်ယောက် ရောက်လာတယ်"
"ဘာလာလုပ်တာလဲ"
"သတို့သားလောင်း လိုတာခိုင်းဖို့တဲ့လေ"
"သြော် ..သြော်"
"ကဲ .. ရှင်သူ့ကို ဘာခိုင်းမလဲ"
"သတို့သမီးလောင်းဆီက အမှတ်တရပစ္စည်းလေးဘာလေး သွားယူခိုင်းမှာပေါ့ဗျာ"
"အင်း .. ဟုတ်သားပဲ၊ ကဲ .. သူက သတို့သမီးဆီသွားပြီး ရှင့်ဆီပြန်လာပြီ .."
"မြန်လိုက်တာဗျာ၊ သူ့ဆီမှာ သတို့သမီးပေးလိုက်တဲ့ ပစ္စည်းပါလာရဲ့လား"
"ပါလာပါတယ်"
"ဟေးဟေး .. ပြောစမ်းပါဦးဗျာ၊ ဘာများလဲ"
"ကြည့်မှန်တစ်ချပ်ရှင့် "
"ဟင် .. ကျွန်တော့်ကိုယ်ကျွန်တော် ဒီမှန်ကြည့်ပြီး အလှပြင်ရမယ်ဆိုတဲ့ သဘောလား"

www.burmeseclassic.com

www.burmeseclassic.com

"နိုးနိုး .. မဟုတ်ဘူး"
"ဒါဖြင့်ဘာလဲ"
"အ ချင်ရင်လည်း ရှင်ပဲ၊ ဒါက သူက ရှင့်ကို ချစ်သူတို့ဘာသာဘာဝ စကားထာလေး ဝှက်တာပေါ့ရှင်"
"ဩော် .. ဒီလိုလား"
"ဟုတ်တယ် .. အဲဒီကြည့်မှန်က ဘာအဓိပ္ပါယ်ကိုဆောင်လဲဆိုတာ ကိုယ့်ဘာသာကိုယ် စဉ်းစားလေ"
"ပုံရိပ်သဘောကို ပြောချင်တာလား၊ အင်း .. မဟုတ်သေးဘူးထင်တယ်၊ ဘာဖြစ်မလဲဆိုတော့ ..."
ကောင်လေး စဉ်းစားနေသည်ကို ကောင်မလေးက အားမလိုအားမရဖြစ်လာသည်။
"အမှန်တော့ ဒီလောက် စဉ်းစားနေရမယ့် ကိစ္စ မဟုတ်ဘူးရှင့်"
"အဲ .."
ကော်လေး နှာခေါင်းကို လက်နှင့် ကုတ်မိပြန်သည်။ ပြီးမှ ..
"ဩော် ..သိပြီ"
"သိပြီလား"
"အင်း .. သူက ကျွန်တော့်ကို ချစ်စကား ဆိုလိုက်တာဗျာ့"
"ဘယ်လို ဆိုလိုက်တာလဲ"
"မှန်ကို စကားထာဝှက်ရင် သုံးကြတဲ့စကား ရှိတယ်လေ"
"ပြောပါဦး"
"လေးထောင့်စပ်စပ် သူ့မျက်နှာ ကိုယ့်မှာ အပ်တဲ့"
"အဟင်း .."
"ဟဲဟဲ .. ခင်ဗျားကို ကျွန်တော် အကျယ်ရှင်းပြစရာ မလိုပါဘူးနော်"
"ဒီလောက်ဆိုလုံလောက်ပါပြီ၊ ကျွန်မကလည်း ဆက်နားမထောင်ချင်ပါဘူး"
"ခင်ဗျားက အပျိုကြီးလားမသိဘူးနော်"
"အောင်မာ"
ကောင်မလေး အောင့်သီးအောင့်သက် ဖြစ်သွားပုံရသည်။
"ကျွန်တော်ကရော သူ့ကို လက်ဆောင် ပြန်ပေးရဦးမလား"
"ပေးရမှပေါ့၊ အပြန်အလှန်ပေါ့"
"ဒါဆို ကျွန်တော့် ကူဖော်လောင်ဖက်က ဒီလက်ဆောင်ကို ပုရွတ်ဆိတ်မတတ်အောင် ယူသွားမှ ဖြစ်မယ်"
"ဘာဖြစ်လို့"
"ကျွန်တော်က သူ့ကို ထညက်(ထန်းလျက်)နှစ်လုံးပြူး ပေးလိုက်မှာ"
"ဟင် .. ရှင် .. မိုက်ရိုင်းတာလား"
"အာ .. မဟုတ်ပါဘူးဗျ၊ ခင်ဗျားက ဘာတွေလျှောက်တွေးနေတာလဲ၊ အဲဒါလည်း စကားထာပဲ"
"မကြားဖူးပါဘူး၊ ဘာစကားထာလဲ"
"မှတ်ထား၊ ထညက်နှစ်လုံးပြူး ဆိုတာ တစ်သက်မမုန်းဘူး လို့ပြောတာ"
"ဟွန်း .."
"ဘယ်လိုလဲ .. ဖြစ်တယ်မဟုတ်လား"
"ရပါတယ်"
ကောင်မလေး လေသံက အင်တင်တင်။
"နေပါဦး .. ပြောပါဦး၊ ကျွန်တော်က ဘယ်တော့ မင်္ဂလာဆောင်ရမှာလဲ"
"ရှင်က သိပ်ဆောင်ချင်နေပြီလား"
"ဘယ်လိုမေးလိုက်တာလဲ၊ မင်္ဂလာဆောင်ပြီးမှ အေးမယ့် ကိစ္စကိုးဗျ"
"ဒါဖြင့်လည်း အမြန်ဆုံးဆောင်ရမယ်"
"ဘယ်တော့လဲ"
"မနက်ဖြန်"
"ဟေး ..."
တစ်ဘက်မှ ကောင်မလေး နားကလောပုံရသည်။
"ရှင့်ကြည့်ရတာ တော်တော် မိန်းမလိုချင်နေတဲ့ပုံပဲ"
"ယူမှာပဲ .. ကိုယ်တို့ကတော့ လူပျိုကြီး မလုပ်နိုင်ဘူး"
"ကဲ .. ထားပါတော့၊ ရှင့်ကူဖော်လောင်ဖက်က သတို့သမီးကို ထညက်သွားပေးပြီး ပြန်လာပြီ"
"အင်း .."
"အဲဒီမှာပဲ .. အဲဒီလူရဲ့နောက်ကနေ နောက်ယောင်ခံလိုက်လာတဲ့ လူတစ်ယောက်ကို ရှင်တွေ့တယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူပါလိမ့်"
"ငွေထွားရှင့်"
"ဗျာ"
"ငွေထွား ငွေထွား"
"အိုး .. ကျွန်တော်လည်း သူနဲ့တွေ့ချင်တယ်"
"ဒါပေမယ့် ရှင့်အိမ်က အစောင့်အကြပ်တွေနဲ့ သူ့နဲ့အလွယ်တကူတွေ့လို့မရဘူး"
"သူ့မှာ ကျွန်တော်နဲ့ တွေ့ဖို့ကိစ္စ အရေးတကြီးပါပုံရတယ်"
"ဖြစ်နိုင်ပါတယ်၊ သူကလည်း ရှင်နဲ့ စကားပြောချင်ကြောင်း လက်ရိပ်လက်ဟန်နဲ့ပြတယ်"
"ကောင်းပြီ၊ ဒါဆို ကျွန်တော့်ရဲ့ကူဖော်လောင်ဖက်တွေကို ပထုတ်လိုက်မယ်"
"ဘယ်လို ပထုတ်မလဲ"
"သူက ဘာဝါသနာပါလဲ"
ကောင်မလေးက စဉ်းစားရင်းဖြေသည်။ စိတ်ထဲရှိတာကို ဖြေပုံရသည်။
"အင်း ..သူလား၊ သူက ဘောလုံး"
"အဲဒါဆို ဘောလုံးပွဲသွားလောင်းခိုင်းမယ်ဗျာ"
"မရဘူးရှင့်၊ သူ မလောင်းရဲဘူး"
"ဘာဖြစ်လို့လဲ"
"ဘောလုံးပွဲလောင်းလို့ သူခွက်ခွက်လန်အောင် ရှုံးဖူးပြီးပြီ"
"ဩော် ..အဲလိုလား"
"ဟုတ်တယ်၊ ပြီးတော့ တစ်ဖက်က ဘောလုံးအလောင်းစားကို ဒိုင်လုပ်တဲ့သူကလည်း ဘောလုံးနဲ့ပက်သတ်ရင် အရမ်းကျွမ်းကျင်တယ်၊ သူမသိတာ ဘာမှမရှိဘူး၊ အဲဒီဒိုင်ကို နိုင်အောင် လောင်းဖို့မလွယ်ဘူး ဆိုပါတော့"
"အဲလိုလား .."
"အမှန်ပေါ့"
"ရပါတယ်၊ ကျွန်တော်က သွားလောင်းခိုင်းမှာ၊ နိုင်စေရမယ်"
"စိတ်ဝင်စားစရာပဲ"
"အဲဒီဒိုင်က ဘောလုံးပွဲနဲ့ပက်သက်ရင် သူမသိတာ ဘာမှမရှိဘူးလို့ ထင်နေတယ်မဟုတ်လား"
"သူ့ကိုယ်သူလည်းထင်တယ်၊ အားလုံးကလည်း အသိအမှတ်ပြုထားတယ်"
"ဟုတ်ပြီ .. အခုကျွန်တော် ကူဖော်လောင်ဖက် ကို မေးခွန်းတစ်ခုသင်ပေးလိုက်မယ်၊ အဲဒီမေးခွန်းကို သူမဖြေနိုင်စေရဘူး"
"ရှင်က အဲလိုပြောပေမယ့် ရှင့်ကူဖော်လောင်ဖက်က သိပ်မယုံဘူးရှင့်၊ ရှင်ခိုင်းတာကို မသွားဘူး"
"ကျွန်တော့်မေးခွန်းကို ကြားရင်တော့ သူယုံသွားမှာပါ၊ ကောက်ခနဲကို ထသွားအုံးမှာ"
"ဒါဆိုလည်း မေးခွန်းကိုပြောပါဦး"
"အိုကေ .. တစ်ခွန်းတည်း ကျွန်တော်မေးမယ်ဗျာ"
"မေး .."
"ဂိုးတိုင်မှာ တပ်ထားတဲ့ပိုက်ဟာ အပေါက်ဘယ်နပေါက်ရှိလဲ"
"အဲ .."
"အခုလို ခင်ဗျားအဲနေတုန်း ကျွန်တော့်ကူဖော်လောင်ဖက်က ဒိုင်ဆီပြေးပြီဗျ၊ ဒါ .. သူကျိန်းသေနိုင်မယ့်မေးခွန်းပဲ"
"ဟားဟား .. ထားပါတော့"
"ကဲ .. အဲဒီကူဖော်လောင်ဖက်မရှိတော့ဘူး၊ ငွေထွားကို ကျွန်တော်လှမ်းခေါ်တော့မယ်"
"မရသေးဘူးရှင့်၊ ရှင့်အိမ်အပြင်မှာ အစောင့်တစ်ယောက်ရှိသေးတယ်"
"သူ့ကိုပါထပ်ရှင်းရမှာပေါ့၊ ပြောပါဦး .. သူကရော ဘာဝါသနာပါလဲ"
"ဟိုတုန်းကတော့ အရက်ကို အလွန်အကျွံသောက်တဲ့သူပဲ၊ အခုတော့ဖြတ်ထားပြီ"
"သူ့ကိုလည်း ကျွန်တော် အရက်ပြန်တိုက်မယ်ဗျာ၊ အိမ်ထဲမှာ ရှိတဲ့အကောင်းစားအရက်ကို ထုတ်တိုက်မယ်"
"အစောင့်က မသောက်ဘူး၊ ငြင်းတယ်"
"ဘယ်လို အကြောင်းပြချက်နဲ့ ငြင်းတာလဲ"
"တရားစာအုပ်ထဲမှာ ပါတယ်တဲ့၊ အရက်ဟာ ရန်သူတဲ့"
"ကောင်းပြီ .. အဲဒါဆို သူအခုအရက်ကို ပြန်သောက်ပြီး မူးတောင်လဲကျသွားပြီ"
"ဟင် .. ရှင့်ဟာက ဘယ်လိုဖြစ်တာတုန်း၊ သူအရက်ဖြတ်ထားပါတယ်ဆိုမှ .."
"ကျွန်တော်က ပြောပြလိုက်တယ်၊ အဲဒီတရားစာအုပ်နောက်ပိုင်းမှာပဲ ထပ်ပါတယ်၊ ရန်သူကို မေတ္တာထားရမယ်တဲ့ "
"ရှင်ဟာလေ .. တတ်လည်းတတ်နိုင်တယ်"
"မတတ်နိုင်လို့ ဖြစ်မလားဗျ၊ ကဲ .. အားလုံးရှင်းသွားပြီ၊ ငွေထွားလာတော့ ငွေထွားလာတော့"

www.burmeseclassic.com

www.burmeseclassic.com

"ရှင့်သဘောပဲလေ၊ ကဲ .. ပျာယီပျာယာနဲ့ ထွေးဝင်လာပြီ"
"မေးလိုက်မယ်၊ ဘာထူးလဲ ထွေး လို့"
"ဖြေလိုက်မယ်၊ ရှင် အခုလက်ထပ်ရမယ့် သတို့သမီးက ဖျော့ မဟုတ်ဘူးတဲ့"
"ဗျာ"
"ဝမ်းနည်းပါတယ်ရှင် ၊ နောက်နေ့မှ ဆက်ပြောကြတာပေါ့"

* * * * *

"ကဲ ..ရှင်ဘယ်လိုလုပ်မလဲ"
"မနေ့က ကိစ္စကို သေချာပြောပါဦး၊ ကျွန်တော် မရှင်းဘူး"
"ရှင်းရှင်းလေးပါ၊ ထွေးက ရှင့်ကိုပြောပြတယ်လေ"
"အင်း .."
"ရှင်နဲ့လက်ထပ်မယ့် မိန်းကလေးဟာ ဖျော့မဟုတ်ဘူးတဲ့ .."
"မဖြစ်နိုင်တာဗျာ"
"ဘာကြောင့်လဲ"
"မြို့စားကြီးက ပြောတယ်လေ၊ သမီးတော်နဲ့ပေးစားရင် မကောင်းဘူးလားဆိုတာလေ .. ပုဏ္ဏားကြီးကို ပြောပြတာလေ"
"ဟုတ်တယ်လေ၊ ပုဏ္ဏားကြီးကတောင် မြို့စားကြီးသဘောအတိုင်းပါလို့ ပြောသေးတယ်မဟုတ်လား"
"အေး .. အဲဒါကို ခုကျမှ ကျွန်တော်နဲ့လက်ထပ်မယ့်မိန်းကလေးက ဖျော့မဟုတ်ရတာလဲ"
"ဖြစ်ပုံက ရှင်နာစရာပဲရှင့်"
"ပြော .. ပြောပါဦးဗျာ .. စိတ်ညစ်လိုက်တာ"
"မြို့စားကြီးကလည်း ရှင့်ကိုဖျော့နဲ့ပေးစားဖို့ပဲ ရည်ရွယ်ထားပါတယ်၊ အဲဒါကြောင့်လည်း သမီးတော်နဲ့ပေးစားရင် မသင့်တော်ဘူးလားလို့ မေးတာပေါ့"
"ဟုတ်တယ်လေ၊ ရှင်းရှင်းလေးပဲဟာ"
"ဒါပေမယ့် ... ပုဏ္ဏားကြီးက အဓိပ္ပါယ်ကောက်လွဲသွားတယ်ရှင့်"
"ဘယ်လို လွဲသွားတာလဲ"
"သူ့သမီးတော်နဲ့ပေးစားခိုင်းတယ် အောက်မေ့လို့ မြို့စားကြီးသဘောအတိုင်းပါဆိုပြီး ရှင့်ကိုခေါ်လာတာ .. လမ်းမှာတောင် ယောက္ခမက သားမက်ကို ပညာတွေဘာတွေ စမ်းလာသေးတယ်လေ"
"တော် .. တော် ..တော် ပါတော့ဗျာ"
ကောင်မလေးက ရယ်သည်။ ကောင်လေးနားထဲမှာတော့ ပျားဝင်တုပ်သလိုခံစားနေရသည်။
"ဒါဖြင့် ခုကျွန်တော်နဲ့လက်ထပ်မယ့် သတို့သမီးက ပုဏ္ဏားကြီးရဲ့သမီးပေါ့"
"ဒါပေါ့ .."
"ကျွန်တော့်ကို ကြည့်မှန်ပေးလိုက်တာကရော"
"သူပဲပေါ့ .. ရှင်ကတောင် ထည်ကန်နှစ်လုံးပြူး ပြန်ပေးလိုက်သေးတယ်လေ"
"ကိုယ်ကျိုးတော့ နည်းပါပြီ"
"မဖြစ်ပါဘူးရှင် .. လူပျိုကြီးမဖြစ်ရင် ပြီးတာပဲမဟုတ်လား"
"ခင်ဗျား .. ကိုယ်ချင်းမစာမနာ လာမပြောနဲ့။ ကိုယ့်ချစ်သူနဲ့ပဲပေါင်းချင်တာပေါ့ဗျ၊ ခုတော့ .. "
"ခုတော့ ဘာဖြစ်လဲ .."
"ပုဏ္ဏားမကို ယူရတော့မှာပေါ့ ... ဟုတ်လား .."
"ခိ .. အင်းပေါ့"
"ဒုက္ခပါပဲ .. နေ .. နေပါဦး"
"ဘာလဲ .."
"မြို့စားကြီးကလည်း ကျွန်တော့်ကို သူ့သမီးနဲ့ပေးစားမလို့ မဟုတ်လား"
"ဟုတ်တယ်၊ အမှန်ကတော့ အဲဒါပဲ"
"ဒါဆို .. အခုကိစ္စကို သူဝင်ပြောလေဗျာ"
"ဝမ်းနည်းပါတယ်ရှင်"
"ဘာဖြစ်လို့လဲ"
"မြို့စားကြီးက ပုဏ္ဏားကြီးကို မင်္ဂလာဖိတ်စာ တောင်းကြည့်တဲ့အခါမှာ တလွဲကြီးဖြစ်နေမှန်းသိရတယ်၊

www.burmeseclassic.com

သူလည်းတော်တော် စိတ်ညစ်သွားတယ်”
“ဖိတ်စာ ပြန်ပြင်လိုက်လေ”
“မကောင်းတော့ဘူးရှင့်”
“ဘာမကောင်းတာလဲ၊ ဘာ မကောင်းစရာရှိလဲ”
“သူ့ဆွေမျိုး မိတ်ဆွေ အသိုင်းအဝိုင်းတွေကြားထဲမှာ ပုဏ္ဏားကြီးက စကားတွေကျဲ့နေတယ်၊ ရှင်နဲ့သူ့သမီးကို ပေးစားဖို့ အကြီးအကျယ် စီစဉ်ထားပြီးပြီ၊ ဒီအခြေအနေကျမှ ပုဏ္ဏားကြီးကို သူက ပြင်ခိုင်းဖို့ဆိုတာ အားနာစရာကြီးဖြစ်နေတယ်”
“ဟင် .. အားနာစရာကြီး ..”
“ဟုတ်တယ် မြို့စားကြီးကလည်း အရမ်းအားနာတတ်တာ”
“ဩော် .. သူက အရမ်း အားနာတတ်တာ”
“ဟုတ်တယ် .. စိတ်မကောင်းပါဘူးရှင်”
“တောက် ၊ သောက်ရေးမပါတာတွေ”
ကောင်လေးရင်ထဲမှာ ဒေါသတွေ အလိပ်လိုက်တက်လာနေသည်။ ဘယ့်နှယ့်လုပ်ရပါ့မလဲ ..
“ခင်ဗျား ဗျာ”
“ဘာလဲ”
“တော်တော် ညစ်ပတ်တာပဲ”
“အောင်မယ် .. အပျိုလေးတစ်ယောက်ကိုများ ရှင်က အတော်ညစ်ပတ်တာပဲ ဘာပဲနဲ့”
“အပျိုကြီး ဖြစ်ပါစေဗျာ”
“ရှင် .. ကျွန်မကို လာမမဲနဲ့၊ ရှင့်ပြသနာကို ရှင် ရှင်းဦး၊ ပုဏ္ဏားမလေးကို ယူမှာလား”
ကြုံးအော်လိုက်မိသည်။
“မယူဘူး”
“အဲဒါဆို မျက်နှာပျက်စရာတွေဖြစ်ကုန်တော့မှာပဲ”
“ပြတ်ပြတ်ပဲပြောမယ်၊ ကျွန်တော်ကတော့ အားမနာတတ်ဘူး”
“ရှင်ကလည်း စိတ်ချည်းပဲကိုး”
“ကဲ .. အချိန်မရှိတော့ဘူး၊ ကျွန်တော် ခင်ဗျားနဲ့ စကားမပြောနိုင်ဘူး၊ ငထွားနဲ့ပြောရဦးမယ်”
“ပြောလေ .. ဘာပြောမှာလဲ”
“ဖျော့နဲ့တွေ့ခဲ့လား”
“တွေ့ခဲ့တယ် ..ဖျော့လည်း ငိုနေတယ်တဲ့”
“ဟုတ်တာပေါ့ .. ငိုမှာပေါ့၊ သူ့မှာလည်း စားခါနီး ထမင်းလုပ်ကြီး ပြုတ်ကျသွားတာပဲ”
“ရှင့်ဥပမာကြီးကလည်း ..”
“ခင်ဗျား လာဝေဖန်မနေနဲ့၊ ခင်ဗျားကို စကားမပြန်အားဘူး၊ ငထွားကို မေးရဦးမယ်”
“မေး ပေါ့ ..”
“ပြောပါ၊ ဘာမှာလိုက်သေးလဲ”
“မှာလိုက်တာပေါ့ ..”
“ပြော .. အမြန်ပြော ..”
“သူ့ကို ခေါ်ပြီး ဒီမြို့က အမြန်ထွက်ပြေးပါတဲ့”
“အင်း ... ဟုတ်ပြီ၊ ပြီးတော့ရော ”
“ဒီည လာခိုးပါတဲ့”
“ခိုးမယ် ..ခိုးမယ်”
“ရှင် .. ဝင်ခိုးနိုင်ပါ့မလား”
“ငထွားတစ်ယောက်လုံး ရှိတာပဲ”
“ဒါပေမယ့် ရှင်စဉ်းစားနော်”
“ဘာလဲ”
“ဖျော့ကို ခိုးဖို့ မလွယ်တာက ကိစ္စတစ်ခု”
“အင်း ..”
“ပြီးတော့ ဖျော့နဲ့အတူ ဒီမြို့က ပြန်ထွက်ပြေးဖို့က ကိစ္စတစ်ခု”
“အင်း ..”
“ပြီးတော့ ဒီအိမ်ကနေ ရှင် ပျောက်သွားတာနဲ့ ပုဏ္ဏားကြီးတို့သားအဖရယ်၊ တခြားလူတွေရယ်က ရှင့်ကိုလိုက်ရှာကြမှာ .. အဲဒါက ပြသနာတစ်ခု”
“သိပါတယ်ဗျာ .. စိတ်ခါတ်ကျအောင် လာပြောမနေနဲ့”

www.burmeseclassic.com

“မဟုတ်ဘူး၊ အဲဒိပြသနာတွေကို ရှင်အပြေလည်ဆုံးဖြေရှင်းနိုင်အောင် ကျွန်မကထောက်ပြနေတာ”
ဟုတ်တော့ ဟုတ်သည်။ ကောင်လေး ဦးနှောက်ခြောက်နေသည်။
“ကဲ .. ရှင် ဘယ်လိုလုပ်မလဲ ၊ ဘယ်ကစလုပ်မလဲ”
“လောလောဆယ်တော့ ခင်ဗျားကိုပဲ ရိုက်ချင်တယ်”
“အောင်မယ် .. စမ်းကြည့်လေ၊ ကျွန်မက ကရာတေးတတ်တယ်”
“ထားပါဗျာ .. ကြွားမနေပါနဲ့၊ ဒီမှာ စိတ်ညစ်ရတဲ့အထဲ”
“ဟဲဟဲ ပြောပြတာပါ၊ ရှင့်ဘာသာ အကြံထုတ်၊ ဘာလုပ်မလဲ”
“ငထွားကိုမေးရဦးမယ်”
“ဘာမေးမှာလဲ”
“သူဖျော့နဲ့ ဝင်တွေ့တာကို မြို့စားကြီးက ရိပ်မိနိုင်သလား”
“အဲဒီမှာ နောက်ပြသနာတစ်ခုလာမယ်”
“ဟင် .. ဘာပြသနာ လာအုံးမှာလဲ”
“မြို့စားကြီးက ဖျော့ကို နေရာပြောင်းထားဖို့ ပြင်နေတယ်”
“ငထွားကြောင့်ပဲလား”
“မဟုတ်ဘူး၊ ငထွားကြောင့်ရယ်မဟုတ်ဘူး၊ သူ့ဘာသာ အခြေအနေတွေရုပ်ပျက်ဆင်းပျက် မဖြစ်အောင်
ကြိုတင်ကာကွယ်တဲ့အနေနဲ့ နေရာရွှေ့မှာ၊ ဖျော့ဘက်ကိုရော .. ရှင့်ဘက်ကိုရော ထိန်းတဲ့သဘောပေါ့”
“ဒါဖြင့် .. ခုဆိုရင်တော့ နေရာရွှေ့ပြီးရောပေါ့”
“အင်း ..”
“ခက်ရော .. အဲဒါဆိုရင် ငထွားလည်း သွားတတ်တော့မှာမဟုတ်ဘူး”
“ကဲပြော၊ ရှင်ဘယ်လိုလုပ်မလဲ၊ အချိန်မရှိဘူး”
“ငထွားဆီမှာပဲ မေးမြန်းစုံစမ်းရဦးမှာပေါ့”
“ဘာမေးမှာလဲ မေး”
“မြို့စားကြီးက ဖျော့ကို နေရာရွှေ့မယ်ဆိုတာဟာ ဘယ်နေရာဖြစ်နိုင်မလဲ၊ ဟော့ကောင်ငထွား .. မင်းမသိရင်တောင်
ဘယ်သူသိနိုင်မလဲ၊ ဥပမာ အောင်သွယ်တော်ကြီးသိနိုင်မလား”
“အောင်သွယ်တော်ကြီးလဲ မသိနိုင်ဘူးတဲ့”
“ဘယ်သူသိနိုင်မလဲ”
“သိနိုင်တဲ့လူက ဒီမြို့မှာတစ်ယောက်တည်းရှိတယ်”
“မြို့စားကြီးအပြင် သိတဲ့သူပြောတာနော်”
“ဟုတ်ပါတယ် .. အဲဒါကို ရှင်မှတ်ထားပေါ့၊ သိတဲ့သူတစ်ယောက်ရှိတယ်”
“ဘယ်သူလဲ”
“အဲဒါကိုယ့်ဘာသာကိုယ် စုံစမ်း”
“ခင်ဗျားကလည်းဗျာ .. အချိန်မရှိပါဘူးဆိုနေမှ”
“မတတ်နိုင်ဘူးလေ၊ ရှင့်ဘာသာရှင် ဖြစ်လာနိုင်မယ့် ပြသနာတွေကို ကြိုမစဉ်းစားထားဘဲ အချိန်ရှိတုန်းက
ကဗျာတွေရွတ်နေတာကိုး .. ပရိတ်သတ်ရင်ထဲ အရောက်လာမယ်လေး ဘာလေးနဲ့ ”
“ကဲ .. ထား ၊ အဲဒီတော့ ကျွန်တော် စ လှုပ်ရှားတော့မယ်”
“ပြော ..”
“ပထမဆုံး ငထွားကို ကျွန်တော့်ပုံစံရုပ်ဖျက်ပေးမယ်”
“ဖျော့ဆီ သူ့ကို လွှတ်မလို့လား”
“ဘယ်ဟုတ်ရမှာလဲ၊ သူ့ကို သတို့သားဟန်ဆောင်ခိုင်းပြီး ဒီမှာထားရမှာ”
“ဟင် .. ဒါဖြင့် သူက ပုဏ္ဏားမလေးကို ယူရမှာလား”
“မယူခိုင်းပါဘူး၊ ခဏနေခိုင်းတာပါ၊ ကျွန်တော်က အပြင်ထွက် လှုပ်ရှားရမှာ”
“အင်း ..”
“ဒါမှ မြို့စားကြီးဘက်ကရော ၊ ပုဏ္ဏားကြီးဘက်ကရော ကျွန်တော့်ကို မသင်္ကာ မဖြစ်မှာပေါ့”
“အင်း .. ဟုတ်ပြီ”
“အခု ကျွန်တော် မြို့ထဲမှာ ခင်ဗျားပြောတဲ့လူကို သွားစုံစမ်းမယ်၊ ဖျော့ရှိရာကို သိမယ့်သူ”
“ဘယ်ကို သွားစုံစမ်းမှာလဲ”
“ကျွန်တော့်မိတ်ဆွေ သနပ်ခါးလိမ်းတဲ့ စွယ်စုံကျမ်းကြီးဆီ ကိုပဲ သွားရမှာပေါ့၊ သဲလွန်စတစ်ခုတော့ ရလာမှာပေါ့”
“ဟုတ်ပြီ .. ရှင်အထွက်မှာပဲ ပုဏ္ဏားမဆီက လွှတ်လိုက်တဲ့ ကောင်မလေးတစ်ယောက် ရောက်လာတယ်၊
ရှင်နဲ့တည့်တည့်တိုးတယ်”

www.burmeseclassic.com

www.burmeseclassic.com

"ရော် .. သူက ဘာတဲ့တုန်း"
"ပုဏ္ဏားမလေးက ရှင့်ကို ချစ်သူတို့ဘာသာဘာဝ စကားထားဝှက်လိုက်ပြန်ပြီရှင့်"
ကောင်လေးစိတ်ညစ်သွားသည်။
"အရေး ထဲဗျာ"
"လွယ်ပါတယ်ရှင်၊ ဖြေရှင်းပေးလိုက်ပါ"
"ကဲ .. ပြော၊ ဟိုက ဘာစကားထာဝှက်လိုက်တာလဲ"
"ဟိုရှေ့ကလာ ပိုးပဝါ၊ ကျုပ်စင်မှာထား ပိုးဟပ်စား ..တဲ့"
"အင်း .. ဟုတ်ပါတယ်၊ လွယ်တော့ လွယ်ပါတယ်"
"သူ ဘာပြောလိုက်တာလဲ ဖြေ"
"မောင်ကြီးလာတာ လိမ်းစရာ၊ ကျောက်ပြင်မှာထား သနပ်ခါး .. တဲ့"
"အင်း .. ဟုတ်ပြီ၊ ရှင်ကလည်း စကားထာတစ်ခု ပြန်ဝှက်ရဦးမယ် ၊ ပြန်ပေးလိုက်ပါတဲ့"
"ကျွတ် .."
ကောင်လေး စိတ်မရှည်စွာ စုတ်သပ်မိသည်။
"ရှင်ကလည်း မြန်မြန် ပြန်လိုက်ရင် ပြီးမယ့်ဟာ"
"ကဲ .. ပြောလိုက်ပြီဗျာ"
"ဘာလဲ"
"မကျည်းပင်ကောက်ကွေး၊ လောက်လေးနဲ့ဆော်"
"ဘာရယ် .."
"မကျည်းပင်ကောက်ကွေး၊ လောက်လေးနဲ့ဆော်"
"ဘာအဓိပ္ပါယ်လဲ"
"နင့်အစ်မ ဆံတောက်လေး၊ နောက်ဖေးကမျှော် ..တဲ့"
"ခစ် .. ဘာလဲ၊ ရှင်သွားမလို့လား"
"ဟင့်အင်း .. ထွေးသွားလိမ့်မယ်"
စိတ်ညစ်နေသည့်ကြားက ရယ်ရပြန်သည်။
"ကဲ .. ကျုပ်သွားပြီဗျို့၊ ကျုပ်မြို့ထဲလစ်ပြီ"
"ရှင့် မိန်းမစွယ်စုံကျမ်းဆီလား"
"ဟုတ်တယ်၊ သွားပြီ၊ တွေ့ပြီ"
"ဘယ်လိုမေးလဲ"
"အကျိုးအကြောင်း ပွင့်ပွင့်လင်းလင်းအကုန်ပြောပြီး မေးရမှာပေါ့၊ အစတည်းကလည်း နည်းနည်းပါးပါး ပြောထားပြီး ဖြစ်နေတဲ့ဟာ .."
"ကောင်းပြီလေ၊ ရှင်က အဲဒီလို ပွင့်ပွင့်လင်းလင်း အကူအညီတောင်းတော့ ဟိုမိန်းမကလည်း တတ်နိုင်သလောက်ကူညီပါတယ်"
"ဘယ်လိုကူညီလဲ"
"ဗျော့ရှိမယ့်နေရာ သိနိုင်တာ တစ်ခုရှိတယ်"
"ပြောပါဦး"
"အင်္ဂါထက် ဗုဒ္ဓဟူးစောတဲ့နေရာတဲ့"
"ဒုက္ခ .."
"အချိန်မရှိဘူး၊ ရှင်မြန်မြန်ဖော်နော်"
"အင်္ဂါထက်ဗုဒ္ဓဟူးစောတဲ့နေတာ ဆိုတော့ ..အင်း .. "
"မြန်မြန်စဉ်းစား"
"အ ထက်၊ ဗ က စောတဲ့နေရာဆိုတော့ အင်း .. အဘိဓာန်ဖြစ်မယ်"
"ဟုတ်လား"
"ဟုတ်တယ်၊ အဘိဓာန်ထဲမှာ ဗုဒ္ဓဟူးနေက အင်္ဂါနေ့ထက်အရင်လာတယ်"
"သေချာလား"
"သိပ်သေချာတာပေါ့၊ ပြောရင်းနဲ့တောင် သဲလွန်စတွေ တစ်ခုပြီးတစ်ခု ရလာပြီ"
"တယ်ဟုတ်ပါ့လား"
"ဟုတ်တာပေါ့၊ ခင်ဗျားကိုတောင် ပြန်ပြောပြရဦးမယ်"
"ပြောပါဦးရှင်"
"အဲဒီအဘိဓာန်က ရိုးရိုးအဘိဓာန်မဟုတ်ဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com

“ဘယ်လို လဲ”
“ဒီမြို့က အပျိုအဘိဓာန်ဗျ”
“ရှင် ..””
“ဒီမြို့က အပျိုတွေနဲ့ ပတ်သက်ပြီး ပြုစုထားတဲ့ အဘိဓာန် ၊ တစ်နှစ်တစ်ခါ သီတင်းကျွတ်ပြီးတိုင်း အသစ်ထွက်တယ်”
“အံမယ် ..”
“အဲဒီအဘိဓာန်ထဲမှာ ဒီမြို့က အပျိုကောင်မလေးတွေအကြောင်း အသေးစိတ်ဖော်ပြထားတယ်၊ ဗျော့အကြောင်းလည်း ပါတယ်၊ မြို့စားကြီးက ဗျော့ကို ရွှေထားနိုင်တဲ့နေရာရဲ့လိပ်စာလည်း ပါတယ်”
“သြော် .. ဟော် ..”
“အဲဒီအဘိဓာန်က ဒီမြို့က လူပျိုသိုးကြီးတွေဆီမှာ ရှိနိုင်တယ်”
“သြော် ..”
“အခု ကျွန်တော် ဒီမြို့က နံမည်ကျော် လူပျိုသိုးကြီးတစ်ယောက်ဆီသွားမယ်”
“သူက ရှင့်ကို ပေးဖတ်ဦးမှပေါ့”
“ရပါတယ်၊ သူ့အခက်အခဲကို ကျွန်တော်ဖြေရှင်းပေးရင် သူကလည်း ကျွန်တော့်ကို ကူညီမှာပေါ့”
“သူက အခက်အခဲဖြစ်နေလို့လား”
“ပြောရဲတယ်၊ သူအသည်းကွဲနေလိမ့်မယ်”
“ခို ..”
ကောင်မလေး ဖုန်းချသွားသည်။

* * * * *

“ဟဲလို ..”
“ဘယ်လိုလဲ ရှင့်လူပျိုသိုးကြီးဆီ ရောက်ပြီလား”
“ရောက်ပြီ”
“ဟာဟ .. အဲဒီလူပျိုသိုးကြီးဘာလုပ်နေလဲ”
“ပတ္တလားတီးပြီး လွမ်းပြနေတယ်”
“လွမ်းရတဲ့ ဖြစ်အင်လေး ပြောပြပါဦး”
“ဒီလိုဗျ .. သူက အခု ကောင်မလေးတစ်ယောက်ကို အသည်းအသန်ကြိုက်နေတယ်”
“ထုံးစံအတိုင်းပေါ့၊ ဟုတ်လား”
“ဟုတ်တယ်၊ အဲဒီကောင်မလေးကလည်း သူ့ကိုတွဲသွားတွဲလာရှိတယ်”
“ဒါဆိုမဆိုးပါဘူး”
“ခက်တာက သူကိုက ညံ့တာဗျ”
“ဟုတ်မှာပဲ”
“အခုဖြစ်လာတဲ့ ပြဿနာကလည်း ဘာမှမဟုတ်ဘူး၊ သူညံ့လို့”
“အင်း ..ဆိုပါဦး”
“ကျွန်တော် သမားတော်ယောင်ဆောင်တဲ့ပန်းခြံကို ခင်ဗျားမှတ်မိတယ်မဟုတ်လား”
“ရှင်ကများ ကျွန်မကို ပြန်မေးနေရသေးတယ်၊ ဘာလို့မမှတ်မိရမှာလဲ”
“အဲဒီပန်းခြံထဲမှာ သူနဲ့ကောင်မလေး ချိန်းထားတာ”
“ဘာလဲ ကောင်မလေးက မလာလို့လား”
“မဟုတ်ဘူး၊ ကောင်မလေးက ကြိုရောက်နေတာကြာပြီ၊ သူကနောက်ကျသွားတာ၊ ခေါင်းဖြီးနေတာ မပြီးလို့ ..တဲ့”
“သြော် .. ဟိုရောက်တော့ ကောင်မလေးက စိတ်ကောက်ရောပေါ့”
“အင်း .. မကြည်လင်ဘူးပေါ့ဗျာ”
“ချော့လိုက်ပေါ့ရှင် .. ဘာဖြစ်လဲ”
“ချော့ပုံကိုက မဟုတ်တာဗျ”
“ဘယ်လိုဖြစ်သွားလို့လဲ”
“ကဗျာနဲ့ပြောပြမယ်ဗျာ”
“အံမာ”
“လူပျိုသိုးကြီးက ကောင်မလေးကို တွေ့တွေ့ချင်း ဆီးရွတ်တယ်ဗျ”

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုရွတ်တာလဲ"
"ပျို့မှာရက်
မောင် ဆက်ဆက် လာခဲ့တယ်
ခင့်မျက်နှာ စူစူကြီးမှာကွယ်
အီးမှန်သည့်နှယ် .."
"ဟင် .. ကိုယ်ကြိုက်တဲ့ကောင်မလေးကို အဲဒီလိုပဲ သွားပြောရလား"
"အေးဗျာ .. အဲဒါတွေစိတ်ညစ်ရတာပေါ့"
"ကောင်မလေး စိတ်ဆိုးသွားရောပေါ့"
"မဟုတ်ဘူး .. မဆိုးသေးဘူး၊ ကောင်မလေးက ခပ်ညည်းညည်းပြန်ပြောတယ်"
"ခေါင်းကိုက်တယ်
သေနယ်က လွန်မဝေး .. တဲ့"
"ဩော် ..ဒါသူချော့ဖို့အတွက်ပဲရှင့်၊ ချော့လိုက်ပေါ့၊ ယုယုယယ ဆက်ဆံလိုက်ပေါ့"
"အင်း .. အဲဒီလို မဖြစ်ဘူးဗျ"
"ဘယ်လိုဖြစ်သွားလဲ"
"သူက လက်ပိုက်ပြီး မိန့်မိန့်ကြီး ပြန်ကြည့်တယ်လေ"
"အင်း .."
"ဒီလိုသိရင်ဖြင့်
အမိကို အမြန်တိုက်ပါရဲ့
ကျား ခေါင်းကိုက်ဆေး .. တဲ့"
"ဟင် .. သူ့ဟာက ချော့တာမှ မဟုတ်ဘဲရှင့်၊ ဆေးကြော်ငြာနေတဲ့ဟာ"
"ဟုတ်တယ်လေ၊ အဲဒါကြောင့် ကောင်မလေးက အဲဒီဆေးကို သူ့ဘာသာသူဝယ်သောက်လိုက်တော့မယ်ဆိုပြီး ပြန်သွားတယ်"
"သူ ကျန်ရစ်ခဲ့တာပေါ့"
"အင်း .. ပုလဲတွေဘာတွေ ခသေးတယ်တောင်ပြောတယ်"
"ခစ်ခစ် .. အဲဒါဆို အဲဒီလူပျိုကြီးကို ရှင်ဘယ်လို အကြံဉာဏ်ပေးမလဲ"
"နည်းနည်းတော့ စိတ်ညစ်ရတယ်ဗျ"
"ပြော .."
"လွမ်းတာကိုလည်း သူက ဂစ်တာနဲ့မလွမ်းဘူး၊ ပတ္တလားကြီးနဲ့လွမ်းတယ်"
"အင်း .. လူပျိုသိုးကြီးဆိုတော့ ခေတ်မမီပဲ ပြတ်ကျန်ခဲ့တာပေါ့"
"ဟုတ်တယ် .. ကျွန်တော်လည်း အဲဒါနဲ့ကြည့်ကျက်သွန်သင်နေရတယ်"
"ဘယ်လိုသွန်သင်လိုက်လဲ"
"လူငယ်ဆန်တဲ့ကဗျာလေးတွေ ရွတ်ပေါ့ လို့"
"ရှင်ရွတ်နေတဲ့ တေးထပ်ကြီးတွေလိုမျိုးလား"
"ဘယ်ဟုတ်ရမှာလဲ"
"ပြောပါဦး"
"ကျွန်တော်သူ့ကို ငယ်ငယ်ရွယ်ရွယ် ကဗျာတစ်ပုဒ်သင်ပေးလိုက်တယ်"
"သူသဘောကျလား"
"သဘောကျတာပေါ့၊ ခုတောင်ခေါင်းဖြီးပြီး ကောင်မလေးတွေရှေ့ထွက်မယ် တကဲကဲလုပ်နေတယ်၊ ခဏကြာရင် လမ်းထိပ်ကျူရှင်က ဆင်းလာတော့မှာ တဲ့"
"ရှင်က ဘယ်လိုကဗျာ သင်ပေးလိုက်တာလဲ"
"ရွတ်ပြမယ်၊ နားထောင်"
"အင်း .."

"အပြစ်ကင်းတဲ့ ချစ်ခြင်းဝေ
ထာဝရပေါ့ မေ
ရယ်ကာမောကာ ကမ္ဘာများ
လွယ်အိတ်ထဲမှာ ထား
လွယ်အိတ်ကလေး သိပါစေ
ချစ်သူသိပါစေ ..

www.burmeseclassic.com

ကြင်ကြင်နာနာ အိပ်မက်လေး
တိုးတိုးတိတ်တိတ်ပေး ..”

“အဲဒါဘယ်သူ့ ကဗျာလဲ”
“ကိုယ့်ဘာသာကိုယ် အချိန်မီ စပ်ရတာပေါ့”
“ထင်သားပဲ ...ရွှေသွေးဂျာနယ်ဆိုရင်တောင် ရွေးမှာမဟုတ်ဘူး”
“ကဗျာက ချစ်စရာလေးပါဗျာ”
“မဆိုးပါဘူး၊ ဒါပေမယ့်”
“ဘာဖြစ်လဲ”
“ကြီးကောင်ကြီးမား လူပျိုသိုးကြီးက ငယ်ငယ်ရွယ်ရွယ်ကဗျာလေးကို ရွတ်မှာ၊ မလိုက်ဘူး ထင်တာပဲ”
“အို .. ဒါသူ့အပိုင်းပါဗျာ”
“အဲဒီ လူပျိုသိုးကြီးက ဘာလုပ်လဲ၊ စီးပွားရေးပြောတာ”
“ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ဘူး”
“မိန်းမကို ဘယ်လိုရှာကျွေးမှာတုန်း”
“မိန်းမလုပ်စာ ထိုင်စားမှာပေါ့ဗျာ”
“မုန်းဖို့ကောင်းလိုက်တာ”
“ဘာဖြစ်လဲဗျ၊ ဝေသန္တရာမင်းကြီးတောင် တောထဲမှာ မဒ္ဒီဒေဝီရှာကျွေးတာ ထိုင်စားခဲ့သေးတာပဲ”
“အမ် ...”
ကောင်မလေး ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။
“ကဲကဲ ..သွားပါတော့၊ အဘိဓာန်တောင်းဖတ်လေ .. ရှင့်မှာအချိန်မရှိဘူး”
“တောင်းပြီးပြီ၊ ပေးဖတ်မယ်တဲ့”
“ဒါပေမယ့် ခက်တာက အဲဒီအချိန်မှာပဲ လမ်းထိပ်ကျူရှင်က ကျောင်းသူလေးတွေ ဆင်းလာတယ်ရှင့်၊ အိမ်ပေါ်ကနေ
သူကောက်ခနဲ ဆင်းသွားတယ်”
“ကျွန်တော်အတင်းလက်ဆွဲပြီး တောင်းမှာပေါ့ဗျ၊ အဲလိုဆင်းသွားလို့ ဘယ်ရမလဲ”
“ရတယ် .. ဆင်းသွားပြီ၊ သေတ္တာထဲမှာ ယူဖတ်လိုက်လို့ရှင့်ကိုပြောသွားတယ်”
“ဒါဖြင့်လည်း ပြီးတာပဲ .. သေတ္တာထဲ ထုတ်ဖတ်လိုက်ရုံပဲ”
“ပြသနာက အဲဒါပဲ”
ကောင်လေး ဘဝင်မကျ ဖြစ်သွားသည်။
“ဘာဖြစ်ပြန်ပြီလဲ”
“သူ့အခန်းထဲမှာ ဘာသေတ္တာမှ မရှိဘူး”
“ခင်ဗျားနော် ..”
“အကောင်းပြောနေတာ၊ သူ့အခန်းထဲမှာ အဲဒီ ပတ္တလားတစ်လုံးကလွဲရင် ဘာမှ မရှိဘူး”
“ဟာ ..”
“ရှင့်ဘာသာရှင်လည်း စဉ်းစားကြည့်အုံးလေ ဒီလောက်အရေးကြီးတဲ့ လျှို့ဝှက်စာအုပ်ကို အလွယ်တကူထားပါ့မလား၊
လူမြင်ခံလို့မှ မဖြစ်တာ”
“အချိန်မရှိရတဲ့ ကြားထဲ”
“ဉာဏ်ကစားကြည့်ပေါ့”
“သူ့ ပတ္တလားကြီးကို တတိန်တိန်နဲ့ ကောက်တီးလိုက်မယ်”
“ဘာဆိုင်လို့လဲ”
“အို .. ဆိုင်သွားပြီဗျ၊ ကျွန်တော်သိသွားပြီ”
“ဘာလဲ .. ပတ္တလားရွက်တွေပေါ်မှာ ရေးထားတာလို့ ပြောမလို့လား၊ ရှင့်ဟာကလဲ သိုင်းကျမ်းကြီးမှတ်ထားတာ
ကျနေတာပဲ”
“မဟုတ်ပါဘူး၊ အတွေးတစ်ခုကို သဲလွန်စရလိုက်လို့ပါ”
“ကဲ .. ဒါဖြင့်ပြော၊ အဘိဓာန်ကဘယ်မှာတုန်း”
“ဒီပတ္တလားထဲမှာပဲရှိမယ်၊ ပတ္တလားထဲမှာပဲ ဝှက်ထားတာဖြစ်မှာ ပေါ့”
“ရှင်ဘယ်လိုလုပ်တွေးတာလဲ”
“ဒီနေရာမှာ ခင်ဗျားကျွန်တော့်ကို ချီးကျူးရလိမ့်မယ်”
“ဘာဖြစ်လို့လဲ”
“ကျွန်တော်မို့ စဉ်းစားမိတာဗျ၊ ဒီပြင်လူဆို ခံသွားရမယ်”

www.burmeseclassic.com

www.burmeseclassic.com

"ပြောပါဦး"
"ဒီနေရာမှာ ပညာတစ်ခုရှိတယ် ဗျ ..."
"လာပြန်ပြီ"
"အချို့လူတွေက ပြဿနာတစ်ရပ်ကို စဉ်းစားတဲ့နေရာမှာ ပြဿနာရဲ့ မျက်နှာမူရာအရပ်ကိုပဲ ဆန့်ထွက်စဉ်းစားတတ်ကြတယ်၊ ပြဿာရဲ့နောက်ကျောဘက်ကို သတိမထားမိဘူး"
"ရှင်ပြောတာတွေ ကျွန်မနားမလည်ဘူး၊ လိုရင်းကို ရှင်းရှင်းပြော"
"ပြဿနာက သေတ္တာရယ်၊ ပတ္တလားရယ်"
"အင်း .."
"သူတို့မှာ နောက်ကွယ် ဆက်စပ်မှုရှိတယ်"
"ဘယ်လို နောက်ကွယ် ဆက်စပ်မှုလဲ"
"ပတ္တလားဆိုတာ 'ဗတ်တလာ'ဆိုတဲ့ မွန်စကားကနေဆင်းသက်လာတာ၊ သေတ္တာတူရိယာလို့ အဓိပ္ပါယ်ရတယ်"
"သြော် .. အဲလိုလား"
"ဟုတ်တယ် .. သူက အဲဒီစာအုပ်ကို ပတ္တလားထဲမှာဝှက်ထားတယ်၊ ကဲပြောနေကြတယ်ဗျာ .. အဲဒီစာအုပ်ကို ကျွန်တော်ရှာတွေ့ပြီ ၊ ဖတ်ကြည့်လိုက်ပြီ"
"ဟင်း ဟင်း .. ဗျော့ရှိနိုင်မယ့်နေရာကို ရှင်သိသွားပြီပေါ့"
"တွေ့ပြီ၊ အခုသွားတော့မယ်"
"အဲဒီကို သွားဖို့ဆိုတာ ရှင်ထင်သလောက်မလွယ်ဘူး"
"မလွယ်လဲ သွားမယ်၊ အချစ်အတွက်ဆို အသက်ပင် သေသေပေါ့"
"ဓားတောင်ကိုကျော်ပြီး မီးပင်လယ်ကို ဖြတ်မယ်ပေါ့လေ"
"အင်း .. မိုးအေးရင်တော့ မသွားသေးဘူး"
"ဟင် .. ရှင်ကလဲ"
ကောင်မလေးက တဝါးဝါး ထရယ်သည်။
"နောက်တာပါဗျာ၊ ကဲ ..သွားပြီ"
"ရှင်ပထမဆုံး စဖြတ်သန်းရမှာက ကြောက်စရာကောင်းတဲ့လူတစ်ယောက်ရဲ့ ဇရိယာရှင့်"
"ဘယ်လိုကြောက်စရာကောင်းတာလဲ"
"အားလုံးက သူ့ကို သံမဏိလူသားလို့ခေါ်တယ်"
"ဘာဖြစ်လို့လဲ"
"သူက ပေငါးဆယ်ရှိတဲ့လှေကားပေါ်က ပြုတ်ကျတာတောင်ဘာမှမဖြစ်တဲ့လူရှင့်"
"သြော် .. အဲလိုလား"
"ဟုတ်တယ် "
"ဒါပေမယ့် ကျွန်တော် မကြောက်ဘူးဗျာ၊ ဖြတ်မှာပဲ"
"ဖြတ်ချင်ရင်တော့ ရှင့်သဘောပဲ၊ ကဲ .. အခု ရှင့်ကို အဲဒီသံမဏိလူသားက တွေ့သွားပြီ၊ ရှင့်ကို လာဟိန်းဟောက်မေးမြန်းနေပြီ"
"ဘယ်လိုမေးလဲ"
"ဘယ်လောက် သတ္တိရှိလို့ ဒီစည်းဝိုင်းထဲဝင်လာတာလဲတဲ့"
"ခင်ဗျားထက်တော့ သတ္တိရှိတယ်"
"သူက ပြောမှာပေါ့၊ ငါက ပေငါးဆယ် မြင့်တဲ့ လှေကားကပြုတ်ကျတာတောင် ဘာမှမဖြစ်တဲ့ကောင်"
"ကျုပ်က ပေခုနစ်ဆယ်မြင့်တဲ့လှေကားက ပြုတ်ကျတာတောင် ဘာမှ မဖြစ်တဲ့ကောင်ဗျ"
"အောင်မယ် .. ရှင်ကလဲ အလာကြီးပါလား"
"ဟုတ်တယ် .."
"အခုရှင်ပြောတာ တကယ်လား"
"တကယ်ပေါ့"
"တကယ်ဆိုရင် သံမဏိလူသားက ရှင့်ကိုလမ်းဖယ်ပေးရမှာပဲ"
"အိုကေ .. ကျွန်တော်ဒီနယ်မြေက ဖြတ်သန်းသွားပြီ"
"နေပါဦး .. ပေခုနစ်ဆယ်မြင့်တဲ့လှေကားက ရှင်ပြုတ်ကျတာတောင် ဘာဖြစ်လို့ ဘာမှ မဖြစ်ရတာလဲ"
"သုံးထစ်ပဲ တက်ရသေးလို့"
"ရှင် ဟာလေ .."
"ဘာဖြစ်လို့ .."
"ဘာမှ မဖြစ်ဘူး၊ ဆက်သွားဆက်သွား"

www.burmeseclassic.com

www.burmeseclassic.com

"သွားပြီ၊ တော်တော်တောင်ရောက်သွားပြီ"
"အင်း .. အခု ရှင်လူတစ်ယောက်နဲ့ထပ်တွေ့မယ်"
"ဘယ်လိုလူလဲ"
"အဲ့လူကတော့ မလွယ်ဘူး"
"ဘယ်လိုလူလဲ ..ဆို"
"သူရဲကောင်းရှင့်၊ အင်မတန်သတ္တိရှိတဲ့သူရဲကောင်း"
"အင်း .. သူကတော့ နည်းနည်းခက်မယ်"
"နည်းနည်းမဟုတ်ဘူး၊ အများကြီးခက်မှာ"
"ရပါတယ်ဗျာ၊ ဆွေးနွေးလိုက်တာပေါ့"
"ရှင်ဆွေးနွေးတာကို သူလက်ခံဦးမှကိုး"
"သူရဲကောင်းဆိုတာ သတ္တိရှိရတယ် မဟုတ်လား"
"သိပ်ရှိရတာပေါ့"
"ကျွန်တော်က သူ့ကို သတ္တိသုံးမျိုးပြောပြမယ်လေ"
"အင်း .. ဟုတ်လား"
"ဟုတ်တယ် .. သတ္တိသုံးမျိုးရှိတယ်"
"အဲဒါတော့ သူစိတ်ဝင်စားမှာပဲ၊ ပြော .."
"ပထမသတ္တိကို သဘာဝသတ္တိလို့ခေါ်တယ်ဗျ"
"သဘာသသတ္တိသွေးအားတိုးဆေးလား"
"ကောင်းကောင်းနားထောင်စမ်းပါဗျာ၊ သဘာဝသတ္တိဆိုတာ ကျောသားရင်သား မခွဲခြားတတ်တဲ့ သတ္တိကိုပြောတာ"
"အင်း .. မဆိုးဘူး"
"ပြီးတော့ ဉဿဟ သတ္တိ၊ အဲဒါက စီးပွားရှာနိုင်တဲ့သတ္တိကိုပြောတာ"
"အင်း "
"နောက်ဆုံးကတော့ မန္တသတ္တိတဲ့၊ အခုသူနဲ့ ကျွန်တော်အဲဒါပြိုင်ကြမယ်"
"မန္တသတ္တိဆိုတာ ဘာလဲ"
"နီးနှောဆွေးနွေးနိုင်တဲ့ သတ္တိကိုပြောတာ"
"ဩော် .. ရှင်က သူနဲ့ဆွေးနွေးမယ်ပေါ့"
"ဟုတ်တယ်"
"ဘယ်လို ဆွေးနွေးမှာလဲ"
"ကျွန်တော့်အဖြစ်အပျက်ကြောင်းကို ရိုးရိုးသားသားပြောပြမယ်ဗျာ"
"အင်း .."
"ကျွန်တော့်ကို သူ့နေရာကနေ ဖြတ်သန်းခွင့်ပြုဖို့ တောင်းဆိုမယ်၊ သူ့အတွက်လည်း အကျိုးမယုတ်စေရပါဘူးလို့"
"အင်း .. အဲဒီစကားပြောတာ ရှင်မှားသွားပြီ၊ သူရဲကောင်းက စိတ်ဆိုးသွားပြီ၊ ဘာလက်ဆောင်ပစ္စည်းမှ
သူလက်မခံနိုင်ဘူးတဲ့၊ ပေးရင် မီးရှို့ပစ်မယ်တဲ့"
"အိုကေ .. အဲဒါဆိုရင် သူ့နယ်ကို ဖြတ်သန်းခွင့်ရသွားပြီ၊ ဆက်ဝင်သွားပြီ"
"ဘာဖြစ်လို့လဲ"
"သူတောင်းဆိုတဲ့အတိုင်း ကျွန်တော်က သူ့ကို မီးသွေးဆယ်အိတ်ဝယ်ပေးခဲ့တယ်၊ ကဲ .. သွားပြီဗျို့"

* * * * *

"ကဲ ..ရှင်ဆက်တိုးဝင်သွားလိုက်ပြီပေါ့၊ ဟုတ်လား"
"ကျွန်တော်က နောက်ပြန်လှည့်ရိုးထုံးစံမရှိဘူးဗျ၊ ဟဲဟဲ"
"အင်း ..တွေ့ကြသေးတာပေါ့"
ကောင်လေး လန့်သွားသည်။
"အဲ .."
"အဲဒီလို ဆက်ဝင်သွားရင်နဲ့ ရှင်အိမ်တစ်လုံးကိုတွေ့မယ်"
"အင်း .."
"အိမ်က တော်တော်လေး သပ်ရပ်တဲ့အိမ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ"
"အဲဒီအိမ်ထဲမှာ အမျိုးသမီးကြီးတစ်ယောက်ကိုရှင်တွေ့တယ်၊ ငယ်ငယ်ကဆို တော်တော်လှမယ့် အမျိုးသမီးကြီးပေါ့"
"ဩော် .. ဟုတ်လား ၊ သူကဘယ်သူပါလိမ့်"
"ရှင်တော့ တော်တော် ဒုက္ခရောက်တော့မယ်"
"ဗျာ .. ဘာဖြစ်လို့လဲ"
"အဲဒီအမျိုးသမီးကြီးက ဗျော့ရဲ့အမေရှင့်"
"ဗျော့ အမေ ..."
"အင်း .. "
"ဦးကော့ ရဲ့မိန်းမ ဒေါ်ထော့တော့ မဟုတ်ပါဘူးနော်"
ကောင်မလေးက ရယ်သည်။
"မဟုတ်ပါဘူးရှင့်၊ ရှင့်ရည်းစား ဗျော့အမေ ပါ"
"မြို့စားကြီးကတော်ပေါ့"
"ဒါပေါ့"
"သူက ဘာလုပ်နေတာလဲ"
"သူ့သမီးကို လာစောင့်ကြပ်နေတာလေ"
"မဟုတ်ပါဘူး၊ အခုအိမ်ထဲမှာ ဘာလုပ်နေတာလဲလို့မေးတာ"
"ဩော် .. သူကုလားထိုင်မှာ ထိုင်ပြီး ပေစာတစ်ချပ်ကို ဖတ်နေတာ"
"အဲဒါဆိုလည်း ဖတ်ပါစေပေါ့ဗျ၊ ကျွန်တော်က တိတ်တိတ်လေး နောက်ဘက်က ပတ်ဝင်သွားမယ်"
"အဲလိုလုပ်နိုင်ခဲ့ရင်တော့ ကောင်းသားပဲ၊ ဒါပေမယ့် ရှင်နောက်ကျသွားပြီ"
"ဘာဖြစ်လို့လဲ"
"သူက ရှင့်ကို မြင်သွားပြီရှင်"
"ဟီး .. လို့ရယ်ပြလိုက်မယ်ဗျာ"
"မင်း .. ဘာလာလုပ်တာလဲတဲ့ မေးနေတယ်"
"မြို့စားကတော်ရဲ့ပြဿနာကို ကူညီဖြေရှင်းပေးဖို့ လာတာပါလို့ .."
"သူက ဘာပြဿနာဖြစ်နေလို့လဲ"
"ခင်ဗျား မမြင်ဘူးလား၊ သူကပေလွှာကိုဖတ်လိုက်၊ အဝေးကိုငေးလိုက်၊ သက်ပြင်းချလိုက်နဲ့"
"အင်း .. ဟုတ်တယ်၊ အဲဒီပေလွှာကို သူမဖတ်တတ်ဘူးဖြစ်နေတယ်ရှင့်"
"သက္ကတလို ရေးထားလို့လား"
"မဟုတ်ဘူး၊ အဲဒီပေလွှာမှာ ကဗျာတစ်ပုဒ်ပါတယ်"
"သိပြီ .. မော်ဒန်ကဗျာမို့လို့ သူမဖတ်တတ်တာဖြစ်လိမ့်မယ်"
"မော်ဒန်ကဗျာ မဟုတ်ပါဘူး ပဟေဠိ ကဗျာ"
"ဩော် .."
"သူ့အပျိုဘဝက မြို့စားကြီး သူ့ကိုပေးတဲ့ကဗျာရှင့်"
"ဒါကိုသူက အခုထိမဖော်နိုင်သေးဘူးလား"
"အင်း .."
"ဇာတ်ကတော့နာပါ့ဗျာ၊ သမီးတောင်ယောကျ်ားယူတော့မယ်"
"အဲဒီ ကဗျာကို မဖော်နိုင်လို့ မြို့စားကြီးကိုသူလက်ထပ်လိုက်ရတာ"
"ဟင် .. ပဟေလိ ဖော်နိုင်တဲ့နေ့မှာ မြို့စားကြီးကို သူပြန်ကွာမှာလား"
"ခစ်ခစ် .. အဲလိုတော့လည်း မဟုတ်ပါဘူးရှင်၊ လင်ရယ်မယားရယ်ဖြစ်လာတော့လည်း မြို့စားကြီးကို သူချစ်သွားတာပါပဲ"
"ဒါပေမယ့် ကဗျာရဲ့ အဓိပ္ပါယ်ကိုတော့လည်း ဖော်ထုတ်ချင်တယ်ပေါ့ .. ဟုတ်လား"
"ဒါပေါ့ .. ဒီကဗျာကို အဓိပ္ပါယ်ဖော်ပြီး သူ့ချစ်သူမြို့စားကြီးကို အဖြေပေးချင်သေးတာပေါ့"
"ရတယ်လေ .. ကျွန်တော်ကူဖြေပေးမယ်လို့၊ အဲဒီကဗျာကျွန်တော့်ကို ပြပါလို့"
"ကောင်းပြီ .. မြို့စားကတော်က ရှင့်ကို အဲဒီကဗျာ ပြပြီးပေးဖတ်ပြီ၊ ကဗျာက ဒီလိုရှင့် .."
ကောင်မလေးက ရွတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

၁။ ခုံလောက်ပေါ်တွင် စလယ်ဝင်
အောက်တွင် ကပ်သည့်ချိုး။

၂။ မြစိမ်းတောင်တွင် မိန်းမယဉ်
ပါးတွင် မင်စစ်ထိုး။

၃။ ပန်းပဲဖိုတွင် ပေပေါ်တင်
လက်တွင် ကိုင်၍မိုး

၄။ ပဆစ်ပစ်လျှင် နှစ်ကွက်မြင်
နှုတ်တွင် ခေါ်သည့်မျိုး။

၅။ တရုတ်ပြည်တွင် ကုန်စည်တင်
မြင်းလျှင် ဘယ်အမျိုး။


"ဒီဟာက နည်းနည်းတော့ ထူးတယ်ဗျ"
"နည်းနည်းလည်း ခက်တယ်၊ လွယ်ရင် ရှင့်ကိုတောင် ပေးဖတ်မနေဘူး၊ သူ့ဘာသာသူဖြေပစ်လိုက်ပြီ"
"ကြိုးစားကြည့်ရမှာပေါ့ဗျာ .."
"ရှင်တစ်ခုသိထားဖို့က ရှင့်မှာ အချိန်သိပ်မရှိဘူးဆိုတာပဲ"
"သိပါတယ်ဗျာ၊ ခင်ဗျားက ခဏခဏပြောမနေနဲ့"
"သိရင်ပြီးတာပဲ၊ ကဲ .. ဖြေ"
"လွယ်တာကို အရင်ဖြေမယ်"
"ရှင့်ဟာရှင် ဘယ်ကစဖြေဖြေ၊ အားလုံး အဖြေမှန်ရရင်ပြီးရော"
"မြစိမ်းတောင်တွင် မိန်းမယဉ်
ပါးတွင် မင်စစ်ထိုး .. ဆိုတာက 'ချင်းမ'တွေကိုပြောတာ"
"အင်း .."
"ပန်းပဲဖိုတွင် ပေပေါ်တင်
လက်တွင် ကိုင်၍မိုး .. ဆိုတာက ရှင်းပါတယ်၊ 'တူ' ကိုပြောတာ"
"ဟုတ်ပြီ"
"ပဆစ်ပစ်လျှင် နှစ်ကွက်မြင်
နှုတ်တွင်ခေါ်သည့်မျိုး .. ဆိုတာက 'ပါ' ကိုပြောတာ"
"ပါ .. ဘာပါလဲ"
"ပဆစ်ကစားတဲ့ အသုံးအနှုန်းဗျ၊ ကြွေနှစ်ပွင့် လန်နေတာကို 'ပါ' လို့ခေါ်တယ်"
"အင်း .. အဲဒါကို မသိရင်တော်တော်မလွယ်တဲ့အချက်ပဲ၊ ဆက်ပါဦး"
"တရုတ်ပြည်တွင် ကုန်စည်တင်
မြင်းလျှင်ဘယ်အမျိုး .. ဆိုတာက 'လား' ကိုပြောတာ၊ သူတို့ဆီမှာက လားနဲ့ ကုန်အတင်အချ လုပ်ကြတယ်"
"ပထမဆုံး အပိုဒ်(၁) .. ကရော "
"အဲဒါကိုပဲ နည်းနည်းစဉ်းစားရကြပ်နေတာ"
"အဲဒါကိုစဉ်းစားပြီးရင် ရှင်ပြန်ပြီးဆက်စပ်ရဦးမှာနော်"
"အောက်လေးပိုဒ်က ရပြီဗျ"
"ဟုတ်လား .."
"အင်း .. ချင်းတူပါလား .. တဲ့"
"ရှေတစ်လုံးပဲ လိုတော့တာပေါ့"
"ဟုတ်တယ် .."
"စဉ်းစားလေ .. "
"စဉ်းစားနေတာပဲ .. မရဘူး၊ မဟုတ်ဘူး ထင်တယ်"
"ဘာဖြစ်လို့လဲ"
"ခုံလောက်ပေါ်တွင် စလယ်ဝင်

www.burmeseclassic.com


အောက်တွင် ကပ်သည့်ချိုး .. ဆိုတော့ ဆီထမင်းကိုချည်း ပြေးပြေးမြင်နေတယ်"
"ခို.. ဒါဆို အဖြေက ဆီထမင်းချင်းတူပါလားပေါ့"
"မဟုတ်နိုင်ဘူး .. အဲဒီအပိုဒ်ကလည်း တစ်လုံးတည်းထုတ်ယူရမှာ"
"ကဲ .. ဒါဖြင့် ရှင် .. ဘာချင်းတူခိုင်းမှာလဲ"
တော်ပါသေးရဲ့ .. ကောင်လေးက အချိန်မီပင် အတွေးတစ်ခုရလိုက်သည်။
"သိပြီဗျိုး .. သိပြီ"
"ဘာတုန်း"
"ချိုး .. ဗျ၊ ချိုး .."
"ချိုးချင်းတူပါလား .. လား"
"မဟုတ်ပါဘူး .. 'ချိုး' ဆိုတာ ခြစ်ပစ်ရမှာ မဟုတ်လား"
"ဒါဖြင့် .."
"ချစ်ချင်းတူပါလား .. တဲ့"
"သြော် . . ဒီလိုလား"
"ဟုတ်တယ် .. ဒီလိုပဲ"
"ကဲ .. ပဟေဠိ ကိုတော့ ရှင်အဖြေမှန်သွားပါပြီ"
"အဲဒါဆို ပွဲပြီးပြီပေါ့"
ကောင်မလေးက အံကြိတ်သံနှင့် ..
"ဟင်း .. ဟင်း .. ဆန္ဒတွေမစောနဲ့လေ"
"ဘာဖြစ်လို့လဲ .."
"ရှင်... မြို့စားကတော်ကို ဘာအကူအညီတောင်းမလဲ၊ ရှင့်ကိစ္စကိုဘယ်လိုပြောမတုန်း၊ အပြောရတော်တော်ခက်ဦးမယ်"
"အဲ .."
ကောင်လေး ခေါင်းတစ်ချက် ကုတ်သည်။
"အဲဒါလည်း ဟုတ်တော့ ဟုတ်သားပဲ"
"ဒါဆိုရှင် ဘယ်လိုပြောမှာလဲ"
"ဟဲ .. ဟဲ"
"ရှင် .. ဘာကြံနေပြန်ပြီလဲ"
"တစ်ခါတစ်ခါ မျဉ်းဖြောင့်အတိုင်း မတွေးမိဘူးဗျ၊ မျဉ်းဖြောင့်မဆန်တဲ့ အတွေးမျိုးလည်း တွေးရတယ်၊ Non Linear Thinking လို့ခေါ်တယ်"
"ရှင်ပြောချင်တာကို တည့်တည့်ပြောရှင်၊ မျဉ်းဖြောင့်အတိုင်းပြော"
"ခင်ဗျားက ကျွန်တော့်ကို မြို့စားကတော်ဆီမှာ တိုက်ရိုက်အကူအညီတောင်းမယ်လို့ ထင်နေတယ်မဟုတ်လား၊ ဒါမှမဟုတ် ဒီကိစ္စကို ဦးတည် ဖြေရှင်းမယ်ထင်နေတယ်မဟုတ်လား"
"အင်း .. ထင်မိသလိုပဲ"
"မဟုတ်ဘူးဗျ၊ ကျွန်တော်က အဲဒီလိုမလုပ်ဘူး၊ အဲဒါက မျဉ်းဖြောင့်အနေအထားအတိုင်းဆောင်ရွက်တာ"
"အခုရှင်က ဘယ်လိုလုပ်မလဲ"
"ကျွန်တော့်ကိစ္စ ကို ဘာမှမပြောဘူး၊ မြို့စားကတော်ကို မြို့စားကြီးဆီသွားခိုင်းလိုက်မှာပေါ့"
"ဘာလုပ်ဖို့လဲ"
"အဖြေသွားပေးဖို့လေ"
"သြော် .."
"ခင်ဗျား သြော် .. မနေနဲ့၊ မြို့စားကတော် ဝမ်းသာအားရနဲ့ ပေချင်ခါးကြားထိုးပြီးထွက်သွားပြီ၊ ကျွန်တော့်အတွက် အများကြီး အကျိုးထူးတယ်"
"ဘယ်လို အကျိုးထူးလဲ"
"တစ် .. ဗျော့ဆီကို သွားလို့ရပြီ"
"အင်း .."
"မြို့စားကြီး အလုပ်ရှုပ်သွားပြီ၊ မြို့စားကတော်နဲ့ ချစ်ကြည်နူးပြီးငယ်မူငယ်သွေးတွေ ဖိတ်လျှံနေပြီ၊ အဲဒါကြောင့် ဗျော့ကို ကျွန်တော် ခိုးပြေးရင် လိုက်မဖမ်းအားတော့ဘူး"
"တယ်ဟုတ်ပါလား .."
"မျဉ်းဖြောင့်မဆန်တဲ့ အနေအထားအတိုင်း ဆောင်ရွက်လိုက်တာပေါ့ဗျာ .. ဟဲဟဲ"
"တော်ပါရှင် .. မြို့စားကတော်ကြီး သွားပြီဆိုပါစို့၊ ရှင် အခုဗျော့ဆီဝင်တွေ့တော့ မှာလား"
"ဒါပေါ့"

www.burmeseclassic.com

“ဖျော့က ဒီအိမ်ထဲမှာ မရှိဘူးရှင့်၊ အိမ်နောက်က ရေကန်ထဲမှာ ”
“ရေကူးဝတ်စုံနဲ့ ရေကူးနေတာလား .. ဟေ ဟေ့”
“ဘယ်ကလာ ..”
“ဟင် .. ဒါဖြင့် ဘာလုပ်နေတာလဲ”
“ရေကန်ရဲ့ အလယ်ခေါင်မှာ အိမ်တစ်လုံးရှိတယ်၊ အဲဒီအိမ်ထဲမှာ ဖျော့ကို ထားတာ၊ ဒီလို ..”



“တံတားလည်း မရှိဘူး ”
“မရှိဘူး”
“လှေရော ..”
“မရှိဘူး”
“ရေကူးပြီး သွားရင်ရော ..”
“ရေထဲမှာ အန္တရာယ်မရှိဘူးလို့ ရှင်ထင်နေလား”
“အဲလောက်ကြီးကိုတော့ ကျွန်တော်ခုန်မကူးနိုင်ဘူးဗျ”
“ကျွန်မလည်း ရှင့်ကို ခုန်မကူးခိုင်းပါဘူးရှင်”
“ဒါဖြင့် ..”
“ရေကန်ဘေးမှာ သစ်သားချောင်းနှစ်ချောင်းရှိတယ်”
“အဲဒီသစ်သားချောင်းတွေကို တံတားလုပ်ပြီး သွားရမှာလား”
“ဟုတ်တယ်”
“စောစောက ပြောရောပေါ့ဗျာ”
“ဘာလဲ .. ရှင်က တံတားထိုးတတ်ပြီလား”
“ထိုးတတ်တာပေါ့၊ လွယ်လွယ်လေး”
“ကဲ .. လုပ်ပြစမ်း”
ကောင်လေးက အကြမ်းစာအုပ်မှာ အမြန်ရေးခြစ်လိုက်သည်။
ကောင်မလေးကိုလည်း ပြန်ပြောပြလိုက်သည်။



“ဟုတ်ပြီလား ..”
“အင်း .. ဟုတ်တယ်၊ ရှင်အိမ်ထဲဝင်ပြီး ဖျော့ကိုတွေ့လို့ရပြီ”
“ဝင်သွားပြီဗျာ ..၊ တွေ့ကြပြီဗျာ၊ ဝမ်းသာအားရကိုဖြစ်လို့၊ ပျော်လိုက်တာ”
“ကဲ .. ရှင် ဘာဆက်လုပ်မလဲ၊ ဖျော့ကို ခေါ်ပြီး ဘယ်လိုထွက်ပြေးမလဲ”
“နေပါဦးဗျာ .. ကိုယ့်ရည်းစားနဲ့ တွေ့တုန်း ကဗျာလေးဘာလေး ရွတ်ပါရစေအုံး”
“ရှည်လိုက်တာ .. မရွတ်နဲ့”
“ဘာဖြစ်လို့လဲဗျာ .. ကဗျာလေးရွတ်”
“မရွတ်ပါနဲ့ဆို ..”
“ဘာဖြစ်လို့တုန်း”
“နားညည်းတယ်၊ ကိုယ့်ဘာသာကိုယ် ပြေးဖို့လုပ်”
“နေဦး .. ဒီဖျော့ကို ကျွန်တော့်ဖျော့ .. ဟုတ်မဟုတ်၊ စမ်းသပ်ရဦးမယ်၊ ခင်ဗျားက ယုံရတာမဟုတ်ဘူး”

www.burmeseclassic.com

“ရှင်နော် .. ဘယ်လို စမ်းသပ်မှာလဲ”
“ခင်ဗျားက အပျိုကြီးတွေးပဲ တွေးနေတာကိုး၊ ကျွန်တော်တို့ချစ်သူရည်းစားကြားမှာ အတိုင်အဖောက်လေးတစ်ခုရှိတယ်ဗျ”
“ကြာတယ် .. မြန်မြန်ပြော”
ကောင်လေးက အော်လိုက်သည်။
“ဗျော့ .. ချစ်ချစ်ရေ”
စိတ်တိုစွာ ကောင်မလေးက ဝင်ထူးသည်။
“ဒါများ .. ဝေ”
“ဗျော့ .. ချစ်ချစ်လား ”
“ဝါး ..”
“ဗျော့ပဲ့ .. ဗျော့စုတ်”
“ဝုတ် .. ဟင် ”
ကောင်မလေး အငိုက်မိသွားသည်။ ဒါတွေ ကန်လိုက်မည့်ဖြစ်ခြင်း ..။
ကောင်လေးကတော့ တရစပ်ရယ်လေတော့သည်။
ကောင်လေးရယ်သံအဆုံးထိ စောင့်ဆိုင်းနေပြီးမှ ကောင်မလေးက ..
“ကဲ .. အချိန်မရှိတော့ဘူး၊ ဗျော့ကိုလက်ဆွဲပြီး ပြေးပေတော့”

* * * * *

“ကဲ .. ရှင်တို့ပြေးသင့်ပြီလို့ ကျွန်မထင်တယ်”
“ခင်ဗျားပြောတာတောင် နောက်ကျနေပြီ၊ ကျွန်တော်တို့က နောက်ဖေးကွင်းပြင်ထဲ ရောက်နေပြီ”
“အို .. ဟုတ်လား”
“သိပ်ဟုတ်တာပေါ့”
“ဒါဆိုရှင်တို့ ပြဿနာပဲ”
“ဘာဖြစ်လို့လဲ”
“အဲဒီ နောက်ဖေးကွင်းထဲမှာ ဗျော့ရဲ့ဆရာရှိတယ်”
“ဗျော့ရဲ့ဆရာ ..”
“ဟုတ်တယ်၊ မြို့စားကြီးက သူ့အတွက် အကြေးကြီးပေးပြီး ငှားထားတဲ့ဆရာကြီး”
“သူက ဗျော့ကိုဘာသင်ပေးတာလဲ”
“အတွေးခေါ် ပညာတွေသင်ပေးတာ”
“အင်း .. ဒါဆို သူကဖီလော်ဆော်ဖာကြီးပေါ့”
“ဟုတ်တယ်”
“တော်လား”
“အရမ်းတော်တာပေါ့၊ အမြဲတမ်းနက်နက်နဲနဲစဉ်းစားနေတတ်တယ်”
“ဒီလောက်တော်နေရင် မြို့စားကတော်ကြီးကို ဘာဖြစ်လို့ မကူညီတာလဲ”
ကောင်မလေး နားရှုပ်သွားသည်။
“ဘာ .. မြို့စားကတော်ကြီးကို ကူညီရမယ်”
“အင်းလေ၊ ဟိုပဟေဠိကို သူဝင်ဖြေပေးလိုက်ပေါ့၊ ပြီးရော”
“ဒါမျိုးကျတော့ သူက ဝါသနာမပါဘူးလေ”
“သူများ လင်မယားကြားထဲကို ဝင်မပါချင်လို့လား”
“ဟုတ်မှာပေါ့”
“နေပါဦး .. သူက ဘယ်အပိုင်းဘက်ကို တွေးခေါ်တာမှာ အားသန်လဲ”
“အိုး .. သူ့ဖာသာသူကတော့ တွေးခေါ်နေတာပဲ၊ လူရဲ့အစကဘာပါလိမ့်၊ စကြာဝဠာရဲ့အစက ဘာပါလိမ့် .. စုံနေတာပဲ”
‘သြော် .. ဒီလိုလား ၊ ရပါတယ်၊ သူနဲ့ဆုံရင်လည်း ဆုံပါစေပေါ့၊ ကျွန်တော်မကြောက်ပါဘူး”
“ဗျော့လက်ဆွဲပြီး ရဲရဲရင်ဆိုင်မယ်ပေါ့”
“ဒါပေါ့”
“ဒါဖြင့်ရင်လည်း ရင်ဆိုင်လိုက်ပါဦး၊ ရှင်တို့နဲ့ အဲဒီဆရာကြီးနဲ့တွေ့ကြပြီ”
“နှုတ်ဆက်လိုက်မှာပေါ့၊ မင်္ဂလာပါ ဆရာကြီးလို့”


www.burmeseclassic.com


www.burmeseclassic.com

"ကဲ .. ဆရာကြီးမေးပြီ၊ မင်းတို့ဘယ်သွားကြမလို့လဲ လို့"
"ဆရာကြီးဆီ လာတာပါလို့"
"ဘာလုပ်မလို့လဲ"
"မေးစရာလေးတွေရှိလို့"
"ဆရာကြီးက ခေါင်းတဆတ်ဆတ်ညိတ်တယ်၊ ရတယ်လို့ ပြောတယ်"
"ဒါဖြင့်မေးတော့မယ်နော်"
"မေး"
"ရေမှာ အရောင်ရှိပါသလား ဆရာကြီး ခင်ဗျာ"
"မရှိဘူး"
"သေချာပါလား ခင်ဗျာ"
"သေချာတယ်"
"သေချာတယ်ဆိုရင် နောက်ထပ်မေးခွန်း လာတော့မယ်နော်"
"ရတယ် .. မေး"
"ရေမှာအရောင်မရှိဘူးဆိုရင် .. လှိုင်းခေါင်းတွေကရော ဘာလို့ဖြူနေတာလဲ"
"အဲ .."
"ခင်ဗျားကသာ အဲတာ၊ ဆရာကြီးက ဟေ .. တဲ့"
"အင်း ရှင်ပြောအားရှိသွားတာပေါ့"
"ကျွန်တော်က ဆရာကြီးကို ကြည့်ပြီး ရယ်ချင်စိတ်တောင်ထိန်းထားရသေးတယ်"
"ဘာဖြစ်လို့လဲ"
"ဆရာကြီးက ပါးစပ်အဟောင်းသားဖြစ်သွားတယ်၊ မြေပြင်ကိုစိုက်ကြည့်ရင်း 'အင်း ..' လို့ သံရှည်ကြီးဆွဲတယ်"
"အဲဒီနောက်ကော .."
"အဲဒီနောက်တော့ .. ကျွန်တော့်မေးခွန်းကို သူနက်နက်နဲနဲ စဉ်းစားနေပုံရတယ်၊ လောကကြီးကို မေ့လို့ပေါ့ဗျာ"
"အဲဒါနဲ့ပဲ ရှင်က ဗျော့လက်ကိုဆွဲပြီး တိတ်တိတ်လေး လစ်ပြေးရော ဆိုပါတော့"
"အဟဲ .. ခင်ဗျားတောင် ကွက်ကျော်မြင်တတ်လာပြီ၊ ဟုတ်တယ် .. ကျွန်တော်တို့လစ်ပြီ၊ ဆရာကြီးရေ .. တာ့တာ"
"ရှင်တို့ ဆက်ပြေးကြပြီပေါ့"
"ဟုတ်တယ် .. ပြေးပြီ"
"ရှင်တို့ အခုဖြတ်ပြေးတဲ့တောလမ်းက ခွေးတွေရှိတယ်ရှင့်"
"ခွေး .. ဟုတ်လား"
"ဟုတ်တယ် .. လမ်းက နှစ်သွယ်ရှိတယ်၊ တစ်လမ်းက ခွေးဆိုးတွေရှိပြီး၊ တစ်လမ်းက ခွေးကောင်းတွေရှိတယ်"
"ခွေးကောင်းရှိတဲ့လမ်းကို ရွေးပြေးရမှာပေါ့"
"ဟုတ်တယ် .. ရှင်လဲ ကွက်ကျော်မြင်တတ်တယ်"
"ကဲ .. ခင်ဗျားပြောတဲ့ လမ်းဆုံကိုရောက်ပြီဗျာ"
"ဟုတ်ပြီ .. ဘယ်ဘက်က ခွေးကောင်းရှိတာလဲ၊ ဘယ်ဘက်က ခွေးဆိုးရှိတာလဲ မသိဘူးနော်"
"သဲလွန်စတော့ ပေးဦးမှပေါ့"
"ရပါတယ် .. လာမှာပေါ့"
"ကဲ .. ပြော"
"လမ်းသွယ်တစ်ခုရဲ့ ထိပ်မှာ ဆိုင်းဘုတ်တစ်ခု ချိတ်ထားတယ်"
" Gentledog ဆိုတဲ့ဆိုင်းဘုတ်လား"
"အဲဒီအင်္ဂလိပ်စာလုံးကို ကျွန်မ မသိဘူး"
"နောက်တာပါ ... ခွေးကောင်းဆိုတဲ့ ဆိုင်းဘုတ်များလား"
"ဘာလဲတော့ မသိဘူး၊ ရေးတော့ ရေးထားတယ်"
"ဘာရေးထားတာလဲ .."
"ဝ လုံးတွေ"
"ဗျာ "
"ပြီးတော့ တုတ်ချောင်းတွေလေ"
"အဲ့ .."
"ဒီလိုလေ .."


www.burmeseclassic.com

www.burmeseclassic.com






“အဲဒါတွေကို အဓိပ္ပါယ်ပေါ်အောင်ဖတ်ရမှာလား”
“ဟုတ်တယ် ..”
“ဝလုံးတွေဆိုတာ မြန်မာစာပဲထင်တယ် .. နော်”
“အဲဒါတော့ မပြောတတ်ဘူး”
“အင်း ကျွန်တော်ကြိုးစားပြီး ဖတ်ကြည့်လိုက်အုံးမယ်”
“ကဲ ပြော ... ဘာအဓိပ္ပါယ်လဲ”
“နေပါဦး”
“ဘာလဲ”
“အဲဒီစာကို မဖတ်တတ်လဲ ကိုယ့်ဘာသာကိုယ်ရမ်းဝင်သွားလို့ ရတယ် မဟုတ်လား”
“ရတယ်၊ ဒါပေမယ့် ဖတ်တတ်ရင် ပိုကောင်းတာပေါ့ရှင်”
“ဝလုံး (၇)လုံးနဲ့ တုတ်ချောင်း (၄)ချောင်းကို ပေါင်းဖတ်ရမယ်ထင်တယ်နော်၊ ဟုတ်တယ် မဟုတ်လား”
“ရှင့်ဘာသာ ကြံဆပေါ့”
“ဝ ထ က လ သ များလား မသိဘူး”
“အဲဒါနဲ့ ခွေးကိုက်တတ်သည်နဲ့ ဘာဆိုင်တုန်း”
“အော် .. ဟော့ .. ရပြီ”
“ရရင်ပြော”
“ကျွန်တော် အဲဒီဆိုင်းဘုတ်ချိတ်ထားတဲ့ လမ်းအတိုင်းသွားမယ်”
“ဘာရေးထားလို့လဲ”
“မြန်မာလိုမဟုတ်ဘူးဗျ၊ အင်္ဂလိပ်လို”
“ဘာတဲ့လဲ ..”
“ Good Dog တဲ့”



“အင်း ဟုတ်ပြီ၊အဲဒါဆိုရင်တော့ ရှင်တို့ခွေးဆိုးတွေရန်က လွတ်သွားပါပြီ”
“ဒါဖြင့် ကျွန်တော်တို့ တချိုးတည်း ပြေးပြီဗျာ”

www.burmeseclassic.com


“ရှင်တို့ ဒီအတိုင်းပြေးနေလို့ကတော့ လွတ်ဖို့မသေချာဘူးနော်”
“မြင်းစီး ပြေးရမှာလား”
“ဒီထက်မြန်အောင် ပြေးနိုင်ရင်ပြေးပေါ့၊ ရှင့်ဘာသာရှင် ဘာစီးစီး”
“အာ .. အတော်ပဲဗျာ၊ ကျွန်တော်တို့ရှေ့တောစပ်မှာ ကားကြီးတစ်စီး ရပ်ထားတယ်”
“ဟင် .. ရှင်ကလဲအတင်းကြီးပါလား”
ကောင်လေးက ဇွတ်ပင်ဆက်ပြောသည်။
“ဒီလောက်ကားအကြီးကြီးကို ခင်ဗျားမမြင်ဘူးလား၊ ကျွန်တော်တို့ပြေးပြီ၊ အဲဒီကားဆီကို”
“တော်ကြာ .. အဲဒီကားက ပုဏ္ဏားကြီးကားဖြစ်နေဦးမယ်”
“မဟုတ်ဘူးဗျ၊ ကျွန်တော့်အသိတစ်ယောက်ရဲ့ကား”
“ဘယ်က အသိလဲရှင့်”
“ဟို မွေးမြူရေးသမားကြီးရဲ့ကားဗျ”
“သူက ရှင်တို့ကို တင်ခေါ်သွားမှာမို့လား”
“ဒီလူနဲ့ ဒီလူပဲဗျာ ဘာလို့မခေါ်ရမှာလဲ”
“ကဲ .. ထားပါတော့ .. သူကတော့ ရှင်တို့ကို ခေါ်တင်သွားချင်နေပါတယ်၊ ဒါပေမယ့် သူ့ဘာသာ ပြဿနာတစ်ခုဖြစ်နေတယ်ရှင့်”
“ခင်ဗျားနော် .. ခင်ဗျား”
“ဘာလဲ”
“သိပ်မွှေတာပဲ”
ကောင်မလေးက ခပ်ဟဟ ရယ်သည်။ ပြီးမှ ..
“ဒီမှာ .. နားထောင်”
“အင်း ..”
“သူ့ရဲ့ဝက်လိမ္မာလေး ထွက်ပြေးသွားလို့ လိုက်ဖမ်းနေတာ မမိသေးဘူး၊ အဲဒီဝက်လေးကို ဟိုဘက်မြို့က ဆက်ကပ်အဖွဲ့ဆီသွားရောင်းမလို့ ၊ဈေးကောင်းရမှာ ”
“ရတယ်ဗျာ၊ ကျွန်တော်ကူဖမ်းပေးမယ်”
“မဖမ်းခင် အဲဒီဝက်ကို မသေအောင်အရင်ကာကွယ်ရအုံးမယ်”
“ဘာဖြစ်လို့ ..”
“အဲဒီဝက်ကို အလန်ကွာတာမိန်းဆိုတဲ့ မုဆိုးကြီးက ပစ်တော့မလို့”
“ရတယ်ဗျာ .. ဝက်လေးကို ဝပ်ပြီးရှောင်ခိုင်းလိုက်မယ်”
“လွယ်မလားရှင်”
“ဝက်လိမ္မာပဲဟာ”
“မရဘူး၊ အဲဒီဝက်ကို ဝပ်သွားအောင် ရှင်ကလုပ်ပေး”
“ဘယ်လို ..”
“ရှင့်ရှေ့ စားပွဲပေါ်မှာ မီးခြစ်ဆံကလေးတွေနဲ့ ရှင်ဝက်တစ်ကောင်ရဲ့ပုံဖော်လိုက်၊ မီးခြစ်ဆံ ၁၁ချောင်းသုံးရမယ်”
“အင်း ဖော်လိုက်ပြီ .. ရပြီ”



“အင်း .. အဲဒီဝက်လေးကို ဝပ်သွားအောင် ရှင်လုပ်ပေး၊ မီးခြစ်ဆံနှစ်ချောင်းတည်းကို ရွှေ့ရုံနဲ့ ဝပ်သွားအောင်လုပ်ရမယ်”
“ဟေ .. ”
“ဟေ မနေနဲ့၊ မြန်မြန်လုပ်၊ ဟိုမှာ အလန်ကွာတာမိန်းက ပစ်ပြီ”
“ဝပ် .. ”
ကောင်လေးက ထိုသို့အော်ပြီး မီးခြစ်ဆံနှစ်ချောင်းကို ရွှေ့လိုက်သည်။ ဝက်လေး ပြားပြား ဝပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



“ကဲ .. ဘယ်လိုလဲ၊ ကျွန်တော်ကတော့ ဝက်လေးကို ကယ်တင်လိုက်ပြီ၊ ဖမ်းပြီး အဘိုးကြီးဆီပို့လိုက်ပြီ”
“အဖိုးကြီးကိုယ်စား ကျွန်မက ကျေးဇူးတင်ပါတယ်ရှင်”
“ခင်ဗျားက ပါးစပ်နဲ့တင် ကျေးဇူးတင်တာ၊ အဖိုးကြီးက ကျွန်တော်တို့ကိုခေါ်ပြီး သူ့ကားနဲ့တင် .. ဟိုဘက်မြို့ကိုမောင်းပြီ”
“အဆင်ပြေသွားတာပေါ့ရှင်၊ ဝမ်းသာပါတယ်”
“မြို့ပြင်ကိုအဖြတ်မှာ ကားကို ခဏရပ်ခိုင်းရသေးတယ်ဗျ”
“ဘာဖြစ်လို့လဲ”
“ငထွားလေဗျာ၊ ခရီးဆောင်အိတ်ကိုလွယ်ပြီး သူ့ဒေါင်းမကြီးပိုက်ပြီး မတ်တပ်ကြီးရပ်လို့”
“သူက ဘာလုပ်မလို့လဲ”
“ကျွန်တော့်ကိုစောင့်နေတာလေ၊ သူနဲ့ကျွန်တော် အဲဒီနေရာမှာချိန်းထားတာ”
“သူကလည်း ရှင်နဲ့အတူတူ ဒီမြို့ကနေ ထွက်ပြေးမယ်ပေါ့ .. နေပါဦး၊ သူက သတို့သားအဆောင်ထဲက ဘယ်လိုထွက်ပြေးလာတာလဲ”
“အေးဗျ၊ ကျွန်တော်လဲသူ့ကို အဲဒါပဲမေးနေတာ”
“ငထွားက ဘာပြန်ပြောလဲ”
“ကျွန်တော့်မိတ်ဆွေတစ်ယောက်ကြောင့် သူလွတ်လာတာဗျ”
“လုပ်ပြန်ပြီ .. ဘယ်ကရှင့်မိတ်ဆွေလဲ”
“ဟို .. လူပျိုသိုးကြီးလေ”
“ဟင် .. သူက ဘယ်လိုပါလာတာလဲ”
“သူက ကျွန်တော်ပေးထားတဲ့ ကဗျာလေးရွတ်ပြီး ခပ်ငယ်ငယ်ကောင်မလေးတစ်ယောက်နဲ့ အဆင်ပြေစပြုနေပြီဗျ”
“အင်း ..”
“နောက်ထပ်ဘာ ကဗျာတွေရွတ်ပြီး ဘာဆက်လုပ်ရမလဲဆိုတာ ကျွန်တော့်ဆီလာမေးတာ၊ ကျွန်တော်က ပုဏ္ဏားကြီးရဲ့သားမက်လောင်းဆိုပြီးတော့ သူသိထားတယ်လေ”
“အဲဒီတော့ ..”
“အဆောင်ကို သူသွားတော့ ငထွားနဲ့တွေ့မယ်၊ ငထွားက သတို့သားနေရာမှာ သူ့အစား လူပျိုကြီးကို ထားခဲ့တယ်”
“ဟင် .. သူက သဘောတူတာပဲလား”
“အို .. ခင်ဗျားနှယ်၊ သူ့မှာ သဘောကိုကျနေတာပဲတဲ့၊ မျက်နှာကြီးကို ပြုံးလို့တဲ့”
“ဟင် .. ဟိုပုဏ္ဏားမလေးကရော သူ့ကိုယူမှာလား၊ ပုဏ္ဏားကြီးကရော .. သူကိုလက်ခံမှာလား”
“အဲဒါတော့ မသိဘူးလေ၊ သူကတော့ ပြုံးပြုံးကြီးစောင့်နေတာပဲ”
“ဟော တော် ..”
“ကဲ ..အောင်မြင်စွာ ပြီးဆုံးသွားပါပြီ ခင်ဗျား၊ ကျွန်တော်တို့ချစ်သူနှစ်ယောက် တစ်ခြားမြို့ကိုရောက်သွားပြီး လွတ်လပ်သွားပါပြီ၊ ကျွန်တော်ရယ်၊ဗျော့ရယ် .. ငထွားရယ် သူ့ဒေါင်းမကြီးရယ်၊ ကားမောင်းပြီးပြန်သွားတဲ့အဖိုးကြီးကို လက်ပြလို့ .. ပျော်လို့မော်လို့၊ ပြီးပါပြီ ခင်ဗျား”
ကောင်မလေးဘက်မှ သက်ပြင်းချသံကြားလိုက်ရသည်။
“ကျေး .. ဇူး .. ပဲ ..”
ကျေး . . . ဇူး . . . ပဲ . . .
ကျေး . . . . . . ဇူး . . . . . . ပဲ . . . . . တဲ့ .....။

♥ ♥ ♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို"
"ဟင် .. ရှင်ပါလား"
"ဟုတ်တယ်လေ .. ဘာလဲ အံ့သြနေတာလား"
"အင်း .. "
"ဘာ အံ့သြစရာရှိလဲ .. ခင်ဗျားဆီ ကျွန်တော်ဖုန်းဆက်တာ အဆန်းမှ မဟုတ်ဘဲဟာ"
"ဇာတ်လမ်းက ပြီးသွားပြီပဲ"
"ပြောစရာလေး နည်းနည်းပါးပါးများ ကျန်သေးလားလို့"
"ဘာများလဲ .."
"ခင်ဗျားက ကျွန်တော့်ကို ကြိုမှာခဲ့တယ်လေ"
"ဘာလဲ"
"ခင်ဗျားကို တွေ့ဖို့မကြိုးစားရဘူး"
"အင်း .."
"ပြီး .. ခင်ဗျားအိမ်ကိုလည်း မစုံစမ်းရဘူး .. ဆိုတာလေ"
"ဟုတ်တယ်လေ .. ဘာဖြစ်လို့လဲ"
"ကျွန်တော့်ဘက်က ကတိတည်ခဲ့တယ်"
"ဟုတ်လား .."
"ဟုတ်တယ် ၊ ကျွန်တော်စုံစမ်းယူရင် ရနိုင်ပေမယ့် မစုံစမ်းခဲ့ဘူး"
"ကျေးဇူးတင်ပါတယ်"
"ခင်ဗျားတောင်းဆိုချက်ကို ကျွန်တော်က လိုက်လျောတာလေ"
"ဟုတ်ပါပြီ .. ကျေးဇူးတင်ပါတယ်လို့ ပြောနေတယ်"
"အခု .."
ကောင်လေး စကားရပ်သွားသည်။ ကောင်မလေးက စကားထောက်ပေးလိုက်သည်။
"ပြောလေ .. အခု ဘာဖြစ်လို့လဲ"
"အခု .. ခင်ဗျားကို ကျွန်တော်ကပဲ တောင်းဆိုချင်တာတစ်ခုရှိလို့ .."
"ဘာများလဲ .."
ကောင်လေးက စကားမဆက်ပဲ နှုတ်အ,နေပြန်သည်။ ကောင်မလေးက ခပ်တိုးတိုးဖြင့် . . .
"ပြောလေ .. ဘာများလဲ"
"အင်း .. ကျွန်တော့်စိတ်ထဲမှာ ထင့်နေတယ်"
'ဘာကို ထင့်နေတာလဲ"
ကောင်မလေးက နားမလည်သလိုပြန်မေးသည်။
"အင်း .."
"ဟာဟ .. ဘာဖြစ်နေလို့လဲ"
"အရင်နေ့တွေကလို ရင်းရင်းနှီးနှီးမရှိသလိုဘဲ"
"ဟုတ်လား .."
"ဟုတ်တယ်"
"ရင်းရင်းနှီးနှီး မရှိဘဲ ဘယ်လိုဖြစ်နေလို့လဲ"
"ခပ်စိမ်းစိမ်းဖြစ်နေလားလို့"
"ရှင် ထင်လို့ပါ .."
"အင်း .. ကျွန်တော်ထင်တာတွေကလည်း မှန်တတ်တယ်ဗျ"
"ထားပါတော့ .. ရှင်ပြောလက်စ စကားကို ဆက်ပြောလေ"
"ကျွန်တော် ဘာတောင်းဆိုရမှာလဲလို့ မေးတာလား"
"အင်း .."
"ခင်ဗျားက အေးတိအေးစက် တုံ့ပြန်နေတော့ ကျွန်တော်က တောင်းဆိုဖို့ခက်နေတယ်"
"ပြောမှာသာ ပြောပါ"
"ခင်ဗျားတားမြစ်ထားတဲ့ အချက်ကို ကျွန်တော်က ပြန်တောင်းဆိုချင်တယ်"
"ဘယ်လို"
"ခင်ဗျားနဲ့ တွေ့ချင်တယ်"
"သြော် .."
"ခင်ဗျားတို့ အိမ်လည်း လာလည်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်လား”
ကောင်လေးက မရဲတရဲဖြင့် အနောက်အရွတ်စကားဆိုသည်။
“နောက်ပြီး ..”
“ဘာနောက်ပြီးလဲ”
“ခင်ဗျားရဲ့ မိဘတွေကိုလည်း ဗျော့ရဲ့မိဘလို သဘောထားဆက်ဆံချင်တယ်”
“သွားသေလိုက်”
“အလကားပြောတာပါ။ ကျွန်တော်နောက်တာပါ၊ ကျွန်တော် ခင်ဗျားနဲ့ သူငယ်ချင်းဖြစ်ချင်တယ်”
“သြော် ..”
“ဟော့ ..”
“ဟင် ..”
“ဘယ်လိုဖြစ်နေတာလဲ”
“ဘာဖြစ်လို့လဲ”
“လေသံက တစ်မျိုးကြီးပဲ”
“ဘာမှ မဖြစ်ပါဘူး”
“ဒါဖြင့်ပြောပါဦး”
“ဘာကိုလဲ ..”
“ကျွန်တော့်ရဲ့တောင်းဆိုမှုကို လက်ခံလား ဆိုတာလေ”
ကောင်မလေးဘက်က အသံတိတ်သွားသည်။ ဖုန်းခွက်ကို ကိုင်ရင်းကောင်လေး နေမထိထိုင်မသာ ဖြစ်နေလေသည်။
“ဟော့ ..”
“ပြော ..”
“ခင်ဗျားပြောရမှာ .. ပြောပါ .. ဘယ်လိုလဲ”
ကောင်မလေး က ခပ်အက်အက်လေသံဖြင့် တုံ့ပြန်သည်။
“လက်မခံနိုင်ဘူး”
“ဘာ .. ဘာဖြစ်လို့”
ကောင်မလေးက ရယ်သည်။ ရယ်သံက ခြောက်သွေ့ရှတနေသည်။
“ပြောပါဦးဗျာ .. ဘာဖြစ်လို့လဲ”
“အင်း .. ရှင်သိချင်ရင်တော့ ပြောပြမယ်”
“ဟုတ်”
“နည်းနည်းတော့ ရှည်မယ်၊ ရှင်သည်းခံနားထောင်ပေါ့”
“ဟုတ် .. ပြောပါ၊ နားထောင်နေတယ်”
“ကျွန်မက တက္ကသိုလ်ကျောင်းသူတစ်ယောက်ရှင့်”
“အင်း ..”
“မိဘတွေကလည်း ပြည့်ပြည့်စုံစုံရှိတယ်၊ တစ်ဦးတည်းသော သမီးမို့လည်း အရမ်းချစ်ကြတယ်”
“ဟုတ် ..”
“ကျွန်မက ကျောင်းစာလည်းတော်တယ်၊ ကျွန်မကို ချစ်တဲ့သူငယ်ချင်းတွေလည်း အများကြီးပဲ”
“အင်း ..”
“ပျော်ပျော်ရွှင်ရွှင်နဲ့ ကြီးပြင်းခဲ့တယ် ဆိုပါစို့”
“အင်း ..”
“မကြာသေးခင်ကပဲ အမေရိကား ရောက်နေတဲ့ ကျွန်မဆွေမျိုးတွေက အလည်လာဖို့ ခေါ်တယ်”
“ဟုတ်”
“အဲဒီအတွက် နိုင်ငံခြားသွားဖို့ စစ်ဆေးချက် ယူတဲ့အချိန်မှာ ထင်မထားတဲ့ ကိစ္စတစ်ခုပေါ်လာတယ်”
“ဘာများလဲ ..”
“ကျွန်မဘဝတစ်လျှောက်မှာ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းပဲ နေခဲ့တယ်ရှင်”
“ဟုတ်ကဲ့ .. ကျွန်တော်ယုံပါတယ်”
“ဒါပေမယ့် .. ဒီကိစ္စဖြစ်သွားပြီးတဲ့နောက်မှာ”
“ဟုတ် .. ”
“အမေရိကားလည်း ကျွန်မ မသွားဖြစ်တော့ဘူး”
“အင်း ..”
“တက္ကသိုလ်လည်း ဆက်မတက်ဖြစ်တော့ဘူး”

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား .."
"ကျွန်မဆီကိုလည်း ဘယ်သူငယ်ချင်းကမှ လာမတွေ့တော့ဘူး"
"ဟင် .."
"ကျွန်မကလည်း ဘယ်ကိုမှ မထွက်တော့ဘူး"
"ဘာဖြစ်လို့ .."
"အခုဆိုရင် ကျွန်မက အိမ်ရဲ့အပေါ် ထပ်၊ ထောင့်ဆုံးအခန်းမှာ ခုတင်တစ်လုံးနဲ့ လဲလျောင်းနေတယ်၊ ပြတင်းပေါက်က မြင်နေရတဲ့ မြင်ကွင်းတွေကို ငေးကြည့်ပြီး စိတ်တွေ ကြေကြေကွဲကွဲဖြစ်နေရတယ်"
" .............................."
"ရှင့်ကိုတော့ ကျေးဇူးတင်ပါတယ်"
"ဘာဖြစ်လို့ ..."
"ရှင်နဲ့ စကားပြောရတဲ့အချိန်တွေမှာ ကျွန်မ စိတ်ညစ်တာတွေ မေ့သွားတတ်တယ်"
"ကျွန်တော်ဝမ်းသာပါတယ်ဗျာ အဲလိုကြားရတာ"
"ကဲ .. ဒါတွေထားပါတော့ ၊ ကျွန်မ လိုရင်းကိုပြောမယ်"
"ဟုတ် ... ဟုတ်ကဲ့"
"ပြောထားခဲ့ပြီးတဲ့အတိုင်းပါပဲ၊ ရှင်ကျွန်မကို တွေ့ဖို့လည်းမကြိုးစားပါနဲ့၊ ကျွန်မအိမ်ကိုလည်း မစုံစမ်းပါနဲ့"
"ဘာ .. ဘာဖြစ်လို့လဲဟင်"
ကောင်မလေးက နာကျည်းကြေကွဲစွာ တစ်ချက်ရယ်မောရင်း ..
"ကျွန်မဟာ သွေးထဲမှာ **HIV** ပိုးရှိနေတဲ့ မိန်းကလေးတစ်ယောက်ပဲ"
"ဗျာ .."
ကောင်လေးလက်ထဲမှ ဖုန်းခွက် လွတ်ကျမတတ်ဖြစ်သွားသည်။
"ရှင် .. သိပ်အံ့သြသွားလား"
"ကျွန်တော် .."
"ဟား .. ဟား"
ကောင်မလေး ရယ်သံက မချိုလွင်လှချေ။ ကောင်လေးသည်လည်း ကျောက်ရုပ်တစ်ရုပ်ပမာ ဖုန်းခွက်ကိုကိုင်ပြီး ငြိမ်သက်ကျသွားသည်။
"ရှင့်ကို ကျွန်မ ကဗျာတစ်ပုဒ်ရွတ်ပြမယ်၊ ရှင်နားထောင်မလား"
"နား .. နားထောင်မှာပေါ့"
"ရှင်သိပ်ကြိုက်တဲ့ မောင်သိန်းဇော်ရဲ့ ကဗျာပါပဲ"
"ဩော် .. သူငယ်ချင်းရယ်"
"ကဲ ..ရှင်နားထောင်၊ ကျွန်မ စ,ရွတ်တော့မယ်"
ကောင်မလေးရဲ့ ကဗျာသံက ဖုန်းခွက်ထဲမှာ တိုးညှင်းဆို့အက်စွာ ထွက်ပေါ်လာနေသည်။

မျက်မြင်သက်သေ မရှိတဲ့အတွက်
ပင်လယ်က လှိုင်းကို ငြိမ်းလိုက်ပြီ။

ဒီထက်ပိုဝေးလည်း
ဒီထက်ပိုမဝေးတော့ ပါဘူး။

ဆူးပွြမ်းအတွေးတွေ
ဆွေးမြေ့မှုကိုသာ ဆန့်ထုတ်လို့
ငါကိုယ်တိုင်လည်း
ငါ့အသံထဲ
လွမ်းလွင့်မျောပါနေချိန်ပေါ့

ဒီထက်ပိုဝေးလည်း
ဒီထက်ပိုမဝေးတော့ ပါဘူး။

မိုင်ထောင်သောင်းဝေးလံအရပ်က
ရေနံတွင်း၊ ရွှေနဲ့စိန်ထွက်ရာ မြေကြီးတွေ ...

www.burmeseclassic.com

ငါ့သီချင်းကို စုတ်ယူကြ
အဲဒီရန့်တွေ
လှိုင်းလို တလိပ်လိပ်တက်လာ ..
အဲဒီရန့်တွေ
ငါ .. ရိုက်ခွဲပစ်လိုက်တယ်။

ဒီထက်ပိုဝေးလည်း
ဒီထက်ပိုမဝေးတော့ ပါဘူး။

နှင်းဆီကို ချစ်တတ်အောင် သင်ကြားဖို့
စောင်းတွေက
ဆူးကို ကြိုးညှိပေးခဲ့ရတာပေါ့
တစ်ညနေခင်းလုံး
ငါ့ဆီမှိုင်ငေးနေတဲ့တိမ်တွေ
အလွမ်းက ကျွတ်လွတ်ဖို့
မြူဆွယ်အားကောင်းကောင်း
ကံတရား လှပတာ လိုချင်ရဲ့ ... ။

ဒီထက်ပိုဝေးလည်း
ဒီထက်ပိုမဝေးတော့ ပါဘူး။

ကိုယ့်အရိပ်ကိုယ်တောင် မရိပ်မိနိုင်တော့တဲ့
နှင်းနဲ့ လောင်ကျွမ်းနေသူ
ဆောင်းလေ ....
ငါ့ ... ကို ... ရှာ .. ဖွေ .. ဆဲ ... ။

**တာရာမင်းဝေ**
**၁၂ . ၁ . ၁၉၉၉**

www.burmeseclassic.com